ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်၊ စနေနေ့၊ (1-8-2015) (၈၂၇၉)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆွစ်ဇာလန်နိုင်ငံသမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၁**

၂၀၁၅ ခုနှစ် ဩဂုတ် ၁ ရက်တွင် ကျရောက်သည့် ဆွစ်ဇာလန်နိုင်ငံထူထောင်သည့်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဆွစ်ဇာလန်နိုင်ငံ သမ္မတ မဒမ်ဆီမွန်နတ်တာ ဆိုမာရူဂါ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ဒေသအလိုက်မိုးကြိုးနိုင်

စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ယနေ့ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ဒေသအလိုက် မိုးကြိုးနိုင်သည်။

ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

# သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**

**(ကြေညာချက်အမှတ် ၁/၂၀၁၅)**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၅ ရက်
(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်)

၁။ မြန်မာနိုင်ငံတစ်ဝန်းလုံး ဇွန်၊ ဇူလိုင်လများအတွင်း မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများ၊ မြေပြိုမှုများ စသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ် လျက်ရှိပါသည်။

၂။ ယင်းသဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးမှု ပမာဏကြီးမားပြီး မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရေးဆောင်ရွက်ရာတွင် အခက်အခဲရှိမည့် အောက်ပါဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ(၁၁)အရ သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများအဖြစ် ကြေညာလိုက်သည်-

(က) ချင်းပြည်နယ်
(ခ) စစ်ကိုင်းတိုင်းဒေသကြီး
(ဂ) မကွေးတိုင်းဒေသကြီး
(ဃ) ရခိုင်ပြည်နယ်

**(ပုံ)သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ရေကြီးနစ်မြုပ်နေသည့် ကလေးခရိုင်အတွင်းရှိဒေသများသို့ နိုင်ငံတော်မှ အရေးပေါ်သုံးကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိ

**မုံရွာ ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်သာမြစ်နှင့် နေရဥ္စရာမြစ်ရေ မြင့်တက်လာပြီး ဇူလိုင် ၃၁ ရက် ညနေအချိန်အထိ မြို့ပေါ် ရပ်ကွက် ခုနစ်ခုနှင့် ကျေးရွာ ၂၅ ရွာသို့ ရေများဝင်ရောက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ကလေးခရိုင်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရာဇဂြိုဟ်ဆည်သည် ယနေ့ ညနေ ၃ နာရီခွဲအချိန်တွင် လက်ရှိရေအမှတ် ၆၅၃ ဒသမ ၂ ပေကို ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်မှာ ၆၅၅ ပေဖြစ်သဖြင့် ဆည်၏ ရေပိုလွှဲမှရေများလျှော့ချထုတ်လွှတ်လျက်ရှိကြောင်းနှင့် ညနေ ၆ နာရီခန့်တွင် ဆည်ရေ ၂ ပေ ခန့်ကျသွားပြီဖြစ်ကြောင်း သိရသည်။

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ကလေးမြို့နယ်အတွင်းရှိ နတ်တံတား (သံကူကွန်ကရစ်)၊ ဇီးချောင်းတံတား (သံတံတား)၊ ဆည်ကြီးတံတား(သံတံတား)၊ အောင်မြင်သာ တံတား (သစ်သားတံတား)၊ နတ်မြောင်းချောင်းတံတားတို့မှာ ရေတိုက်စားပြီး ပျက်စီးမှုဖြစ်ပေါ်ခဲ့သည်။

သို့ဖြစ်ရာ ကလေးခရိုင်အတွင်း ရေဘေးသင့်ဒေသများသို့ နိုင်ငံတော်

**စာမျက်နှာ ၁၀ ကော်လံ ၆ သို့**



# အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီမှ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးကိစ္စရပ်များ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၃၁**

နိုင်ငံတော်သမ္မတရုံးမှ ကြေညာချက်အမှတ် ၁/၂၀၁၅ ဖြင့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ(၁၁)အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ၂၀၁၅ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပါသည်။

အလားတူ ရေကြီးရေလျှံမှုများနှင့် သဘာဝဘေးကျရောက်နေသော ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ဒေသများတွင်လည်း အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီမှဦးဆောင်၍ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းစဉ်များဖြစ်သော ကယ်ဆယ်ရေး၊ ထောက်ပံ့ရေးနှင့် ပြန်လည်နေရာချထားရေးကိစ္စရပ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် တွေ့ဆုံခြင်း

## သဘာဝဘေးအန္တရာယ်ကျရောက်ပါက ကူညီထောက်ပံ့ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနေပါတယ်

**ယခုနှစ် ဇွန်နှင့် ဇူလိုင်လတို့အတွင်း မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တို့တွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ရသည်။**

ထို့ပြင် ကိုမန်အမည်ရှိ မုန်တိုင်းငယ်တစ်ခုသည် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ဘက်တွင် ဖြစ်ပေါ်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကို ဖြတ်သန်းဝင်ရောက်နေသည်။ ထိုမုန်တိုင်း၏အရှိန်ကြောင့် ရခိုင်ပြည်နယ် စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောဒေသများတွင်လည်း ဘေးအန္တရာယ်ဖြစ်ပေါ်လျက်ရှိသည်။ ထို့ကြောင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၏ ရည်ရွယ်ချက်အရ ဘေးသင့်သူများအား ပိုမိုကောင်းမွန်သည့် လူနေမှုဘဝ ရရှိစေရေးအတွက် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ပေသည်။

လက်ရှိဖြစ်ပေါ်နေသည့် သဘာဝဘေးများနှင့်ပတ်သက်၍ ကူညီထောက်ပံ့နေမှုအခြေအနေများကို **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးစိုးအောင်အား ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။**

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❖

## မိုးရွာသွန်းမှုများ

| | | |
|---|---|---|
| ဘီးလင်း | ၉ ဒသမ ၁၀ | လက်မ |
| မောင်တော | ၈ ဒသမ ၈၁ | လက်မ |
| ကျောက်တော် | ၈ ဒသမ ၃၉ | လက်မ |
| အမ်း | ၈ ဒသမ ၀၃ | လက်မ |
| ဟားခါး | ၇ ဒသမ ၁၃ | လက်မ |
| စစ်တွေ | ၆ ဒသမ ၄၉ | လက်မ |
| ကျောက်ဖြူ | ၆ ဒသမ ၁၈ | လက်မ |
| ရွှေကျင် | ၅ ဒသမ ၅၁ | လက်မ |
| မဒေါက် | ၄ ဒသမ ၇၂ | လက်မ |



ကြေးမုံစာတည်းရှုထောင့် ၁-၈-၂၀၁၅၊ စနေနေ့

# သဘာဝဘေးဒဏ်ခံရသူများကို ကူညီ

ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးအဆက်မပြတ်ရွာသွန်းနေသောကြောင့် ရေကြီးရေလျှံမှုများ၊ ရေနစ်မြုပ်မှုများ နေရာအလိုက်ဖြစ်ပွားနေသည်။ ထိုသို့ဖြစ်ပွားသောကြောင့် ဒေသခံပြည်သူများ ရေဘေးဒုက္ခကြုံတွေ့နေရသည်။ ယင်းဖြစ်စဉ်သည် ရာသီဥတုဖောက်ပြန်မှုကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး မြန်မာတစ်နိုင်ငံတည်းသာမဟုတ် အခြားနိုင်ငံများတွင်လည်း ဖြစ်ပွားနေသည်။

မြန်မာနိုင်ငံအနေဖြင့် ရေဘေးဒုက္ခများကို နှစ်စဉ်ကြုံတွေ့ခဲ့ရသော်လည်း ယခုနှစ်ဖြစ်စဉ်များမှာ ယခင်နှစ်များနှင့်မတူ တမူထူးစွာကြုံတွေ့နေရသည်။ ထိုသို့ကြုံတွေ့နေစဉ် ဘူးလေရာဖရုံဆင့်ဆိုသကဲ့သို့ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်းငယ်အရှိန်ကြောင့် ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်ရှိ အချို့ဒေသများတွင် ရေဘေးဒုက္ခများကို ဆိုးဆိုးရွားရွားကြုံတွေ့ခံစားလိုက်ရသည်။

ဇူလိုင် ၁၆ ရက်မှ ယနေ့ထက်တိုင် အဆက်မပြတ်ရွာသွန်းနေသော မိုးရေအရှိန်သည် ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်းရှိ အချို့မြို့ရွာများတွင် ကားလမ်း၊ ရထားလမ်း၊ တံတား၊ စိုက်ခင်းများနှင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးမှုရှိခဲ့သည်။ အချို့နေရာများတွင် လူနှင့်တိရစ္ဆာန်များပင် အသက်ဆုံးရှုံးခဲ့ရသည်။ ယင်းအဖြစ်ဆိုးမှာ ရေဘေးဒုက္ခကြုံတွေ့နေရသူများသာမက ပြည်သူအားလုံးအတွက် စိတ်မကောင်းစရာပင်ဖြစ်သည်။

မြို့ရွာများမှပြည်သူအချို့ သဘာဝဘေးကိုကြုံတွေ့ရသည့် ဒုက္ခမှာ မည်မျှကြီးမားသည်ကို ၎င်းပြည်သူများသာ အသိဆုံးဖြစ်မည်။ ရေဘေးဒုက္ခမကြုံတွေ့ရသော ပြည်သူများအဖို့ ဗိုလ်နေမြဲ၊ ကျားနေမြဲ သက်သောင့်သက်သာ သွားလာမပျက်နေထိုင်ကြလိမ့်မည်။ သို့သော် မြန်မာတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာအရ ကိုယ်ချင်းစာတရားရှိကြလိမ့်မည်။ လူသားချင်းစာနာထောက်ထားမှုရှိကြလိမ့်မည်။ ဝိုင်းဝန်းကူညီကယ်ဆယ်စောင့်ရှောက်ပေးနေကြသူများလည်းရှိသည်။

သဘာဝဘေးဒုက္ခများကြုံတွေ့လာရပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ဦးစွာကူညီကယ်ဆယ်စောင့်ရှောက်ပေးရမည်မှာ အမှန်ဖြစ်သည်။ ဖြစ်ပွားလျှင်ဖြစ်ပွားချင်း ကြိုတင်စီမံထားရှိသည့် အစီအမံများနှင့်အညီ လိုအပ်သောအထောက်အပံ့ပစ္စည်းများနှင့် အဖွဲ့အစည်းအားလုံးက ဖြစ်ပွားရာဒေသသို့ ချက်ချင်း အလျင်အမြန်သွားရောက်ကာ ကူညီကယ်ဆယ်စောင့်ရှောက်ပေးရမည့် တာဝန်ရှိသည်။

သို့ရာတွင် ကျယ်ဝန်းများပြားသော ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း မလုံလောက်ချေ။ ရေဘေးမကြုံတွေ့ရသည့်၊ တတ်နိုင်သည့်အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များကလည်း ဝိုင်းဝန်းပါဝင်ကူညီစောင့်ရှောက်ကြရမည်ဖြစ်သည်။ လက်ရှိတွင် သဘာဝဘေးကြုံတွေ့ရာ၌ တပ်မတော်၊ ရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ မီးသတ်၊ လူမှုရေးအသင်းအဖွဲ့များက အားတက်သရော ကူညီကယ်ဆယ်စောင့်ရှောက်ပေးနေသည်ကို တွေ့ရသည်။

သဘာဝဘေးကျရောက်ချိန်တွင် လတ်တလောဆောင်ရွက်ရမည့်အပိုင်းနှင့် အချိန်ယူဆောင်ရွက်ပေးရမည့်အပိုင်းဟူ၍ရှိသည်။ ထိုအပိုင်းနှစ်ခုလုံးကို သက်ဆိုင်ရာအဖွဲ့အစည်းများက ဦးဆောင်ဦးရွက်ပြုပြီး ရှေ့တန်းမှ ပါဝင်ဆောင်ရွက်သင့်သည်။ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်များ၏ လတ်တလောကူညီကယ်ဆယ်စောင့်ရှောက်မှုတွင် ပါဝင်ကူညီပေးရမည်။ လတ်တလောတွင် အစားအသောက်၊ အဝတ်အထည်နှင့် ဆေးဝါး ကူညီထောက်ပံ့ပေးနိုင်မှုသည် အရေးကြီးသည်။

သဘာဝဘေးပြီးဆုံးသွားချိန်တွင် ပျက်စီးဆုံးရှုံးသွားသော လယ်ယာမြေများ၌ ဒေသခံများလယ်ယာပြန်လည်စိုက်ပျိုးနိုင်အောင် စိုက်မျိုးများပြန်လည်ရှာဖွေပေးခြင်း၊ ရေကျချိန်၌ချက်ချင်းစိုက်ပျိုးနိုင်အောင် ထွန်ယက်ပေးခြင်း၊ ပျက်စီးဆုံးရှုံးသွားသောနေအိမ်၊ စာသင်ကျောင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်မီးရရှိရေးတို့ကို အမြန်ဆုံးပြန်လည်ဖြည့်ဆည်းပေးနိုင်ရန် ဆောင်ရွက်ပေးရမည်မှာ သက်ဆိုင်ရာအဖွဲ့အစည်းများ၏ လုပ်ဆောင်ရမည့်လုပ်ငန်းများဖြစ်သည်။

သို့ဖြစ်ရာ သဘာဝဘေးကြုံတွေ့ရသည့် ပြည်သူများအား လူသားချင်းစာနာထောက်ထားမှုစိတ်ဓာတ် အပြည့်အဝဖြင့် အတတ်နိုင်ဆုံးနှင့်အမြန်ဆုံးဖြည့်ဆည်းပေးကြရန် အသိပေးနှိုးဆော်လိုက်ပါသည်။ ။

## မင်းတုန်းမင်းတရားကြီးအားရည်စူး၍ ဆွမ်းကပ်လှူဒါန်းခြင်းနှင့် ဆွေတော်မျိုးတော် သက်ကြီးပူဇော်ပွဲကျင်းပမည်

**မန္တလေး ဇူလိုင် ၃၁**

မြန်မာသက္ကရာဇ် ၁၂၄၀ သီတင်းကျွတ်လဆန်း ၆ ရက်တွင် နတ်ရွာစံတော်မူသော ဘဝရှင်မင်းတုန်းမင်းတရားကြီးအား ရည်မှန်းကာ မတကဘတ်ဆွမ်းအလှူအဖြစ် ၁၃၇၇ ခုနှစ် သီတင်းကျွတ်လဆန်း ၆ ရက်(၂၀၁၅ခုနှစ် အောက်တိုဘာ ၁၉ ရက်)တွင် မင်းတုန်းမင်းတရားကြီး ကုသိုလ်တော်ဖြစ်သော မန္တလေးမြို့ မန္တလေးတောင်ခြေရှိ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီးတွင် ဆွေတော်မျိုးတော်များ ဖြစ်ကြသော ကုန်းဘောင်မောင်နှမတစ်စုက ဦးဆောင်ကာ ဆွမ်းဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ယခင်က မင်းတုန်းမင်းတရားကြီးမှ ဆင်းသက်လာသော ဆွေတော်မျိုးတော်အပေါင်းက ဦးဆောင်ဦးရွက်ပြုကာ မင်းတုန်းမင်းတရားကြီး နတ်ရွာစံသော နေ့ရက်သို့ရောက်တိုင်း မတကဘတ်ဆွမ်းအဖြစ် လှူဒါန်းလေ့ရှိကြောင်း၊ ပျဉ်းမနားမင်းသားကြီး၊ ထရံဂံထိပ်ခေါင်တင် မင်းသမီးကြီးတို့ ဇနီးမောင်နှံက ဦးဆောင်သမှုပြုကာ မိုးဗြဲစစ်ကဲကြီးနှင့်အတူ ဆွေတော်မျိုးတော်အပေါင်းတို့ ရွှေနန်းတော်ကျောင်းတော်ကြီး (ရွှေကျောင်းကြီး)တွင်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း၊ မင်းသားကြီးနှင့် မင်းသမီးကြီးတို့ နတ်ရွာစံပြီးနောက်ပိုင်းတွင် ငွေရေးကြေးရေး အခက်အခဲများကြောင့် ဆွမ်းဆက်ကပ်လှူဒါန်းခြင်း မပြုနိုင်ခဲ့သည်မှာ ကြာပြီဖြစ်ကြောင်း ပျဉ်းမနားထိပ်တင်နှင်းက ပြောသည်။ ယခုအခါ ကုန်းဘောင်မောင်နှမတစ်စု၏ ကြိုးပမ်းမှုဖြင့် မင်းတုန်းမင်းတရားကြီးအတွက် မတကဘတ်ဆွမ်း ပြန်လည်ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

ထို့အပြင် ဆွမ်းဆက်ကပ်လှူဒါန်းပွဲတွင် မြန်မာတစ်နိုင်ငံလုံးရှိ မင်းတုန်းမင်းတရားကြီး၏ သက်ရှိထင်ရှားကျန်ရှိသော မြစ်တော် ၂၂ ပါး၊ အသက် ၇၅ နှစ်အထက် တီတော် ခုနစ်ပါး တို့အား မျိုးဆက်သစ်ဆွေတော်မျိုးတော်များက သက်ကြီးပူဇော်ကန်တော့ပွဲကိုပါ ကျင်းပသွားမည်ဖြစ်ကြောင်း ပျဉ်းမနားထိပ်တင်ငြိမ်းငြိမ်းက ပြောသည်။ "ဆွေတော်မျိုးတော်များအနေနဲ့ မိမိဆန္ဒအရ ကုသိုလ်တော်ပါဝင်လိုပါက ပါဝင်နိုင်ပါတယ်။ နည်းသည်များသည် မဟုတ်ပါဘူး။ ပါဝင်လှူဒါန်းလို့ ရပါတယ်။ ပြင်ပအလှူရှင်များအနေနဲ့တော့ ငွေကြေးအရှုပ်အရှင်းတွေ ဖြစ်မှာစိုးလို့ အခမ်းအနားကျင်းပတဲ့နေ့မှာ ကိုယ်တိုင်တက်ရောက်ပြီး ပါဝင်လှူဒါန်းလိုရင် လှူဒါန်းနိုင်ပါတယ်။ ဆွေတော်မျိုးတော် သက်ကြီးပူဇော်ပွဲကတော့ ယမန်နှစ်ကစပြီး တစ်အိမ်တက်ဆင်း ကန်တော့ခဲ့တာပါ။ ဒီနှစ်တော့ တစ်နေရာထဲ စုစုစည်းစည်းကျင်းပသွားမှာပါ"ဟု ရန်ကုန်မြို့မှ ထိပ်တင်အောင်က ပြောသည်။

အဆိုပါ ဆွမ်းဆက်ကပ်လှူဒါန်းပွဲတွင် မြန်မာတစ်နိုင်ငံလုံးရှိ မင်းတုန်းမင်းတရားကြီးနှင့် အိမ်ရှေ့စံ ကနောင်မင်းသားကြီးတို့၏ သက်ရှိထင်ရှားကျန်ရှိသောမြစ်တော် ၂၂ ပါး၊ အသက် ၇၅ နှစ်အထက်တီတော် ခုနစ်ပါးတို့အား မျိုးဆက်သစ်ဆွေတော်မျိုးတော်များက သက်ကြီးပူဇော်ကန်တော့ပွဲကိုပါ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ပါဝင်လှူဒါန်းလိုပါက ထိပ်တင်နှင်း ၀၉-၄၀၂၅၈၅၃၅၈၊ ထိပ်တင်ငြိမ်းငြိမ်း ၀၉-၃၀၁၂၀၃၂၄၊ တော်မိုးမိုး ၀၉-၇၉၇၁၈၆၀၂၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။

မတကဘတ်ဆွမ်းလှူဒါန်းခြင်းဆိုသည်မှာ ကွယ်လွန်ပြီးသူအတွက် ရည်စူးကာ လှူဒါန်းသည့် ဆွမ်းဖြစ်ကြောင်း သိရသည်။ **(၀၀၂)**



## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။

## ခရီးသွားပြည်သူများအား ကောလင်းဘူတာမှ ကန့်ဘလူ ဘူတာသို့ RTC ယာဉ်များဖြင့် ပြေးဆွဲပေးလျက်ရှိ

**ကောလင်း ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇူလိုင် ၁၆ ရက်မှစတင်ကာ မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးနစ်မြုပ်ပြီး ရေတိုက်စားမှုကြောင့် ကောလင်း-ကန့်ဘလူလမ်းပိုင်း



ကန်ကြီးနှင့် ဇော်ချောင်းကြား သံတံတားရေတိုက်စားပျက်စီးသွားသဖြင့် ကောလင်း-ကန့်ဘလူလမ်းပိုင်း ရထားများမပြေးဆွဲနိုင်ခြင်းကြောင့် ဒေသအသီးသီးမှ ခရီးသွားပြည်သူများအား ဇူလိုင် ၂၉ ရက်မှစ၍ ကောလင်း-မြစ်ကြီးနားလမ်းပိုင်းမှ အစုန်-အဆန်ရထားများ ပြန်လည်ပြေးဆွဲလျက်ရှိပြီး ကောလင်းဘူတာနှင့် ကန့်ဘလူဘူတာသို့ သွားလာမှုအဆင်ပြေအောင် RTC မော်တော်ယာဉ်ငါးစီးကို စီစဉ်ပေးလျက်ရှိပြီး ယာဉ်စီးခအဖြစ် ခရီးသည်တစ်ဦးကို ငွေကျပ် ၁၀၀၀ ဖြင့် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှုစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

# ဓမ္မစကြာအခါတော်နေ့တွင် ရန်ကုန်မြို့ရှိ ဘုရားပုထိုး၊ စေတီများ၌ ဘုရားဖူးပြည်သူများဖြင့်စည်ကား

**ရန်ကုန် ဇူလိုင် ၃၁**

ယနေ့သည် ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလပြည့် (ဓမ္မစကြာအခါတော်နေ့)ဖြစ်သည်။ ဗုဒ္ဓမြတ်ဘုရားရှင်သည် ဝါဆိုလပြည့် ညဉ့်ဦးယံတွင် ပဥ္စဝဂ္ဂီ ငါးဦးတို့အား ဓမ္မစကြာတရားတော်ကို စတင်ဟောကြားတော်မူသည့်နေ့ဖြစ်သည့် အားလျော်စွာ ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ ထူးမြတ်သည့် အခါတော်နေ့ဖြစ်သည်။ သို့ဖြစ်ရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ဘုရားပုထိုးစေတီများ၌ ဘုရားဖူးပြည်သူများ၊ ဥပုသ်သီတင်း သီလဆောက်တည်ကြသူများနှင့် ကုသိုလ်ကောင်းမှုပြုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ရန်ကုန်မြို့၏ တန်ခိုးကြီးဘုရားစေတီတစ်ဆူဖြစ်သည့် ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ယနေ့နံနက် ၅ နာရီမှစတင်ကာ ဝါဆိုလပြည့်နေ့ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ရှေးဦးစွာ ဂေါပကအဖွဲ့ဝင်များ၊ ဝတ်အသင်းသူအသင်းသားများနှင့် ဘုရားဖူးလာဧည့်ပရိသတ်များက ရင်ပြင်တော်တောင်ဘက် ဧည့်ခံတန်ဆောင်း၌ ဆွမ်းတော်ကြီးတင်လှူပူဇော်ပြီး ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဓမ္မစကြာအခါတော်နေ့အခမ်းအနားကို ကျင်းပသည်။

ထို့နောက် ဝါဆိုရွှေကြာသင်္ကန်း လှည့်လည်ပူဇော်ပွဲကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရပ်မှ ရင်ပြင်တော်တစ်ပတ်လှည့်လည်ပူဇော်ပြီး စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဝါဆိုရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြကာ ဗဟန်းမြို့နယ် ခြောက်ထပ်ကြီး



ဒုတိယဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့တွင် ရွှေတိဂုံစေတီတော်ရင်ပြင်တော်ပေါ်၌ ဘုရားဖူးပြည်သူများ ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိစဉ်။ ခင်မောင်ဝင်း(ကြေးမုံ)

သီဟိုဠ်ဦးကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဇမဟာရဋ္ဌဂုရု အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တနန္ဒောဘာသထံမှ ကိုးပါးသီလ ခံယူဆောက် တည်ကြသည်။

ယင်းနောက် ပရိတ်တရားတော်များနာယူပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြကာ မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ ဒွိပိဋကကောဝိဒ ဘဒ္ဒန္တဇာဂရာ ဘိဝံသထံမှ ရေစက်ချတရားနာယူကြသည်။ အခမ်းအနားအပြီးတွင် ရွှေတိဂုံစေတီတော် ဝတ်အသင်းအဖွဲ့များက ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ တန်ဆောင်းများ၌ ဓမ္မစကြာတရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

ထို့အတူ သီရိမင်္ဂလာကမ္ဘာအေးစေတီ၌ ယနေ့ နံနက် ၅ နာရီခွဲမှစတင်ကာ အရုဏ်ဆွမ်းနှင့် ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြကာ မွန်းလွဲ ၁ နာရီတွင် အာရုံခံတန်ဆောင်း၌ ဝတ်အသင်း ၂၀ သင်းမှ အသင်းသားအသင်းသူများက ဓမ္မစကြာတရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။

မရမ်းကုန်းမြို့နယ် မင်းဓမ္မကုန်းမြေရှိ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ် စေတီတော်(ရန်ကုန်)တွင်လည်း (၁၈)ကြိမ်မြောက် ဓမ္မစကြာအခါတော်နေ့နှင့် (၉)ကြိမ်မြောက် ဝါဆိုရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲအခမ်းအနားကို ကျင်းပသည်။

အလားတူ ရန်ကုန်မြို့ရှိ ဗိုလ်တထောင်စေတီ၊ လောကချမ်းသာ အဘယလာဘမုနိ ကျောက်တော်ကြီးဘုရား၊ ဆူးလေစေတီ၊ ရွှေဘုန်းပွင့်စေတီ၊ မဟာဝိဇယစေတီ၊ ကိုးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ငါးထပ်ကြီးဘုရား၊ မယ်လမုစေတီ၊ ကျိုက္ကလို့ ကျိုက္ကလဲ့စေတီနှင့် မြို့နယ်အသီးသီးရှိ ဘုရား စေတီများ၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားများကို ကျင်းပကြသည်။

ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် ဓမ္မစကြာအခါတော်နေ့တွင် ဘုရားစေတီများသို့ လာရောက်ကြသည့် ဘုရားဖူးဧည့်သည်များအား အလှူရှင်များက အချိုရည်များ တိုက်ကျွေးခြင်း၊ စတုဒိသာများ ကျွေးမွေးခြင်းများဖြင့် အလှူဒါနပြုလုပ်ကြပြီး မြို့နယ်/ရပ်ကွက်အသီးသီးရှိ ဓမ္မာရုံများ၌လည်း ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ ဝါဆိုသင်္ကန်းများကပ်လှူခြင်းနှင့် အလှူအတန်းပြုသူများဖြင့် စည်ကားလျက်ရှိသည်။ **(သတင်းစဉ်)**

## ဟသ်ာတ၊ ကလေးဝ၊ ဘားအံ၊ မဒေါက်နှင့် ငါးသိုင်းချောင်းမြို့များ စိုးရိမ်ရေမှတ်ကျော်

**နေပြည်တော် ဇူလိုင် ၃၁**

ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် ဇူလိုင် ၃၁ ရက် နံနက် ၀၀း၃၀ နာရီမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၁၀ စင်တီမီတာ (ပေဝက်ခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ဇူလိုင် ၂၉ ရက် နံနက် ၂ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၁၄၃ စင်တီမီတာ(လေးပေခွဲခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ၉၂ စင်တီမီတာ (သုံးပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ဇူလိုင် ၂၇ ရက် ညနေ ၆ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၁၁၅ စင်တီမီတာ(လေးပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ဇူလိုင် ၂၇ ရက် ညနေ ၄ နာရီခွဲမှစ၍ စိုးရိမ်ရေမှတ်သို့ရောက်ရှိခဲ့ပြီး ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ၅၇ စင်တီမီတာ(နှစ်ပေခန့်)ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။ **(ကြေးမုံ)**

## မုန်တိုင်းငယ်အားပျော့သွားမည်

**နေပြည်တော် ဇူလိုင် ၃၁**

**အားကောင်းသောမုန်တိုင်းငယ်အခြေအနေ**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံပေါ်တွင် ဖြစ်ပေါ်နေသည့် အားကောင်းသော မုန်တိုင်းငယ်သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက်ရှိပြီး ယနေ့မွန်းလွဲမှ နောက် ၁၂ နာရီအတွင်း တဖြည်းဖြည်း အားပျော့သွားမည်ဖြစ်သည်။

မုန်တိုင်းအကြွင်းအကျန်တိမ်တိုက်များကြောင့် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေသည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**(ကြေးမုံ)**

## ပခုက္ကူ၊ မကွေး၊ မင်းဘူး၊ အောင်လံ၊ ပြည်၊ မော်လိုက်နှင့် စစ်ကိုင်းမြို့များ စိုးရိမ်ရေမှတ်ရောက်ရှိနေ

**နေပြည်တော် ဇူလိုင် ၃၁**

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် စင်တီမီတာ ၆၀ (နှစ်ပေခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မကွေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁၂၆ စင်တီမီတာ(လေးပေခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၈၇ စင်တီမီတာ (သုံးပေခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် အောင်လံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၇၈ စင်တီမီတာ (နှစ်ပေခွဲခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပြည်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၄၇ စင်တီမီတာ (တစ်ပေခွဲခန့်) တွင်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၄၃ စင်တီမီတာ (တစ်ပေခွဲခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ကျော်လွန်ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အောက် ၇၁ စင်တီမီတာ (နှစ်ပေခွဲခန့်)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**(ကြေးမုံ)**

## ရာဇဂြိုဟ်ရေလှောင်တမံနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

**နေပြည်တော် ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့အနီးတွင် တည်ရှိသော ရာဇဂြိုဟ်ရေလှောင်တမံသည် တမံအမြင့် RL ၆၆၀ ပေရှိ၍ ရေပိုလွှဲထိပ်အမြင့်ပေ ၆၄၀ ဖြစ်ပြီး ရေလွှတ်အမြင့်ပေ ၂၀ ရှိပါသည်။

ယနေ့နံနက် ၆ နာရီ တိုင်းထွာချက်အရ ရေအမှတ် ၆၅၂ ဒသမ ၂ ပေရှိ၍ ရေပိုလွှဲမှ ၁၂ ဒသမ ၂ ပေ ရေကျော်လျက်ရှိသော်လည်း တမံထိပ်သို့ ရောက်ရှိရန် ၆ ဒသမ ၈ ပေ လိုအပ်ပါသည်။ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေအမှတ် သုည ဒသမ ၃ ပေ စတင်ကျဆင်းလျက်ရှိကြောင်း ရေလှောင်တမံ၏ ခိုင်ခံ့မှုနှင့်ပတ်သက်၍ စိုးရိမ်ဖွယ်ရာ လုံးဝမရှိပါကြောင်း ပြည်သူများသို့ အသိပေးအပ်ပါသည်။

**ဆည်မြောင်းဦးစီးဌာန**

# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မဟာဗောဓိစေတီတော်အား ဖူးမြော်ကြည်ညို

**နေပြည်တော် ဇူလိုင် ၃၁**

အိန္ဒိယသမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ဇူလိုင် ၃၀ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် နယူးဒေလီမှ အိန္ဒိယတပ်မတော်အထူးလေယာဉ်ဖြင့် ထွက်ခွာပြီး Agra မြို့ လေဆိပ်သို့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြရာ အိန္ဒိယလေတပ်မှ Air Commander S Srinivaran နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့်ထွက်ခွာပြီး တပ်ဂျ်မဟာသို့ ရောက်ရှိလေ့လာကြသည်။

တပ်ဂျ်မဟာအဆောက်အအုံသည် Mughal Empoeror Shah Jahan လက်ထက်တွင် ၎င်း၏ ကွယ်လွန်သွားသော ဇနီးဖြစ်သူ Murotaz Mahar အား လွမ်းဆွတ်သတိရသောအားဖြင့် ယမုံနာမြစ်ကမ်းတွင် တည်ဆောက်ထားသော အထိမ်းအမှတ် ဂူဗိမာန်တစ်ခုဖြစ်ပြီး အလွန်လက်ရာမြောက်သော Indo-Islamic ဗိသုကာလက်ရာဖြင့် တည်ဆောက်ထားသည့် အဆောက်အအုံတစ်ခုအဖြစ် ကမ္ဘာတွင် ထင်ရှားကျော်ကြားသည်။ တပ်ဂျ်မဟာကို ၁၆၃၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၆၄၈ ခုနှစ်တွင် ပြီးစီးခဲ့သည်။ စကျင်ကျောက် (Marble) များဖြင့် တည်ဆောက်ထားပြီး ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် အထူးထင်ရှားသော သမိုင်းဝင်နေရာတစ်ခုဖြစ်သည်။

ထို့နောက် လေကြောင်းချီတပ်မဟာ Para Independence Brigade သို့ သွားရောက်လေ့လာရာ Para Independence Brigade ၏ သမိုင်းကြောင်းဖွဲ့စည်းပုံနှင့် စွမ်းဆောင်နိုင်မှုများကို တာဝန်ရှိသူတစ်ဦးက Power Point ဖြင့် ရှင်းလင်းတင်ပြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်မေးမြန်းပြီး အထိမ်းအမှတ်တံဆိပ်များ အပြန်အလှန်လဲလှယ်ကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် အိန္ဒိယလေတပ် 4WG Officers Mess တွင် Central Command မှ Air Marshal K S Gill AVSM , YSM , VM က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

၎င်းနောက် Agra လေတပ်စခန်းသို့ ရောက်ရှိပြီး ဝေဟင်ဆီဖြည့်လေယာဉ် IL-78 နှင့် AWACS လေယာဉ်တို့အား ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အိန္ဒိယတပ်မတော်လေယာဉ်ဖြင့် Agra မြို့ လေဆိပ်မှတစ်ဆင့် ဗုဒ္ဓဂယာသို့ထွက်ခွာပြီး ညနေ ၄ နာရီ ၃၅ မိနစ်တွင် ဂယာလေဆိပ်သို့ရောက်ရှိသည်။

ယင်းနောက် ညနေ ၆ နာရီ ၃၅ မိနစ်တွင် မင်းတုန်းမင်းတရားကြီး၏ ကျောက်စာတိုက်သို့ သွားရောက်၍ ပြုပြင်ထိန်းသိမ်းရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးပြီး ညပိုင်းတွင် မဟာဗောဓိစေတီသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။



ဂယာမြို့သည် ဘီဟာပြည်နယ် ပတ္တတနားမြို့မှ ၆၂ ဒသမ ၅ မိုင်အကွာရှိ Phalgu မြစ်ကမ်းပေါ်တွင် တည်ရှိပြီး ဗုဒ္ဓဂယာသည် အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ဂယာခရိုင် ဂယာမြို့မှ ၁၈ ကီလိုမီတာကွာဝေးသည်။ ထိုနေရာသည် ဗုဒ္ဓလက်ထက်တွင် ဥရုဝေလတောတန်းတွင် ပါဝင်ပြီး လီလာဂျန်(ခေါ်)နေရဉ္စရာမြစ်၏ အနောက်ဘက်၌ တည်ရှိခဲ့သော တောရွာဖြစ်သည်။ ယခုအခါ ဗုဒ္ဓပွင့်တော်မူခြင်းကို အကြောင်းပြု၍လည်းကောင်း၊ ဂယာမြို့ အနီးတွင်တည်ရှိသဖြင့်လည်းကောင်း၊ ဗုဒ္ဓဂယာဟုခေါ်တွင်သည်။ မဟာဗောဓိစေတီတော်အား အာသောကမင်းကြီးက တည်ထားကိုးကွယ်ခဲ့ပြီး စေတီတော်၏ ပင်မအဆောက်အအုံသည် ၅၅ မီတာမြင့်ပြီး သုံးမီတာထူသည့် နံရံများဖြင့် တည်ဆောက်ထားသည်။ **(မြဝတီ)**

# တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



**နေပြည်တော် ဇူလိုင် ၃၁**

(၈၈)နှစ်မြောက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ Novotal Hotel ၌ ကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်သန်းထွဋ်နှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေနှင့် ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E.Mr.Hong Liang နှင့်ဇနီး၊ စစ်သံမှူး Senior Colonel Wang Jinbo နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် နှစ်နိုင်ငံတပ်မတော်သီချင်းဖွင့်လှစ်ဂုဏ်ပြုပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ တရုတ်နိုင်ငံသံအမတ်ကြီးနှင့်ဇနီး၊ စစ်သံမှူးနှင့်ဇနီးတို့သည် (၈၈)နှစ်မြောက် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နေ့အထိမ်းအမှတ်ကိတ်မုန့်ကို လှီးဖြတ်ပေးသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပေးပို့သောသဝဏ်လွှာကို ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဖတ်ကြားပြီး တရုတ်နိုင်ငံစစ်သံမှူးသို့ ပေးအပ်သည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ မှတ်တမ်းဗီဒီယိုကိုကြည့်ရှုကြပြီး တရုတ်နိုင်ငံသံအမတ်ကြီးနှင့် စစ်သံမှူးတို့က ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံသည်။ **(မြဝတီ)**

# ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များစုပေါင်း၍ ရေဘေးသင့်ပြည်သူများအား လှူဒါန်းရန် အလှူငွေပွဲတော်ပဒေသာကပွဲ ဖျော်ဖြေ





**ရန်ကုန် ဇူလိုင် ၃၁**

ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များ စုပေါင်း၍ ရေဘေးသင့်ပြည်သူများအား လှူဒါန်းရန် အလှူငွေပွဲတော် ပဒေသာကပွဲကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ Myanmar Event Park ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး နာယကများနှင့် ဥက္ကဋ္ဌ ဦးလူမင်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးတင်ဦးလေးနှင့် မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးတို့မှ တာဝန်ရှိသူများ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်ချစ်မြတ်နိုးသူ ပရိသတ်များ လာရောက်ကြည့်ရှုအားပေးကြသည်။ **(ဝဲပုံ)**

ဖျော်ဖြေပွဲတွင် ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များက ဘုရားကန်တော့ခန်း၊ အပျိုတော်ကြီးအက၊ ကရုဏာရင်ခွင်ထဲကို လာကြပေ့ စုပေါင်းသီချင်း၊ မြန်မာမှုတေးသံသာများ၊ သျှောင်ကြီးဗွေအက၊ ခေတ်ပေါ်တေးသီချင်းများ၊ တစ်လိမ်နှစ်လိမ် ဟာသတစ်ခန်းရပ်၊ ချစ်သောတနင်္ဂနွေ ဟာသပြဇာတ်နှင့် ကရုဏာရင်ခွင် နှစ်ပါးသွားအက တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါဖျော်ဖြေပွဲမှ ရရှိသော အလှူငွေများကို ရေဘေးသင့်ပြည်သူများအား ပေးအပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ဓမ္မစကြာအခါတော်နေ့တွင် မန္တလေးမြို့၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် စည်ကား

**မန္တလေး ဇူလိုင် ၃၁**

ယနေ့သည် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏ ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ဖြစ်သည်။ မန္တလေးမြို့ပေါ်နှင့် အနီးဝန်းကျင်ရှိ တန်ခိုးကြီးဘုရားပုထိုး စေတီတော်များတွင် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့သည် ယနေ့နံနက် အရုဏ်တက်ချိန်မှစ၍ ဓမ္မစကြာအခါတော်နေ့ပူဇော်ပွဲ၊ ဝါဆိုဝါကပ်ပွဲ၊ ဝါဆိုပန်းကပ်လှူပူဇော်ပွဲ၊ ရှင်ပြုအလှူတော် စသည့် ကုသိုလ်ကောင်းမှုတို့ကို အေးချမ်းပျော်ရွှင်စွာ ဆင်ယင်ကျင်းပလျက်ရှိသည်ကို တွေ့ရှိရသည်။

ယနေ့နံနက် ၄ နာရီတွင် မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော်ဘဒ္ဒန္တဉက္ကဌ အမှူးပြု၍ မျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရွှေသင်္ကန်းကပ်လှူကာ ဆွမ်း၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ကြပြီး အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ ပြည်သူများကလည်း မဟာမုနိရုပ်ရှင်တော်မြတ်အား ရွှေသင်္ကန်း၊ ရွှေကြာသင်္ကန်း ကပ်လှူခြင်း၊ ဆွမ်းရေချမ်းပန်း ကပ်လှူခြင်း၊ ဖယောင်းဆီမီးပူဇော်ခြင်း၊ ခုနစ်နေ့နံ ဘုရားများတွင် ရေသပ္ပာယ်ခြင်း၊ ငါးများ၊ ငှက်များဇီဝိတဒါနဘေးမဲ့လွှတ်ခြင်းတို့ဖြင့် ကောင်းမှုကုသိုလ်ပြုကြပြီး တရားဘာဝနာအားထုတ်ကြသူများ၊ ဘုရားဖူးပြည်သူများဖြင့် တိုးမပေါက်အောင် အထူးစည်ကားလှသည်။

ယနေ့သည် ဝါတွင်းကာလ၏ ပထမဆုံးသော ဥပုသ်နေ့ဖြစ်၍ ရပ်ကွက်အသီးသီးတွင် ဆွမ်းတော်ကြီးအဖွဲ့များ ဆွမ်းခံများထွက်ကြရာ ဆွမ်း၊ ဆွမ်းဆန်တော်၊ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဝမ်းမြောက်စွာ ကုသိုလ်ပြုလောင်းလှူကြသူများကိုလည်း ကြည်ညိုသဒ္ဓါပွားဖွယ်ရာတွေ့ရှိရပြီး ဓမ္မာရုံများတွင်လည်း ဆရာတော်များ ပင့်ဖိတ်ကာ သီလတရားနာယူ၍ ဥပုသ် သီလဆောက်တည်လျက်ရှိကြသည်။

ထို့အတူ မန္တလေးမြို့ လမ်း ၈၀ ရှိ တရုတ်ယူနန် ဗုဒ္ဓဘာသာဘုရားကျောင်းမှ စတုတ္ထအကြိမ်မြောက် ဝါတွင်းဥပုသ်နေ့အဖြစ် မစိုးရိမ်ကျောင်းတိုက်မှ ပင့်သံဃာတော် အပါး ၂၅၀ အား ဆွမ်း၊ စာရေးတံ၊ ဆွမ်းဆန်တော်၊ ဒါတဗ္ဗဝတ္ထု လောင်းလှူခဲ့ကြသည်။ ဗုဒ္ဓဘာသာဝင် မိသားစုများနှင့် ဌာနဆိုင်ရာတို့တွင်လည်း ဆရာတော်သံဃာတော်များအား ဝါဆိုသင်္ကန်း ဆွမ်းဆက်ကပ်လှူဒါန်း ကုသိုလ်ပြုလုပ်လျက်ရှိကြသည်ကို တွေ့ရသည်။

ထို့အပြင် အရှေ့ပြင်လုံးဆိုင်ရာ မဟာလောကရန်နိုင်အောင်တော်မူမြတ်စွာဘုရား၊ မန္တလေးတောင်၊ ကုသိုလ်တော် ကျောက်တော်ကြီးဘုရား၊ ဆုတောင်းပြည့်၊ ဆုတောင်းရဘုရား၊ ရွှေကျီးမြင်ဘုရား၊ ချမ်းသာကြီးချမ်းသာရဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ကျောက်စိမ်းစေတီတော်၊ ဝါခင်းကုန်းဘုရား အပါအဝင် စေတီပုထိုးကျောင်းကန် ဓမ္မာရုံများတွင် ဝါဆိုလပြည့် ဓမ္မစကြာအခါတော်နေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပခြင်း၊ ဆရာတော်များက သီလပေးခြင်းနှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားချီးမြှင့်တော်မူခြင်း၊ မန္တလေးမြို့တွင်းရှိ နန်းမြို့၊ မြနန်းစံကျော်ရွှေနန်းတော်၊ ဦးပိန်တံတား၊ တောင်သမန်အင်း၊ ရတနာပုံ တိရစ္ဆာန်ဥယျာဉ်နှင့် ကျောက်ဆည်ရွှေသိမ်တော်၊ ပလိပ်မြွေဘုရား၊ ပြင်ဦးလွင်မြို့သို့လည်း သွားရောက်လည်ပတ် အနားယူလေ့လာကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အပြင် မန္တလေးမြို့ အနောက်ခင်မကန်တိုက် မြကုန်းကျောင်း ဂိလာနပါလ ဆန်ပြုတ်နှင့် ရေသန့်အလှူတော်အသင်းနှင့် အလှူရှင်မိသားစုတို့က မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံ၊ ကလေးဆေးရုံကြီး၊ (၆၂)လမ်းရှိ ခုတင် ၃၀၀ ဆံ့ ဆေးရုံကြီး၊ အရိုးအထူးကုဆေးရုံကြီးတို့မှ ဆေးကုသမှုခံယူလျက်ရှိသော လူနာများနှင့် လူနာစောင့်များအား ညနေစာထမင်း၊ ဟင်းများ၊ ဆန်ပြုတ်များ၊ သောက်ရေသန့်၊ အာဟာရမုန့် စသည့် စားသောက်ဖွယ်ရာများကို ယနေ့ညနေပိုင်းက သွားရောက်လှူဒါန်းကုသိုလ်ပြုခဲ့ကြသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မြေယာဥပဒေ၊ မြေယာမူဝါဒအကြောင်း ဟောပြောမည်

**ရန်ကုန် ဇူလိုင် ၃၁**

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများအသင်း(ရန်ကုန်ရုံးခွဲ)က ကြီးမှူး၍ စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ် ၈ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာဥယျာဉ်သင်တန်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စိုက်ပျိုးရေးအသိပညာပေးဟောပြောပွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလွှမ်းမိုးက "မြေယာဥပဒေ၊ မြေယာမူဝါဒ" ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်ရာ စိတ်ဝင်စားသူမည်သူမဆို တက်ရောက်လေ့လာဆွေးနွေးနိုင်ကြောင်း သိရှိရသည်။

**(ကိုချစ်)**

ooooo



# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သတ္တမအကြိမ် ဝါဆိုရွှေကြာသင်္ကန်းတော် ကပ်လှူပူဇော်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၃၁**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သတ္တမအကြိမ် ဝါဆိုရွှေကြာသင်္ကန်းတော် ကပ်လှူပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် အဆိုပါစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးစိုးဝင်း၊ နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများနှင့်တပ်ရင်း၊ တပ်ဖွဲ့များမှ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဦးစိုးဝင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးနှင့် ဗိုလ်မှူးကြီးမြင့်အောင်သန်းတို့က စေတီတော် လိုဏ်တော်အတွင်းရှိ ဗုဒ္ဓပဋိမာရုပ်ပွားဆင်းတုတော်လေးဆူနှင့် စေတီတော်အရှေ့မြောက်ထောင့်ရှိ မဟာဆုတောင်းပြည့်ဘုရားကြီးတို့အား ဝါဆိုရွှေကြာသင်္ကန်းတော်နှင့် မြသပိတ်တော်ဖြင့် ဆွမ်း၊ သစ်သီး၊ ပန်းမန်တို့ကို ကပ်လှူပူဇော်ကြသည်။

ထို့နောက် ဧည့်ပရိသတ်များက ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဧည့်ပရိသတ်များက ဆရာတော် ဘဒ္ဒန္တကဝိသာရထံမှ သာဓုအနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဆီမီး ၉၀၀၀ ဖြင့် ထွန်းညှိပူဇော်ကြသည်။

**(သတင်းစဉ်)**

**ကျောဖုံးမှ**

စသည့် ကုသိုလ်ကောင်းမှုများကိုပြုလုပ်ပြီး လမြတ်ဝါဆိုကာလ၌ ဒါနရွှေအိုးမြှုပ်နှံခြင်း ကုသိုလ်မင်္ဂလာကို ပြုကြပေသည်။

ယနေ့သည် ဝါဆိုလပြည့်နေ့၊ ဓမ္မစကြာအခါတော်နေ့ဖြစ်သည်နှင့်အညီ အများပြည်သူ ရုံးပိတ်ရက်၊ အလုပ်ပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်၍ နေပြည်တော်ရှိ တန်ခိုးကြီးဘုရားစေတီများ၌ ဝါဆိုသင်္ကန်းနှင့် ဝါဆိုပန်းများ ကပ်လှူပူဇော်သူ၊ တရားဘာဝနာ ပွားများကျင့်ကြံအားထုတ်သူ၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဝါဆိုရွှေကြာသင်္ကန်းကို အခမ်းအနားဖြင့် ကပ်လှူပူဇော်ခဲ့ရာ နေပြည်တော်နှင့် ပတ်ဝန်းကျင် မြို့နယ်၊ ကျေးရွာများမှ ဘုရားဖူးလာပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အလားတူ နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ သတ္တသတ္တာဟမဟာဗောဓိစေတီတော်ကြီးနှင့် 'ဖွား၊ ပွင့်၊ ဟော၊ စံ' သံဝေဇနိယ(၄)ဌာန၊ ဇမ္ဗူသီရိမြို့နယ်ရှိ ဓာတုစယစေတီတော်နှင့် အဆိုပါစေတီပရိဝုဏ်အတွင်းရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးတို့တွင်လည်း နေပြည်တော်နှင့် ပတ်ဝန်းကျင်မြို့နယ်၊ ကျေးရွာများမှ ဘုရားဖူးလာပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ ပျဉ်းမနားမြို့ရှိ ကိုးခန်းကြီးဘုရားနှင့် လောကမာရဇိန်စေတီတော်မြတ်ကြီးတို့၌လည်း နံနက်ပိုင်းက ဝါဆိုရွှေကြာသင်္ကန်းတော်ကပ်လှူပူဇော်ပွဲ အခမ်းအနားများကျင်းပခဲ့ကြောင်းနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ဒါနပြု၊ ကုသိုလ်ယူ၊ သီလဆောက်တည်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ညပိုင်းတွင် ဥပ္ပါတသန္တိစေတီမြတ်တော်ကြီး၌ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲများ ကျင်းပခဲ့ရာ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားခဲ့သည်။

**(သတင်းစဉ်)**

# လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော် ဇူလိုင် ၃၁**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဇူလိုင် ၃၀ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၀၁ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၆၀၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၀၆ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၂ ဦးတို့ တင်သွင်းခဲ့ပါသည်။ ဇူလိုင် ၂၀ ရက်မှ ၃၀ ရက် အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၇၁ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၈၉ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်လောင်း ၃၁၆ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ၂၈ ဦး စုစုပေါင်း ၆၀၄ ဦးရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၃၂ ပါတီနှင့် တစ်သီးပုဂ္ဂလ ၃၁ ဦးတို့က အမည်စာရင်းတင်သွင်းခဲ့ကြကြောင်းသိရှိရသည်။ အမည်စာရင်းတင်သွင်းမှုအသေးစိတ်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေလေ့လာစို့

# ရေပိုလွှဲဆိုသည်မှာ . . .

ဆည်မြောင်းဦးစီးဌာန

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနအနေဖြင့် မိုးရာသီတွင် ရေလှောင်တမံများ ကြံ့ခိုင်ရေးနှင့် လုံခြုံစိတ်ချစွာ ရေသိုလှောင်ထားနိုင်ရေးအတွက် ဌာနမှထုတ်ပြန်ထားသော လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များအတိုင်း အထူးအလေးထား ကြီးကြပ်စီမံဆောင်ရွက်လျက်ရှိပါသည်။

ယခုအချိန်တွင် ဆည်မြောင်းဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံကြီးများအနက် ရေလှောင်တမံ ၄၃ ခုတွင် ကန်ရေပြည့်သိုလှောင်နိုင်သော ပမာဏထက် ကျော်လွန်လာသောကြောင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိပြီး ရေလှောင်တမံလေးခုမှာ ရေပိုလွှဲမှ ရေကျော်ကျခါနီးအခြေအနေသို့ ရောက်ရှိနေပါသည်။ အထူးသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးများတွင် မိုးရေချိန် စံချိန်သစ်များဖြင့် ထူးကဲမိုးရွာသွန်းခြင်း၊ ဆိုင်ကလုန်းမုန်တိုင်း (ကိုမန်) ၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရက်ဆက်ရွာသွန်းခြင်းများ ဖြစ်ပေါ်လျက်ရှိသဖြင့် ရေလှောင်တမံကြီးများဖြစ်သည့် သဖန်းဆိပ်ရေလှောင်တမံ၊ မုန်းရေလှောင်တမံ၊ မန်းရေလှောင်တမံ၊ ကြီးအုံကြီးဝရေလှောင်တမံ၊ စလင်းရေလှောင်တမံ၊ မမြရေလှောင်တမံနှင့် ကညင်ရေလှောင်တမံများတွင် ကန်ရေပြည့်သိုလှောင်သော ရေပမာဏထက်ကျော်လွန်ပြီး ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပါသည်။ အချို့ရေလှောင်တမံများတွင် ကန်ရေပြည့်သိုလှောင်ပမာဏသို့ ရောက်ရှိလုနီးဖြစ်၍ မိုးဆက်လက်ရွာသွန်းနိုင်သော အခြေအနေအပေါ် ချိန်ဆတွက်ချက်ပြီး ရေထိန်းညှိထုတ်လွှတ်လျက်ရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အတွင်းတွင် မိုးသည်းထန်စွာရွာသွန်းနေမှုကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်လျက်ရှိပြီး ရေလှောင်တမံများရှိ ရေပိုလွှဲများမှ ရေများဖောက်ချမှုကြောင့် ရေကြီးနစ်မြုပ်မှု ပိုမိုဖြစ်ပေါ်ရခြင်းဖြစ်ကြောင်း နားလည်မှုလွဲမှားလျက်ရှိပါသည်။

ရေလှောင်တမံဖြင့် ပိတ်ထားသော မြစ်/ချောင်း၏ ရေဆင်းဧရိယာ (ရေဖမ်းဧရိယာ) တစ်ခုလုံးတွင် မိုးရွာသွန်းလျက်ရှိသောကြောင့် စီးဝင်လာသော ရေထုထည်ပမာဏအနက်မှ တမံ၏ ကန်ရေပြည့်သိုလှောင်နိုင်သော ရေပမာဏကို ထိန်းသိမ်းသိုလှောင်ထားပြီး ကျန်ပိုလျှံသောစီးဝင်ရေများကို ရေပိုလွှဲများမှတစ်ဆင့် မူလမြစ်/ ချောင်းများထဲသို့ ပြန်လည်စီးဆင်းသွားစေပါသည်။ အချို့ရေလှောင်တမံများတွင် ရေကိုပိုမိုထိန်းညှိသိုလှောင်နိုင်ရန်အတွက် ရေတံခါးများတပ်ဆင်ထားပြီး ဝင်ရေအလွန်များလာသည့်အခါတွင် ၎င်းဂိတ်တံခါးများကို စနစ်တကျ ချိန်ဆတွက်ချက်ပြီး ဖွင့်ပေးရခြင်းဖြစ်ပါသည်။ ရေပိုလွှဲများမှ ရေဖောက်ချခြင်းဟူသည်မှာ နားလည်မှုလွဲမှားခြင်းတစ်ခုသာဖြစ်ပါသည်။ ရေပိုလွှဲဟူသည်မှာ ရေဖောက်ချသည့်အရာမဟုတ်ဘဲ ကန်ရေပြည့်သိုလှောင်ပမာဏထက် ကျော်လွန်ပြီး စီးဝင်လာသောရေများ မူလမြစ်/ချောင်းများထဲသို့ စီးထွက်သွားစေရန် ထည့်သွင်းတည်ဆောက်ထားသော ရေအားအဆောက်အအုံတစ်ခုသာဖြစ်ပါသည်။

ရေလှောင်တမံများအနေဖြင့် မိုးရွာသွန်းမှုကြောင့် စီးဝင်လာသော ရေထုထည်ပမာဏအနက်မှ ကန်ရေပြည့်သိုလှောင်နိုင်သော ပမာဏတစ်ခုအထိ ထိန်းသိမ်းသိုလှောင်ပေးထားခြင်းဖြင့် တမံအောက်ဘက်ရှိဒေသများ၏ ရေကြီးနစ်မြုပ်မှုကို အတိုင်းအတာတစ်ခုအထိ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိကြောင်း ပြည်သူများအနေဖြင့် သိနားလည်ပေးနိုင်ရန် လိုအပ်ပါသည်။ ရေလှောင်တမံများသာမရှိပါက ယခုကဲ့သို့ မိုးရွာသွန်းပုံမျိုးနှင့်ဆိုလျှင် ဒေသတွင်းရေဘေးအန္တရာယ်မှာ တွေးဝံ့စရာမရှိနိုင်ပါ။ ဆည်မြောင်းဦးစီးဌာန ဝန်ထမ်းများမှလည်း လူမှုကွန်ရက်စာမျက်နှာများမှနေ၍ ပြည်သူများ အချိန်နှင့်တစ်ပြေးညီ အခြေအနေမှန်များကို သိရှိနိုင်ရန် အသိပေးတင်ပြပေးလျက်ရှိပါသည်။



ကြီးအုံကြီးဝ ရေလှောင်တမံ၏ ပင်မရေပိုလွှဲမှ ရေကျော်နေမှုကို တွေ့ရစဉ်။

မြန်မာနိုင်ငံအထက်ပိုင်းရှိ ရေကြီးနစ်မြုပ်မှုပမာဏကြီးမားစွာ တွေ့ကြုံနေရသော စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေလှောင်တမံများ၌ ရေလှောင်ပမာဏများ အချိန်တိုအတွင်း မြင့်တက်နေသည့်အတွက် သက်ဆိုင်ရာဆည်မြောင်းဦးစီးဌာန တာဝန်ရှိသူများ ကိုယ်တိုင် အနီးကပ်ကြီးကြပ်ပြီး ကျွမ်းကျင်၍အတွေ့အကြုံရှိသည့် အင်ဂျင်နီယာဝန်ထမ်းများဖြင့်စုဖွဲ့၍ ၂၄ နာရီ စောင့်ကြည့်စီမံဆောင်ရွက်လျက်ရှိပါသည်။

မိုးသည်းထန်စွာရွာသွန်းပြီး တမံရေမှတ်မြင့်တက်မှု ဖြစ်ပေါ်ချိန်တွင် ရေလှောင်တမံနှင့် ဆက်စပ်ရေအား အဆောက်အအုံများ၏ ကြံ့ခိုင်မှုကို အချိန်ပြည့်စောင့်ကြည့်စစ်ဆေးခြင်း၊ လိုအပ်သောနေရာများတွင် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခြင်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ဒေသခံပြည်သူများအတွက် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း စသည်တို့ကို အချိန်မီ၊ အချိန်ကိုက် ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိရာသီဥတုအခြေအနေအရ ဆိုင်ကလုန်းမုန်တိုင်း (ကိုမန်)၏ အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေကြီးနှင့် မကွေးတိုင်းဒေသကြီးတွင် မိုးဆက်လက်ရွာသွန်းနိုင်မည်ဖြစ်သဖြင့် ရေဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများအား အထူးအလေးထား ကြီးကြပ်စီမံဆောင်ရွက်ရန် ညွှန်ကြားချက်များလည်း ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

ယခုအခါတွင် အဓိကမြစ်ကြီးများဖြစ်သော ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ ငဝန်မြစ်၊ ပဲခူးမြစ်နှင့် သံလွင်မြစ် စသည့်မြစ်ကြီးများ၏ ရေဆင်းဧရိယာများတွင် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ၎င်းမြစ်များ၏ စိုးရိမ်ရေမှတ်များသို့ ရောက်ရှိကျော်လွန်လာပြီဖြစ်ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာ ရေဘေးကာကွယ်ရေးတာတမံများ ကြံ့ခိုင်မှုအတွက် ကြိုတင်ကာကွယ်ဆောင်ရွက်ခြင်း ၂၄ နာရီ စောင့်ကြည့်စီမံခြင်း၊ အရေးပေါ်ရေဘေးကာကွယ်ရေးပစ္စည်းများ အရန်သင့်စုဆောင်းခြင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများဖြင့် ပူးပေါင်းကာ ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းကို အတွေ့အကြုံရှိပြီး ကျွမ်းကျင်သည့် အင်ဂျင်နီယာဝန်ထမ်းများဖြင့် စုဖွဲ့ကာ အချိန်ပြည့် စောင့်ကြည့်စီမံဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူလူထုအနေဖြင့်လည်း မိမိဒေသ၏ လက်ရှိဖြစ်ပေါ်နေသော ရေကြီးမှုဘေးအန္တရာယ် အခြေအနေနှင့် လိုက်လျောညီထွေသော အသိ၊ သတိများဖြင့် အနိမ့်ပိုင်းဒေသများနှင့် မြစ်ချောင်းများ ကမ်းနံဘေးတွင် နေထိုင်ခြင်းမပြုကြပါရန် အထူးလိုအပ်ပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။ ။




မုန်းချောင်းရေလှောင်တမံ၏ ရေပိုလွှဲမှ ရေကျော်မှုအခြေအနေကို တွေ့ရစဉ်။

## ရေပိုလွှဲမှ ရေကျော်ကျမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများတွင် မိုးရေချိန် စံချိန်သစ်များဖြင့် ထူးကဲစွာမိုးရွာသွန်းခြင်း၊ ဆိုင်ကလုန်းမုန်တိုင်း(ကိုမန်)၏ အရှိန်ကြောင့် မိုးသည်းထန်စွာ ရက်ဆက်ရွာသွန်းခြင်းများကြောင့် မုန်းချောင်းရေလှောင်တမံနှင့် ကြီးအုံကြီးဝ ရေလှောင်တမံတို့တွင် အချိန်တိုအတွင်း ရေသိုလှောင်နိုင်မှု ပမာဏထက်ကျော်လွန်ပြီး ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိသည်။

သို့ပါ၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့သည် ဇူလိုင် ၂၉ ရက်နှင့် ၃၀ ရက်များတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ မုန်းချောင်းရေလှောင်တမံ၊ ကြီးအုံကြီးဝရေလှောင်တမံနှင့် မဲဇလီရေလွှဲဆည်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ရာသီဥတုအခြေအနေအရ မိုးဆက်လက်ရွာသွန်းပြီး ထပ်မံရေဝင်ရောက်နိုင်မည့် အခြေအနေ၊ ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေနှင့် အရေးပေါ်စီမံဆောင်ရွက်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို အသေးစိတ်စီမံဆောင်ရွက်ခြင်း၊ လိုအပ်သည်များ ဖြည့်ဆည်းပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း ဘားအံမြို့ရှိ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေး

နေပြည်တော် ဇူလိုင် ၃၁

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၂၉ ရက်က ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဘားအံ)၌ ကျင်းပသည့် မြိုင်ကြီးငူဆရာတော် ဦးသုဇန၏ (၆၇) နှစ်မြောက် မွေးနေ့မင်္ဂလာအခမ်းအနားသို့ တက်ရောက်၍ ဆရာတော်အား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်အတူ ဇူလိုင် ၃၀ ရက်ကလည်း ဘားအံမြို့ ရွှေယဉ်မျှော်ဘုရားတွင် ဖွင့်လှစ်ထားရှိသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးကာ ဆန်အိတ် ၁၀၀၊ စားသုံးဆီ ၂၀၄ ဘူး၊ ခေါက်ဆွဲဖာကြီးငါးဖာတို့အား ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့သည်။

ထို့နောက် ကရင်ပြည်နယ် ဘားအံမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့သွားရောက်၍ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ထောက်ပံ့ငွေများပေးအပ်ခဲ့ပြီး ကျောင်းဝင်းအတွင်း၌ အဆောက်အအုံသစ် တည်ဆောက်နေမှုလုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ အမျိုးသားမှ

**မေး။ ။ ပြည်သူတွေ သဘာဝဘေးအန္တရာယ်က လျော့ပါးသက်သာအောင် ဆောင်ရွက်ပေးနေတဲ့အပိုင်းတွေကို ပထမဦးဆုံး ရှင်းပြပေးစေလိုပါတယ်ရှင့်။**

ဖြေ။ ။ သဘာဝဘေးဒဏ် စီမံခန့်ခွဲမှုလုပ်ငန်းတွေကို ဆောင်ရွက်နိုင်ဖို့ နိုင်ငံတော်အဆင့် ဗဟိုကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်နေသလို သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာလည်း ကော်မတီတွေဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အဆင့်မှာဆိုရင် အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းထားပြီး ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက ဥက္ကဋ္ဌဖြစ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ဒုတိယဥက္ကဋ္ဌများဖြစ်ကြပါတယ်။ ကျန်တဲ့သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအသီးသီးက ဝန်ကြီးချုပ်တွေက အဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက်ပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အတွင်းရေးမှူးဖြစ်ပါတယ်။

ဗဟိုကော်မတီရဲ့ အောက်မှာ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီကိုဖွဲ့စည်းပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌဖြစ်ပြီး ပြည်ထဲရေးနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ဒုတိယဥက္ကဋ္ဌများဖြစ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ပါတယ်။ အဲဒီစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီရဲ့ အောက်မှာ ဆပ်ကော်မတီ (၁၁)ခုကို ဖြန့်ခွဲပြီး ကိုယ့်ကဏ္ဍအလိုက် ဆောင်ရွက်နိုင်ဖို့ လုပ်ငန်းတာဝန်တွေ ချမှတ်ပေးပြီး နိုင်ငံတော်အဆင့်ကနေ အဆင့်ဆင့် စီမံခန့်ခွဲဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အဆင့်ပြီးရင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တွေမှာလည်း တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်တွေက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီများနဲ့ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ဆင့်အထိ သဘာဝဘေးစီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါတယ်။

လုပ်ငန်းတွေ ဆောင်ရွက်ရာမှာလည်း သဘာဝဘေးမဖြစ်ခင်မှာ ဆောင်ရွက်ရတဲ့ လုပ်ငန်းတွေရှိသလို သဘာဝဘေးဖြစ်နေတဲ့ ကာလမှာ အရေးပေါ် တုံ့ပြန်မှုဆိုင်ရာလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့နဲ့ သဘာဝဘေးကျရောက်ပြီးနောက်ပိုင်းမှာ ပြန်လည်ထူထောင်ရေးနဲ့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ အပိုင်းသုံးပိုင်းပေါ်မှာ အခြေခံပြီး ဆောင်ရွက်တာဖြစ်ပါတယ်။

**မေး။ ။ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုတွေကို အချိန်နဲ့တစ်ပြေးညီ သိရှိအောင် ဘယ်လိုစီမံဆောင်ရွက်ထားပါသလဲ။**

ဖြေ။ ။ ရေကြီးခြင်းနဲ့ မိုးလေဝသဆိုင်ရာသတင်းအချက် အလက်တွေကို မိုးလေဝသနဲ့ ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ရရှိသလို ဖြစ်ပွားတဲ့ဒေသတွေမှာရှိတဲ့ ကယ်ဆယ်ရေးဦးစီးဌာနတွေ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်ကယ်ဆယ်ရေးရုံး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေက ရရှိပါတယ်။

ကျွန်တော်တို့ဝန်ကြီးဌာနမှာလည်း အရေးပေါ် အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာနကိုဖွင့်လှစ်ထားပြီး ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေကရတဲ့ အချက်အလက်တွေနဲ့ ရေကြီးနစ်မြုပ်တဲ့ဒေသတွေ၊ လုံးဝရေကြီးနစ်မြုပ်သွားတဲ့ရွာတွေ၊ ရေဝင်ဖို့နဲ့ ရေဝင်ဖို့နီးနေတဲ့ရွာတွေကို ဂြိုဟ်တုကနေ သတင်းအချက်အလက် ရယူပြီး ဖော်ထုတ်ပါတယ်။

မြေပြင်မှာရော တကယ်ကျရောက်နေပြီလားဆိုတာ စိစစ်ပါတယ်။ ကျရောက်ရင် အရေးပေါ်ထောက်ပံ့နိုင်ဖို့ကို စီမံဆောင်ရွက်ဖို့ တစ်ခါတည်း ပေါင်းစပ်ညှိနှိုင်းတယ်။ ပြည်သူတွေ သဘာဝဘေးကျရောက်လာရင် အရေးပေါ်ကူညီထောက်ပံ့မှုလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။

**မေး။ ။ မြန်မာနိုင်ငံ အနှံ့အပြား ဖြစ်ပေါ်နေတဲ့ ရေကြီးနစ်မြုပ်မှုတွေအတွက် အရေးပေါ်အစီအမံတွေ ဘယ်လိုများထားရှိ ဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။ ဇွန်၊ ဇူလိုင် မိုးရာသီအစကာလမှာ မိုးသည်းထန်စွာရွာသွန်းပြီး ပြည်နယ်နဲ့တိုင်းဒေသကြီးအချို့တွေမှာ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်ခဲ့တယ်။ ရေမျောပါပြီး အိမ်တွေပျက်စီးဆုံးရှုံးလို့ နေလို့မရအောင်ဖြစ်တဲ့သူတွေက တိုက်ရိုက်ထိခိုက်ခံစားရတဲ့သူတွေ၊ အိမ်တွေထဲမှာ ရေဝင်ပြီး နေထိုင်သွားလာရေး၊ စားသောက်ရေး၊ အလုပ်အကိုင်ခက်ခဲတဲ့သူတွေကတော့ သွယ်ဝိုက်ခံစားရတဲ့သူတွေ ဖြစ်ပါတယ်။

အဲဒီလို တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာ ပြည်သူတစ်သိန်းကျော်လောက် ထိခိုက်ခံစားရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာ ကောလင်း၊ ကန့်ဘလူ၊ ကျွန်းလှ၊ မူးမြစ်ဝှမ်းအပေါ်က မဲဇာမြစ်တစ်လျှောက်မှာရှိတဲ့ ကျေးရွာတွေမှာ ရေကြီးရေလျှံမှုနဲ့ ရေနစ်မြုပ်မှုတွေ ကြုံတွေ့ခဲ့ရပါတယ်။

အဲဒီဒေသတွေမှာ ဖြစ်ဖြစ်ချင်း ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးမှာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး တိုင်းရုံးတွေရှိတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်ခရိုင်အသီးသီးမှာ သိုလှောင်ရုံ (၃၃) ခု ရှိတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ လူဦးရေ အချိုးအပေါ်မူတည်ပြီး အိမ်ထောင်စုအလိုက် ဘေးဒုက္ခကြုံတွေ့လာရင် ပြည်သူတွေ သက်သာချောင်ချိမှု ရရှိစေရေးအတွက် ထောက်ပံ့နိုင်ဖို့ ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုး၊ အရေးပေါ် အမိုးအကာတွေဖြစ်တဲ့ တဲတွေဆောက်လုပ်နိုင်ဖို့ တာလပတ်တွေ၊ မိုးကာစတွေကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားပါတယ်။ သောက်ရေသန့်၊ ခေါက်ဆွဲခြောက်၊ ကြက်ဥတွေအပြင် ဆန်ရိက္ခာတွေကိုလည်း အရေးပေါ်ပေးနိုင်ဖို့ စီမံထားတယ်။

**မေး။ ။ လတ်တလော မုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်မှာ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေမှုကိုလည်း သိချင်ပါတယ်။**

ဖြေ။ ။ ရခိုင်ပြည်နယ်မှာ မုန်တိုင်းတိုက်သွားတာနဲ့ ပတ်သက်ပြီးတော့ မနေ့ကအထိ စစ်တွေမှာ လမ်းမီးတိုင်တွေလဲတယ်။ အိမ်အချို့ အမိုးတွေလန်သွားတယ်။ တယ်လီဖုန်းတိုင်တွေကြိုးတယ်။ ဘူးသီးတောင်ဘက်ဆိုရင်လည်း ရေဝင်တဲ့အတွက် ကယ်ဆယ်ရေးစခန်းတွေ ဖွင့်ထားပြီး ထောက်ပံ့မှုတွေ စတင်ဆောင်ရွက်နေပါတယ်။

မင်းပြားနဲ့ အမ်းဘက်မှာလည်း ရေဝင်နစ်မြုပ်မှုတွေ ရှိတဲ့အတွက် ထောက်ပံ့မှုတွေ ဆောင်ရွက်ပေးနေပါတယ်၊ ကလေးမြို့ဘက်မှာလည်း ရေကြီးနစ်မြုပ်တာတွေ ရှိနေတဲ့အတွက် အရေးပေါ်ထောက်ပံ့ရေးလုပ်ငန်းတွေကို တပ်မတော် ရဟတ်ယာဉ်တွေနဲ့ အဝတ်အထည်တွေ၊ လိုအပ်တဲ့ အသုံးအဆောင်ပစ္စည်းတွေကို ပို့နိုင်ရေးဆောင်ရွက်နေပါတယ်။

ကန့်ဘလူ၊ ကောလင်း၊ ကျွန်းလှဘက်မှာဖြစ်တဲ့ ရေကြီး၊ ရေလျှံမှု



ဦးစိုးအောင်
အမြဲတမ်းအတွင်းဝန်။

မှာလည်း ဘေးဒုက္ခကျရောက်တဲ့ ပြည်သူတွေအတွက် စားနပ်ရိက္ခာတွေ၊ အသုံးအဆောင်ပစ္စည်းတွေ ဖြန့်ဝေသလို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့က ဝန်ကြီးတွေကိုယ်တိုင် ဘေးဖြစ်တဲ့ဒေသတွေမှာ အခြေပြုပြီး ကယ်ဆယ်ထောက်ပံ့မှုတွေ ဆောင်ရွက်နေပါတယ်။

**မေး။ ။ သဘာဝဘေးကြောင့် အသက်ဆုံးရှုံးသွားတဲ့ လူတွေအတွက် ဘယ်လို အထောက်အပံ့မျိုးတွေ ပေးပါသလဲ။**

ဖြေ။ ။ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ကလည်း ထောက်ပံ့မှုလုပ်ငန်းတွေနဲ့ ပတ်သက်လာရင် အမြဲမပြတ်အောင် စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ သဘာဝဘေးတွေကြောင့် အသက်ဆုံးရှုံးသွားတဲ့သူ ၂၇ ဦးအတွက် လူတစ်ယောက်ကို တစ်သိန်းနှုန်းဖြင့် ထောက်ပံ့ပေးလျက်ရှိပါတယ်။ သဘာဝဘေးကြောင့် သေဆုံးသွားတဲ့သူအတွက် ကျန်ရစ်သူမိသားစုက လိုအပ်တာစီမံဆောင်ရွက်နိုင်ဖို့ ထောက်ပံ့ပေးတာဖြစ်ပါတယ်။

**မေး။ ။ အခုအချိန်အထိ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေနဲ့ ထောက်ပံ့မှု ဘယ်လောက်ပေးပြီးနေပြီဆိုတာ သိချင်ပါတယ်။**

ဖြေ။ ။ ဇွန်၊ ဇူလိုင် နှစ်လအတွင်း ရေဘေးကြောင့် အိမ်ခြေငါးရာကျော် မျောပါပျက်စီးခဲ့ရပြီး အိမ်ခြေတစ်သောင်းရှစ်ထောင်ကျော် ရေဝင်ပျက်စီးခဲ့ရပါတယ်။ ဇွန်၊ ဇူလိုင် နှစ်လအတွင်းမှာ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ ကျွန်တော်တို့ဝန်ကြီးဌာနက ထောက်ပံ့တာ သိန်းပေါင်းတစ်ထောင်ကျော်သွားပြီဖြစ်ပါတယ်။

ပြည်သူတွေ ဘေးအန္တရာယ်ကြုံတွေ့လာရင် ဆက်လက်ပြီးတော့လည်း ထောက်ပံ့မှုတွေကို စဉ်ဆက်မပြတ် ပေးနေမှာဖြစ်ပါတယ်။ အခုဖြစ်နေတဲ့ ဘေးတွေမှာ အချိန်နဲ့တစ်ပြေးညီ ရှာဖွေကယ်ဆယ်တာတွေ၊ ထောက်ပံ့တာတွေ၊ ကယ်ဆယ်ရေးစခန်းတွေထားရှိပြီး ပြည်သူတွေရဲ့ ကျန်းမာရေး၊ လုံခြုံရေးအားလုံးကို အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ ဆပ်ကော်မတီများ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များက ပူးပေါင်းဆောင်ရွက်နေပါတယ်။

ဝေးလံတဲ့ဒေသတွေ အချို့နေရာတွေထိ ထောက်ပံ့ပစ္စည်းတွေ ရောက်အောင်လည်း ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်အစိုးရက ပြည်သူတွေကို ကာကွယ်စောင့်ရှောက်ရမယ့်တာဝန်ရှိပြီးသားပါ။ အခု တပ်မတော်၊ မီးသတ်၊ ကြက်ခြေနီတပ်ဖွဲ့ဝင်တွေ၊ ဒေသခံလူငယ်တွေ၊ ပြည်သူတွေ ပူးပေါင်းပါဝင်ဆောင်ရွက်နေတာက ရှာဖွေကယ်ဆယ်ရေးဆပ်ကော်မတီအောက်က လုပ်ငန်းစဉ်တစ်ခုပါ။ အဲဒါကို ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ သီးခြားဆောင်ရွက်တာ မဟုတ်ပါဘူး။

စီမံခန့်ခွဲမှု ခေါင်းစဉ်အောက်မှာရှိတဲ့ လုပ်ငန်းဆပ်ကော်မတီတွေက ဖြန့်ခွဲ ဆောင်ရွက်တာဖြစ်ပါတယ်။ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီရဲ့ စီမံခန့်ခွဲမှုအောက်ကနေ ပူးပေါင်းပြီး ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ရှာဖွေကယ်ဆယ်ရေးဆပ်ကော်မတီအောက်မှာရှိတဲ့ သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာန အဖွဲ့အစည်းတွေက ပြည်သူတွေနဲ့အတူ ပူးပေါင်းပြီး ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

**မေး။ ။ ထောက်ပံ့ရေးပစ္စည်းတွေကို ပရဟိတအဖွဲ့အစည်းတွေက လှူမယ်ဆိုရင် သက်ဆိုင်ရာရဲ့ ခွင့်ပြုချက်ယူရမယ်ဆိုတဲ့ သတင်းတွေလည်း ထွက်နေတယ်။ အဲဒါလေးကို ရှင်းပြပေးစေလိုပါတယ်ရှင့်။**

ဖြေ။ ။ ရုပ်မြင်သံကြား၊ ရေဒီယို၊ အွန်လိုင်းတွေထဲမှာလည်း မြင်နေရတာပဲ။ ထောက်ပံ့ရေးပစ္စည်းတွေကို လှူချင်ရင် လှူပါ။ ကျွန်တော်တို့ ပြည်သူအချင်းချင်း ပြည်သူတွေဆီကို ရောက်အောင် ကူညီစောင့်ရှောက်မှုလုပ်ငန်းတွေကို ပေးလို့ရပါတယ်။

ဒါပေမယ့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းတွေမှာ ဘယ်ကိုသွားပြီး လှူမယ်ဆိုတာပြောရင် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့တွေက ဘယ်ရွာက ဘာပစ္စည်း အမျိုးအစားလိုတယ်ဆိုတာကို လိုအပ်တဲ့သူကို လိုအပ်သလို ရောက်ဖို့အတွက် စီမံခန့်ခွဲမှုက အဓိကကျပါတယ်။

မလိုတဲ့သူဆီကို မလိုတဲ့ပစ္စည်းရောက်သွားမယ်ဆိုရင် အပိုအလျှံတွေဖြစ်လာမယ်။ ဘာမှ သုံးလို့မရတဲ့အနေအထားဖြစ်တဲ့အတွက် ကျွန်တော်တို့ကို အကြောင်းကြားပေးပါ။ မသွားရဘူး၊ မလှူရဘူးဆိုတာ လုံးဝမရှိပါဘူး။ ကျွန်တော်တို့ဆီကို ဆက်သွယ်လာရင်လည်း ဘယ်နေရာတွေကတော့ ဘာတွေ အဓိကလိုပါတယ်ဆိုပြီး ပြောပြပေးပါတယ်။ လှူချင်တဲ့သူတွေကလည်း သွားလှူလို့ရပါတယ်။ လှူရလို့ ဝမ်းသာကြတယ်။ ကျေးဇူးတင်တယ်ဆိုပြီး ပြန်လည်ဆက်သွယ်ပြောကြားတာတွေလည်း ရှိပါတယ်။

ဇွန်၊ ဇူလိုင်လအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်၊ ကချင်၊ ချင်းနဲ့ ရှမ်းပြည်နယ်တို့မှ အချို့မြို့နယ်များမှာ ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသည်။

မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့မှာလည်း မြစ်ကမ်းပါးပြိုကျမှုကြောင့် အိမ်အချို့ ရွှေ့ပြောင်းခဲ့ရပြီး ရေဘေးကြောင့် အိမ်ခြေ ၅၃၃ လုံး မျောပါပျက်စီးခြင်း၊ အိမ်ခြေ ၁၈၅၁၂ လုံး ရေဝင်ပျက်စီးခြင်းများဖြစ်ပွားခဲ့ပြီး လူဦးရေ တစ်သိန်းကျော် ရေဘေးထိခိုက်ခံစားခဲ့ရသည်။ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းတံတားများ၊ ရထားလမ်းများ၊ စာသင်ကျောင်းနှင့် ဆေးရုံဆေးခန်းများလည်း ပျက်စီးခဲ့ရသည်။

(နန္ဒာဝင်း)

# ပွင့်ဖြူမြို့နယ်အတွင်းရှိရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပြီးဖြစ်



**နေပြည်တော် ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့တွင် မိုးမဆက်မပြတ်ရွာသွန်းမှုကြောင့် ပွင့်ဖြူမြို့နယ်တွင် မုန်းချောင်းရေကြီးရေလျှံဖြစ်ပွားပြီး မြို့ပေါ်ရပ်ကွက်အတွင်း ရေအနက် ခြောက်ပေအထိ ဝင်ရောက်လျက်ရှိသည့်အပြင် မုန်းချောင်းနံဘေးရှိကျေးရွာ ၂၀ ခန့် တွင်လည်း ရေဝင်ရောက်မှုကြောင့် တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီကဦးဆောင်ကာ ကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

ပွင့်ဖြူမြို့နယ် မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်မှ ဒေသခံ ၆၂၂၀ နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံ ၅၀၀၀ တို့အား ဘေးလွတ်ရာကံသာကြီးကျေးရွာအထက်တန်းကျောင်း၊ စံပြကျေးရွာ အခြေခံပညာမူလတန်းကျောင်း၊ သာသနာ့ဝေပုလ္လကျောင်းနှင့် နယ်မြေခံတပ်ရင်းတို့၌ လည်းကောင်း၊ စေတုတ္တရာမြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာနှစ်ရွာရှိ ရေဘေးသင့်ပြည်သူများအား ဘေးလွတ်ရာ အခြေခံပညာအထက်တန်းကျောင်း၊ မီးသတ်ကုန်းနှင့် လေယာဉ်ကွင်းရှိ အဆောက်အအုံတို့၌လည်းကောင်း ရွှေ့ပြောင်းထားရှိသည်။

အဆိုပါ ကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို ပြုလုပ်ပေးလျက်ရှိရာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ညွှန်ကြားရေးမှူး ဦးမင်းယုရှိန်က "လက်ရှိမုန်းတမံမှာ ရေအမှတ်က ဒီနေ့မွန်းလွဲပိုင်းကစပြီး တန့်သွားပါပြီ။ ရေပိုလွှဲရေကျော်ကျမှုလည်း လျော့ကျသွားပါပြီ။ ကျွန်တော်တို့အနေနဲ့ ပြည်သူတွေအတွက် ဘေးအန္တရာယ်မကျရအောင် အချိန်နဲ့တစ်ပြေးညီ ဆောင်ရွက်ပေးနေပါတယ်။ ကယ်ဆယ်ရေးစခန်းက ပြည်သူတွေအတွက် ရေသန့်၊ ဆန်၊ ဆီ၊ ပဲနဲ့ ခေါက်ဆွဲခြောက် စတဲ့ စားသောက်စရာတွေလည်း စီစဉ်ဆောင်ရွက်ပေးနေပါတယ်"ဟု ပြောသည်။

ပွင့်ဖြူမြို့ ရေကြီးရေလျှံဖြစ်ပွားရခြင်းနှင့်ပတ်သက်၍ ၎င်းက မြို့ပေါ်ရပ်ကွက်မှာ ရေတွေဝင်ရောက်နေတဲ့အတွက် မြို့ပေါ်ရပ်ကွက်တွေမှာရှိတဲ့ ပြည်သူအားလုံးကိုဘေးလွတ်ရာ ကယ်ဆယ်ရေးစခန်းတွေကို ပြောင်းရွှေ့ထားပြီးပါပြီ။ ပြီးတော့ စေတုတ္တရာမြို့နယ်မှာလည်း ရေးသင့်ပြည်သူတွေကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပြီးပါပြီ"ဟု ပြောကြားသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးကလည်း "ကျွန်တော်တို့ကယ်ဆယ်ရေးလုပ်ငန်းလုပ်တဲ့နေရာမှာ သက်ကြီးရွယ်အိုတွေကို ရွှေ့ပြောင်းပေးတဲ့အခါ အခက်အခဲနည်းနည်းဖြစ်တာက လွဲပြီး ကျန်တာ အခက်အခဲမရှိပါဘူး။ လူ တစ်ယောက်နွားရေမျောတာကို လိုက်ဆွဲရင်းသေဆုံး တာပဲရှိပါတယ်။ ကျန်တဲ့ဒေသခံပြည်သူတွေအားလုံးကို ဘေးလွတ်ရာကို ပို့ဆောင်ပြီးပါပြီ"ဟု ပြောပြသည်။ **(ဟန်နီဝင်း)**

# ညောင်ဦးမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ညောင်ဦး ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့၏ ဧရာဝတီမြစ်ရေ အခြေအနေသည် စိုးရိမ်ရေမှတ်သို့ရောက်ရှိရန် နီးကပ်လာပြီဖြစ်သည့်အတွက် ရေဘေးအန္တရာယ်ကြုံတင်ကာကွယ်သည့်အနေဖြင့် မြစ်လယ်ကျွန်း ရွာတစ်ရွာဖြစ်သည့် တောင်ဘီကျေးရွာအုပ်စု ဆယ်လံကျေးရွာရှိ ကျေးရွာနေပြည်သူများ၊ နွား၊ ဝက် အစရှိသည့် တိရစ္ဆာန်များကို ဇူလိုင် ၃၁ရက် နံနက်က ရေဘေးလွတ်ရာသို့ အချိန်မီပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များ၊ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်နေပြည်သူများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကြက်ခြေနီ၊ အရန်မီးသတ်နှင့်လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၀၀ ခန့်ဖြင့် စက်လှေ ခြောက်စင်း၊ ကားနှစ်စင်းတို့ဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ရေဘေးဒုက္ခသည်များအတွက် ညောင်ဦးမြို့နယ် တောင်ဘီကျေးရွာအတွင်းရှိ ဘုန်းတော်ကြီးကျောင်း လေးကျောင်းတွင် ယာယီကယ်ဆယ်ရေးစခန်းများ ထားရှိဆောင်ရွက်လျက်ရှိပြီး ယာယီကယ်ဆယ်ရေးစခန်းများဖြစ်သည့် ရွှေကျောင်းဘုန်းတော်ကြီးကျောင်းတွင် အမျိုးသား ၇၅ ဦး၊ အမျိုးသမီး ၁၁၀၊ ပေါင်း ၁၈၅ ဦးနှင့် နွား ၆၃ ကောင်၊ ကမ္ဘဘုန်းတော်ကြီးကျောင်းတွင် အမျိုးသား ၂၈၂ဦး၊ အမျိုးသမီး ၂၉၂ဦး စုစုပေါင်း ၅၇၄ ဦးနှင့် နွား ၂၁၂ ကောင်၊ မြင်းသုံးကောင်၊ မြသီတာဘုန်းတော်ကြီးကျောင်းတွင် အမျိုးသား ၅၁ ဦး၊ အမျိုးသမီး ၅၁ဦး စုစုပေါင်း ၁၀၂ ဦး နှင့် နွား ၂၃ ကောင်၊ မြို့ထောင့်ဘုန်းတော်ကြီးကျောင်းတွင် အမျိုးသား ၅၉ဦး၊ အမျိုးသမီး ၆၉ ဦး စုစုပေါင်း ၁၂၈ဦးနှင့် နွား ၃၅ ကောင်တို့ဖြစ်ရာ စုစုပေါင်း အမျိုးသား ၄၆၇ ဦး၊ အမျိုးသမီး ၅၂၂ ဦး စုစုပေါင်း ၉၈၉ ဦးနှင့် နွား ၃၃၃ ကောင်၊ မြင်းသုံးကောင်တို့ကို ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

အလားတူ မြစ်လယ်ကျွန်း ကျေးရွာတစ်ရွာဖြစ်သည့် မီးလောင်ပြား ကျေးရွာအုပ်စု ပခုက္ကူကျွန်းကျေးရွာတွင် အိမ်ထောင်စု ၂၄ စု၊ အမျိုးသား ၄၂ ဦး၊ အမျိုးသမီး ၅၂ဦး စုစုပေါင်း ၉၄ဦးနှင့် နွား ၈၂၇ ကောင်၊ သိုး ၂၆ ကောင်တို့ကို ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များစသည့် ကယ်ဆယ်ရေးအဖွဲ့များ အကူအညီဖြင့် ပခုက္ကူကျွန်းဘုန်းတော်ကြီးကျောင်း၌ ပြောင်းရွှေ့ နေရာချထားပေးပြီး ယာယီကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားကြောင်း၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**ရဲသူရအောင် (ညောင်ဦး)**

# ရခိုင်ပြည်နယ်ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများအား တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်

**နေပြည်တော် ဇူလိုင် ၃၁**

မြန်မာနိုင်ငံ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနသည် ရခိုင်ပြည်နယ်ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးနိုင်ရန်အတွက် စုစုပေါင်းငွေကျပ် ၅၉၅၄၀၀၀ တန်ဖိုးရှိ အမျိုးသားလုံချည်၊ အမျိုးသမီးလုံချည်၊ မျက်နှာသုတ်ပဝါနှင့် ကာဘော်လစ်ဆပ်ပြာတို့ကို ဇူလိုင် ၃၁ ရက်တွင် နေပြည်တော်လေဆိပ်မှ တပ်မတော်လေယာဉ်Y-8 ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်း ဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ စုစုပေါင်းငွေကျပ် ၂၄၁၉၅၀၀၀ တန်ဖိုးရှိ မိုးကာလိုပ်၊ အဝတ်အထည်ဘေထုပ်နှင့် Family Kit ပစ္စည်းများအား မင်္ဂလာဒုံလေဆိပ်ရှိ တပ်မတော်လေယာဉ် Y-8 ဖြင့်လည်းကောင်း အခြားဝန်ကြီးဌာနများမှလှူဒါန်းထောက်ပံ့သည့် ပစ္စည်းများနှင့်အတူ ရခိုင်ပြည်နယ်သို့ ပို့ဆောင်ပေးခဲ့သည်။

အခြားသော ရေဘေးသင့်ဒေသများမှ ပြည်သူများအတွက်လည်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်များရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ကယ်ဆယ်ရေးပစ္စည်းများကို ဆက်လက်ထောက်ပံ့ရေးစီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေကြီးနစ်မြုပ်မှုများကြောင့် သီးနှံစိုက်ဧကများ ထိခိုက်ပျက်စီး

**နေပြည်တော် ဇူလိုင် ၃၁**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုနှစ် ဇွန်လနှင့် ဇူလိုင်လများအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုနှင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်မှုဖြစ်ပွားပြီး သီးနှံများထိခိုက်ပျက်စီးခဲ့ကြောင်း၊ အဆိုပါပျက်စီးဆုံးရှုံးမှုများအပေါ် ပြန်လည်စိုက်ပျိုးနိုင်ရေး မျိုးများလုံလောက်စွာ ဝေငှပေးရန်၊ ရေကျချိန်တွင် ချက်ချင်းစိုက်ပျိုးနိုင်ရေး ဌာနပိုင်ထွန်စက်များဖြင့် ထွန်ယက်ပေးနိုင်ရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ရေကြီးနစ်မြုပ်မှုနှင့်သီးနှံများ ထိခိုက်ပျက်စီးမှုအခြေအနေ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | နစ်မြုပ်ဧက | ပြန်ပေါ်ဧက | ထိခိုက်ဧက | ပျက်စီးဧက | ပြန်စိုက် |
|---|---|---|---|---|---|---|
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - |
| ၂။ | ကချင်ပြည်နယ် | ၂၉၅၂၁ | ၂၅၀၆၀ | ၉၆၂၈ | ၆၂၃၈ | - |
| ၃။ | ကရင်ပြည်နယ် | ၁၀၄၅ | - | - | - | - |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၂၅၈၂၀ | ၆၉၃၈၉ | ၅၂၆၈၀ | ၂၄၆၉၈ | ၆ |
| ၅။ | ပဲခူးတိုင်းဒေသကြီး | ၁၇၄၁၉၈ | ၇၅၆၂ | ၁၃၂၇ | ၁၃၂၇ | - |
| ၆။ | မကွေးတိုင်းဒေသကြီး | ၂၀၀၀၂ | - | ၂၀၀၀၂ | - | - |
| ၇။ | မန္တလေးတိုင်းဒေသကြီး | ၃၃၅၈ | ၅၅၃ | ၆၀ | ၃ | - |
| ၈။ | မွန်ပြည်နယ် | ၄၈၀၈ | ၇၀၀ | - | - | - |
| ၉။ | ရခိုင်ပြည်နယ် | ၅၄၉၃၈ | ၂၉၁၅ | ၂၁၇၁ | ၁၄၄၀ | - |
| ၁၀။ | ရန်ကုန်တိုင်းဒေသကြီး | ၂၇၂၇၇ | ၈၄၉ | - | - | - |
| ၁၁။ | ရှမ်းပြည်နယ် | ၉၀၉၈ | ၇၄၈၂ | ၈၀၅ | ၁၉၀ | ၅၀ |
| ၁၂။ | ဧရာဝတီတိုင်းဒေသကြီး | ၇၄၈၀၇ | ၇၁၉၅ | ၆၁၇ | ၁၈၀ | - |
| | စုစုပေါင်း | ၅၂၄၈၉၅ | ၁၂၁၇၂၈ | ၈၇၂၉၀ | ၃၄၀၇၆ | ၅၆ |

**(သတင်းစဉ်)**

# မိုးဆက်လက်ရွာသွန်းနေသဖြင့် သဖန်းဆိပ်ဆည်မှရေများ ဆက်လက်ထုတ်လွှတ်လျက်ရှိသော်လည်း စိုးရိမ်ဖွယ်မရှိ

**မုံရွာ ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရွှေဘိုခရိုင် ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ရေလှောင်တမံမှရေများ လျှော့ချထုတ်လွှတ်လျက်ရှိကြောင်း သိရသည်။

သဖန်းဆိပ်ဆည်သည် ကန်ရေပြည့်လက်ခံနိုင်သည့် ရေလှောင်ပမာဏ ဧကပေ ၂၈၈၀၀၀၀ လက်ခံနိုင်ပြီး အထက်ပိုင်းဒေသများတွင် မိုးကောင်းနေသည့်အတွက် ဆည်၏စိုးရိမ်ရေမှတ် ၅၄၅ ပေကို ကျော်လွန်ပြီး လက်ရှိ ဇူလိုင် ၃၁ ရက်တွင် ၅၄၅ ဒသမ ၄၀ ပေဖြစ်သည့် ကန်ရေပြည့်ပမာဏ ၂၉၄၄၀၉၆ ဧကပေကို ရောက်ရှိနေကြောင်း သိရသည်။

သို့ဖြစ်ရာ သဖန်းဆိပ်ဆည်၏ ပင်မရေပိုလွှဲ ၁၂ ပေါက်တံခါးမှ လက်ရှိရေလွှတ်နှုန်း ၅၂၀၀၀ ကျူးဆက်ဖြင့် ရေများလျှော့ချလျက်ရှိပြီး ယခင်ရက်များက ၄၆၀၀၀ ကျူးဆက်နှုန်းသာ ထုတ်လွှတ်ပေးရာမှ အထက်ပိုင်းတွင် မိုးဆက်လက်ရွာသွန်းသဖြင့် ယခုကဲ့သို့တိုးမြှင့်ထုတ်လွှတ်နေကြောင်း သိရှိရပြီး ဆည်၏ကြံ့ခိုင်မှုမှာ စိုးရိမ်ဖွယ်ရာမရှိကြောင်းနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး လိုအပ်သည်များကို ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**(တိုင်းဒေသကြီးပြန်/ဆက်)**



# ဆိုင်ကလုန်းမုန်တိုင်း ရိုက်ခတ်မှုအရှိန်ကြောင့် ရခိုင်ပြည်နယ်အတွင်း လေပြင်းများတိုက်ခတ်

**စစ်တွေ ဇူလိုင် ၃၁**

ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် ဇူလိုင် ၃၀ ရက် မွန်းလွဲပိုင်းက ဖြစ်ပေါ်ခဲ့သော ကိုမန် ဆိုင်ကလုန်းမုန်တိုင်း ရိုက်ခတ်မှုအရှိန်ကြောင့် ရခိုင်ပြည်နယ်အတွင်း မိုးသက်လေပြင်းများ ကျရောက်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ကယ်ဆယ်ရေးနှင့် ပြင်ဆင်တည်ဆောက်ရေးလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း (ကိုမန်) ရိုက်ခတ်မှုမှာ ဇူလိုင် ၃၀ ရက် နံနက် ၉ နာရီခန့်တွင် စစ်တွေမြို့၏ အနောက်မြောက်ဘက်ခြမ်း စစ်တွေပို့ဆိပ်ကမ်းခြေမှ ဓညဝတီရေတပ်စခန်းဌာနချုပ် ရေတပ်အိမ်ထောင်သည် လိုင်းများအား ဖြတ်ကျော်ပြီး စစ်တွေဟိုတယ်အပါအဝင် စစ်တွေလေယာဉ်ကွင်းတစ်ဝိုက်၊ မေယုလမ်းနှင့် လေဆိပ်လမ်းဆုံမှ အနောက်တောင်ဘက်နှင့် မကျည်းမြိုင်ရပ်ကွက်၊ ဓညဝတီရပ်ကွက်၊ မင်းဂံရပ်ကွက်၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(စစ်တွေ)နှင့် တပ်နယ်မြေကို ဖြတ်သန်းဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ထိုမုန်တိုင်းတိုက်ခတ်မှုအရှိန်ကြောင့် လေတိုက်နှုန်းမှာ တစ်နာရီမိုင် ၈၀ ကျော်ခန့်ထိရှိခဲ့ပြီး ရှုခင်းသာလမ်း၊ မြင်းပြိုင်လမ်းသွယ်များ၊ နေရှူးလမ်းမကြီးနှင့် အခြားလမ်းသွယ်များ၊ ရပ်ကွက်ကျေးရွာများတွင် သစ်ပင်သစ်ကိုင်းများ ကျိုးကျခြင်း၊ ကြော်ငြာဆိုင်းဘုတ်များပြိုလဲခြင်း၊ လမ်းတစ်လျှောက်ရှိ သက်တမ်းရင့် သစ်ပင်ကြီးများ အပါအဝင် အဖိုးတန်အပင်များ ပြိုလဲခြင်း၊ လျှပ်စစ်မီးကြိုးနှင့် တယ်လီဖုန်းကြိုးများ ပြတ်တောက်ခြင်း၊ ကွန်ကရစ်ဓာတ်တိုင်များ ကျိုးကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ထို့အပြင် ကုလားတန်မြစ်ရေကြီးမှုကြောင့် ကျောက်တော်မြို့နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်လျက်ရှိသကဲ့သို့ ရန်ကုန်-စစ်တွေ ကားလမ်းမကြီး စစ်တွေမြို့နှင့် ၁၆ မိုင်ခန့်အကွာ ကုလားတန်မြစ်အား ဖြတ်သန်းတည်ဆောက်ထားသည့် အမြင့်ကျွန်းတံတားအခြေမှ ကျွန်းတောင်ရွာဘက်အခြမ်း နှစ်မိုင်ခန့်တွင် ကားလမ်းရေကျော်မှုများ ဖြစ်ပေါ်လျက်ရှိသည်။

ထို့အတူ ပုဏ္ဏားကျွန်းမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားခွဲရုံသို့ အမ်းမြို့ဓာတ်အားခွဲရုံမှ ပေးပို့သော ၂၃၀ ကေဗွီ ကောင်းကင်ဓာတ်အားကြိုးသွယ်တန်းထားသည့် တာဝါတိုင်နှင့် ပုဏ္ဏားကျွန်းခွဲရုံသို့ အဝင်တာဝါတိုင်တို့သည် ယမန်နေ့ နံနက် ၉ နာရီ ၁၅ မိနစ်ခန့်က ပြိုလဲပြီး ဓာတ်အားအဝင် ပြတ်တောက်ခဲ့သည်။

စစ်တွေမြို့ရှိ မကျည်းမြိုင်ရပ်ကွက်၊ ဓညဝတီရပ်ကွက်၊ မင်းဂံရပ်ကွက်နှင့် တပ်နယ်မြေတို့တွင် ပျက်စီးမှုများအား မှတ်တမ်းရယူပြင်ဆင်ခြင်း၊ စစ်တွေတပ်နယ်မှ အရာရှိ၊ စစ်သည်များက လမ်းတစ်လျှောက် ပြိုလဲနေသည့် သစ်ပင်၊ သစ်ကိုင်းများ ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယာဉ်များ ပြန်လည်သွားလာနိုင်ပြီဖြစ်ကြောင်း၊ လျှပ်စစ်မီးနှင့် တယ်လီဖုန်းလိုင်းများ ပြုပြင်ဆဲဖြစ်ကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်း ပျက်စီးဆုံးရှုံးမှုများအား ကူညီထောက်ပံ့ပေးနိုင်ရန် ကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်လာသော လေယာဉ်သည် ယနေ့ညနေ ၆ နာရီ ၁၅ မိနစ်တွင် စစ်တွေမြို့သို့ ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြီးအုံကြီးဝရေလှောင်တမံ ရေပိုလွှဲမှ ရေထုတ်လွှတ်မှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် ယနေ့နံနက်ပိုင်းတွင် ကြီးအုံကြီးဝရေလှောင်တမံသို့ သွားရောက်စစ်ဆေးပြီး ရေလှောင်တမံမှ တာဝန်ရှိသူများနှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများအား တမံကြံ့ခိုင်ရေးအတွက် အစဉ်အမြဲစစ်ဆေးကြပ်မတ်ရန်၊ တာဝန်ချထားသော ရေကင်းများအနေဖြင့် ထူးခြားမှုရှိပါကလည်းကောင်း၊ ကြီးအုံကြီးဝတမံမှတစ်ဆင့် မုန်းချောင်းတစ်လျှောက်ရှိ ကျေးရွာများ ရေဝင်ရောက်မှုရှိပါကလည်းကောင်း အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ကြီးအုံကြီးဝရေလှောင်တမံမှတစ်ဆင့် ပွင့်ဖြူမြို့နယ်အတွင်းရှိ မုန်းချောင်းတစ်လျှောက်အား ကြည့်ရှုစစ်ဆေးသည်။

ကြီးအုံကြီးဝတမံတွင် ရေပိုလွှဲနှင့် အကူရေပိုလွှဲမှ စနစ်တကျ ရေထုတ်လွှတ်လျက်ရှိပြီး ပင်မတမံကြံ့ခိုင်မှုအတွက် စိုးရိမ်ဖွယ်ရာမရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စ အင်ဂျလီနာဂျိုလီပစ် ရန်ကုန်မြို့ရှိ လူမှုအဖွဲ့အစည်းများနှင့်တွေ့ဆုံ

**ရန်ကုန် ဇူလိုင် ၃၁**

**ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ် မစ္စ အင်ဂျလီနာဂျိုလီပစ်နှင့်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီခွဲက ကချင်ပြည်နယ် မြစ်ကြီးနားလေဆိပ်မှ ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။**

မစ္စ အင်ဂျလီနာဂျိုလီပစ်သည် ယနေ့ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ YMCA အဆောက်အအုံတွင် ရွေးကောက်ပွဲအသိပညာပေးလုပ်ငန်းဆောင်ရွက်နေသော လူမှုရေးအသင်းအဖွဲ့တစ်ခုဖြစ်သည့် ရောင်ခြည်သစ်အဖွဲ့မှ အမျိုးသမီးများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် အမျိုးသမီးများ ဆန္ဒမဲပေးရာတွင် ပိုမိုပါဝင်နိုင်ရေး၊ လက်ရှိအခြေခံမဲဆန္ဒရှင်စာရင်း ကြေညာထားရှိမှုအခြေအနေ၊ ရောင်ခြည်သစ်အဖွဲ့အစည်းမှ မြန်မာနိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်နေသည့် အမျိုးသမီးခေါင်းဆောင်မှုနဲ့ ရွေးကောက်ပွဲအသိပညာပေးသင်တန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မစ္စ အင်ဂျလီနာဂျိုလီပစ်သည် ညနေ ၄ နာရီ ၃၅ မိနစ်တွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့၊ ဘာသာပေါင်းစုံငြိမ်းချမ်းရေးအဖွဲ့မှ ဘာသာရေးခေါင်းဆောင် ၁၂ ဦးနှင့် တွေ့ဆုံပြီး ငြိမ်းချမ်းရေး၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ စောင့်ရှောက်ရေး၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

UKaid ၏ Governance Adviser ဖြစ်သူ ဒေါ်ပြုံးသက်သက်ကျော်က "ဒီနေ့ မစ္စ အင်ဂျလီနာဂျိုလီပစ်လာတွေ့တာက မြန်မာအမျိုးသမီးတွေ မဲပေးနိုင်အောင်၊ နောက်တစ်ခုက အမျိုးသမီးဆိုတာ အိမ်မှာနေပြီး ထမင်းချက်ရမယ်ဆိုတဲ့ ဟာမျိုး၊ နောက် မဲပေးမယ်ဆိုရင်လည်း အဖေတွေ၊ အစ်ကိုတွေရဲ့ လွှမ်းမိုးမှုတွေ ရှိတာမျိုးရှိတယ်။ ဒါမျိုးတွေကို ကျော်လွန်ပြီး မဲဆန္ဒရှင်ပညာပေးခြင်းဆိုင်ရာအစီအစဉ်တွေကို လုပ်ဆောင်နေတဲ့အဖွဲ့တွေနဲ့ သူတွေ့တယ်။ ဒီနေ့ တွေ့ဆုံမှုမှာ သူက မဲဆန္ဒရှင်ပညာပေးခြင်းသင်တန်းရရှိတဲ့ အမျိုးသမီးတွေအနေနဲ့ ဒီလိုအသိပညာတွေ ရရှိတဲ့အခါမှာ ဘယ်လိုခံစားရလဲ။ သူတို့အနေနဲ့ ဘယ်လောက်တိုးတက်လာတယ်ဆိုတာကို အမျိုးသမီးချင်း



ဒေါ်ပြုံးသက်သက်ကျော်။



ဒေါ်ခင်လှ။



ဦးသာညွှန့်။

ဖလှယ်ကြတဲ့အနေနဲ့ တွေ့ဆုံတာပါ။ ရောင်ခြည်သစ်လို့ခေါ်တဲ့ အဖွဲ့အစည်းပါ။ အမျိုးသမီး ၂၀ လောက် ဒီနေ့ တွေ့ဆုံမှုမှာ ပါတယ်" ဟု မစ္စ အင်ဂျလီနာဂျိုလီပစ်၏ ဇူလိုင် ၃၁ ရက် ရန်ကုန်မြို့ခရီးစဉ်နှင့် ပတ်သက်ပြီး ပြောသည်။

YMCA အဆောက်အအုံတွင် မစ္စ အင်ဂျလီနာဂျိုလီပစ်နှင့်တွေ့ဆုံခဲ့သည့် ရောင်ခြည်သစ်အဖွဲ့အစည်းမှ ဒါရိုက်တာဖြစ်သူ ဒေါ်ခင်လှက "ကျွန်မတို့နိုင်ငံမှာ ရွေးကောက်ပွဲနဲ့ဆိုင်တာကို အမျိုးသမီးတွေ ပါလာဖို့ပါ။ ကျွန်မတို့လုပ်နေတဲ့ သင်တန်းအစီအစဉ်ကလည်း အမျိုးသမီး ခေါင်းဆောင်မှုနဲ့ ရွေးကောက်ပွဲအသိပညာပေးသင်တန်းဆိုတော့ ကျွန်မတို့အစီအစဉ် ဘယ်လောက်ထိထိရောက်ရောက်လုပ်နိုင်လဲဆိုတာကို လာပြီးတော့ ဆွေးနွေးတာဖြစ်တယ်။ သူစိတ်ဝင်စားတဲ့အရာက မဲစာရင်းစစ်တဲ့ဟာပါ။ မဲစာရင်းကို လူတွေက ကျွန်မတို့နိုင်ငံမှာ အငြင်းပွားမှုတအားဖြစ်နေတယ်။ အဲဒါကိုသူက အလွန်စိတ်ဝင်စားတယ်။

လူတွေဆီ ရွေးကောက်ပွဲနဲ့ဆိုင်တဲ့ သတင်းအချက်အလက်တွေ၊ မဲစာရင်းနဲ့ဆိုင်တာတွေ မှန်မှန်ရောက်နိုင်ဖို့ ဘယ်အပိုင်းက အထောက်အကူပြုလဲ မေးတယ်။ အဓိက အကောက်အကူဖြစ်မယ့်အပိုင်းကို သူတို့ဘက်ကလည်း တွန်းအားပေးပြီး လုပ်ဆောင်ပေးမယ်ပြောတယ်။ နောက်တစ်ချက်က သူတို့မနေ့က သမ္မတနဲ့အထက်ပိုင်းခေါင်းဆောင်တွေနဲ့ တွေ့တယ်။ ဒီအခါမှာ IDP က လူတွေ မဲပေးနိုင်ခွင့်ရဖို့အတွက်၊ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်စေချင်လို့ တွန်းအားပေးတယ်။ လူတွေမဲစာရင်းနဲ့ ပတ်သက်ပြီး များများသိဖို့အတွက် TV ကနေပြီး လူတွေများများသိနိုင်ရင် TV အစီအစဉ်တွေ များများလွှင့်ပေးနိုင်ဖို့ သူတို့ဘက်က ပံ့ပိုးနိုင်မယ့်ဟာကို သူ့ဘက်မှာရှိတဲ့ အလှူရှင်တွေကို တွန်းအားပေးပြီး ပြောကြားမယ်လို့ သူပြောတယ်" ဟု ၎င်းတို့၏ တစ်နာရီခန့် တွေ့ဆုံဆွေးနွေးခဲ့မှုအကြောင်းကို ပြောသည်။

ဘုရားဖြူကျောင်းတိုက်တွင် မစ္စ အင်ဂျလီနာဂျိုလီပစ်နှင့်တွေ့ဆုံခဲ့သည့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့၏ အထွေထွေအတွင်းရေးမှူး ဦးသာညွှန့်က "ဒီနေ့ ဆွေးနွေးမှုကို ၁၂ ဦး တက်ရောက်တယ်။ သူက UNHCR ရဲ့အထူးကိုယ်စားလှယ်ဆိုတော့ ငြိမ်းချမ်းရေးရဖို့၊ ကလေးသူငယ်တွေစောင့်ရှောက်ဖို့ နောက်တစ်ခုက အမျိုးသမီးတွေက အမြဲတမ်းဖိနှိပ်ခံရတယ်။ အကာကွယ်မဲ့တယ်။ အကာကွယ်မဲ့တဲ့သူတွေကို စောင့်ရှောက်ဖို့ပါ။ ကျွန်တော်တို့နိုင်ငံက ဘာသာရေးပဋိပက္ခရှိတယ်။ မရှိဘူးလို့ ငြင်းလို့မရဘူး။ ဘာသာရေးပဋိပက္ခကို ဖန်တီးသူတွေဟာ ဘာသာဝင်အစစ်တွေ မဟုတ်ကြဘူး။ ဘာသာတစ်ခုကို ယုံကြည်ကိုးကွယ်သူတွေမှာ ဘာသာတိုင်းဟာ သတ်တာဖြတ်တာကို အားမပေးဘူး။ မေတ္တာကို အားပေးတယ်။ အဲဒါကို ကျွန်တော်တို့ ထည့်သွင်းဆွေးနွေးတယ်။ ကျွန်တော်က အရင်ကဖြစ်ခဲ့တဲ့အကြောင်းအရာတွေကို ရှင်းပြတယ်။ ကျွန်တော်တို့ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းဟာ ဘာသာတွေချစ်ကြည်ဖို့ပဲ။ ဒုတိယတစ်ခုကတော့ ပဋိပက္ခဖြစ်လာရင် ဒုက္ခရောက်တဲ့သူတွေကို စောင့်ရှောက်ဖို့။ မတူကွဲပြားမှုကတော့ ရှိမှာပဲ။ မတူကွဲပြားမှုမှာ ပေါင်းစည်းနိုင်ဖို့ကတော့ မေတ္တာပဲ" ဟု ဆွေးနွေးချက်အကျဉ်းချုပ်ကို ပြန်လည်ဖြေကြားသည်။

မစ္စ အင်ဂျလီနာဂျိုလီပစ်၏ ရန်ကုန်ခရီးစဉ်သည် ဩဂုတ် ၃ ရက်အထိ ကြာမြင့်မည်ဖြစ်ပြီး ၎င်းသည် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့မှ ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း တို့နှင့် သီးခြားစီ တွေ့ဆုံခဲ့သည်။

မစ္စ အင်ဂျလီနာဂျိုလီပစ်သည် ဇူလိုင် ၃၀ နှင့် ၃၁ ရက်တွင် မြစ်ကြီးနားမြို့ပေါ်ရှိ ဂျာမိုင်ကောင်းစစ်ဘေးဒုက္ခသည်စခန်းနှင့် ပလနကျေးရွာရှိ စိန့်ဂျိုးဇက်ဒုက္ခသည်စခန်းများသို့ သွားရောက်ခဲ့ပြီး ကချင်ပြည်နယ်အစိုးရ၊ ဘာသာရေးအသင်းအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများနှင့် တွေ့ဆုံခဲ့သည်။

မစ္စ အင်ဂျလီနာဂျိုလီပစ်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ အထူးကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်ခဲ့ခြင်းဖြစ်ပြီး ၎င်း၏ ခရီးစဉ်သည် ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၃ ရက်အထိ ခြောက်ရက်တာ ကြာမြင့်မည်ဖြစ်သည်။

**သတင်း-မြန်မာ့သတင်းစဉ် (သတင်းအဖွဲ့)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဇူလိုင် ၃၀**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းတာချက်အရ ရေလှောင်တမံကြီး ၄၃ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၁ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၃. ၀၅' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၂. ၇၀' |
| ၃။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၀. ၄' |
| ၄။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၈. ၆၀' |
| ၅။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၃. ၂၀' |
| ၆။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၈၀' |
| ၇။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၁၃. ၂၀' |
| ၈။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၁. ၆၅' |
| ၉။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၂. ၂၀' |
| ၁၀။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၇၀' |
| ၁၁။ | ကိုးပင်ရေလှောင်တမံ | ၉၇၆၄ | ၀. ၇၀' |
| ၁၂။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၂၀' |
| ၁၃။ | မြောက်ယမားရေကူ ရေလှောင်တမံ | ၁၂၂၉၀၀ | ၄. ၈၀' |
| ၁၄။ | ကန့်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၄၀' |
| ၁၅။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၁. ၀၀' |
| ၁၆။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၇၀' |
| ၁၇။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၅၀' |
| ၁၈။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၈၀' |
| ၁၉။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၂. ၂၀' |
| ၂၀။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၈၀' |
| ၂၁။ | ဝလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၈၀' |
| ၂၂။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၁. ၀၀' |
| ၂၃။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၆၄' |
| ၂၄။ | စဉ့်ကူးချောင်းဂေါင်းရေ လှောင်တမံ | ၂၂၂၉ | ၀. ၄၀' |
| ၂၅။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၃. ၁၀' |
| ၂၆။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၁. ၂၀' |
| ၂၇။ | ခဝါရေလှောင်တမံ | ၁၂၅၅၀ | ၁. ၀၀' |
| ၂၈။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၇. ၇၀' |
| ၂၉။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၃၅. ၈၀' |
| ၃၀။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၇. ၅၀' |
| ၃၁။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၃၂. ၀၀' |
| ၃၂။ | မဒေးရေလှောင်တမံ | ၅၃၉၀၀ | ၃. ၅၀' |
| ၃၃။ | တောင်ခင်ရန်းရေလှောင်တမံ | ၁၁၇၂၆ | ၃. ၈၀' |
| ၃၄။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၂. ၉၀' |
| ၃၅။ | ဝန်ချောင်းရေလှောင်တမံ | ၁၆၆၇ | ၂. ၈၀' |
| ၃၆။ | ပြိုင်းချောင်းရေလှောင်တမံ | ၂၅၂၀၅ | ၄. ၀၀' |
| ၃၇။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၂. ၂၀' |
| ၃၈။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၁. ၄၀' |
| ၃၉။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၁. ၀၅' |
| ၄၀။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၁. ၉၅' |
| ၄၁။ | မမြရေလှောင်တမံ | ၇၁၄၀၀ | ၄. ၀၀' |
| ၄၂။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၂. ၇၀' |
| ၄၃။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၅. ၇၀' |

## ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | လက်ရှိရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှရေကျော်ရန် လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ကင်းသာရေလှောင်တမံ | ၇၂ | ၆၂ | ၁. ၄၀' |
| ၂။ | မုံချောင်းရေလှောင်တမံ | ၅၂၅ | ၄၅၅ | ၀. ၉၀' |
| ၃။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၃၅၃၃ | ၂၆. ၄၀' |
| ၄။ | မြို့လှ(တပ်ကုန်း) ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂. ၈၀' |
| ၅။ | ရေဆင်းဆည် | ၇၃၀၀၀ | ၁၈၁၀၀ | ၂၈. ၄၀' |
| ၆။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၅၀၉၇၁၁ | ၁၀. ၁၁' |
| ၇။ | ငလိုက်ဆည် | ၇၅၀၀၀ | ၄၀၆၇၄ | ၁၀. ၈၀' |
| ၈။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၆ | ၆. ၆၂' |
| ၉။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၃၉၄၇ | ၁၀. ၂၅' |
| ၁၀။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၃၁၈ | ၆. ၈၆' |
| ၁၁။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၆၆၅၂ | ၂၂. ၁၉' |
| ၁၂။ | ဖောင်းလောင်ရေလှောင်တမံ | ၁၂၂၅၇ | ၈၉၀၀ | ၅. ၅၀' |
| ၁၃။ | လွိုင်နန်းဖရေထိန်းတမံ | ၁၅၀၈ | ၈၅၄ | ၉. ၅၀' |
| ၁၄။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၃၇၃၆၃ | ၃၇. ၉၀' |
| ၁၅။ | ကိုဒူကွဲရေလှောင်တမံ | ၁၄၈၃၆၄ | ၆၇၂၈၃ | ၁၆. ၁၀' |
| ၁၆။ | ရွှေလောင်းရေလှောင်တမံ | ၁၀၀၀၂၄ | ၂၉၂၅၂ | ၂၅. ၀၀' |
| ၁၇။ | စလူရေလှောင်တမံ | ၉၀၀၀၀ | ၄၆၄၈၀ | ၁၂. ၈၀' |
| ၁၈။ | ဆည်တော်ကြီးဆည် | ၃၆၂၈၅၀ | ၃၃၀၅၀၀ | ၄. ၅၀' |
| ၁၉။ | ကင်းတားဆည် | ၈၇၃၅၈၀ | ၁၈၀၁၄၀ | ၉၁. ၆၂' |
| ၂၀။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၁၇၁၀၀၀ | ၀. ၉၀' |
| ၂၁။ | ဇော်ဂျီရေလှောင်တမံ | ၅၁၇၈၆၃ | ၇၈၈၉၇ | ၆၀. ၆၀' |

(သတင်းစဉ်)

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၃၁**

နေပြည်တော်နှင့် မန္တလေးတို့ အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၁**

၂၀၁၅ ခုနှစ် ဩဂုတ် ၁ ရက်တွင် ကျရောက်သည့် ဆွစ်ဇာလန်နိုင်ငံ ထူထောင်သည့်နေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဆွစ်ဇာလန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒီဒီရာဘတ်ခ်ဖော်လ်တာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

❍ **ရွှေဖုံးမှ**

အစီအစဉ်ဖြင့် အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများဖြစ်သည့် မော်တော်ဘုတ်များ၊ အသက်ကယ်အင်္ကျီများ၊ စကားပြောစက်များနှင့် အသင့်စားခေါက်ဆွဲခြောက်ထုပ်၊ ငါးသေတ္တာဘူး၊ ရေသန့်ဘူးများနှင့် အဝတ်အထည်မျိုးစုံ ကျားဝတ်၊ မဝတ်များနှင့် အခြားအသုံးအဆောင် ပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများကို ရဟတ်ယာဉ်များဖြင့် ယာကြီး - ကလေးဝလမ်းပေါ်ရှိ ချမ်းအေးရွာအရောက် အမြန်ပို့ဆောင်ပေးလျက်ရှိပြီး ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို တာဝန်ရှိသူများက ကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ပြီး အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(တိုင်းဒေသကြီးပြန်/ဆက်)

## မိုးသည်းထန်စွာရွာသွန်းခြင်းကြောင့် ရေလွှမ်းမိုးသောဒေသများရှိ ပြည်သူများအတွက် ကျန်းမာရေးသတိပေးနှိုးဆော်ချက်

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးမှုအန္တရာယ်၊ ရုတ်တရက် ရေလွှမ်းမိုးမှုအန္တရာယ်၊ မိုးကြိုးအန္တရာယ်၊ မြေပြိုမှုအန္တရာယ်၊ လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ်၊ ထိခိုက်မှုအန္တရာယ်၊ မြွေကိုက်မှုအန္တရာယ်နှင့် အအေးမိ၍ ဖျားနာခြင်း၊ အဆုတ်ရောင်ခြင်း၊ ကူးစက်ရောဂါများဖြစ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အစာအဆိပ်သင့်ရောဂါနှင့် အခြားကျန်းမာရေး ပြဿနာများဖြစ်ပွားတတ်ပါသည်။ သို့ဖြစ်ပါ၍ -

၁။ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များမှထုတ်ပြန်သော လိုက်နာဆောင်ရွက်ရမည့် သတိပေးချက်များကို တိကျစွာလိုက်နာပါ။

၂။ သက်ဆိုင်ရာမှညွှန်ကြားချက်ရမှသာ ယာယီနားခိုနေသော အဆောက်အအုံ၊ အမိုးအကာများအောက်မှ ထွက်ခွာပါ။ ရေလွှမ်းမိုးနေချိန်တွင် ချိုင့်ခွက်နှင့် မြောင်းများအတွင်းသို့ ချော်ကျ၍ ရေနစ်နိုင်သည့်အန္တရာယ်ရှိသောကြောင့် သတိပြု၍ သွားလာပါ။

၃။ လျှပ်စစ်ဓာတ်လိုက်မှုအန္တရာယ်ရှိ၍ သတိပြုသွားလာပါ။

၄။ မြွေအန္တရာယ်ကြုံတွေ့ရတတ်သဖြင့် သတိပြုကြပါ။

၅။ ထိခိုက်ဒဏ်ရာရရှိပါက ဆေးရုံများနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများတွင် ချက်ချင်းပြသ၍ ဆေးကုသမှုခံယူပါ။

၆။ ဝမ်းပျက်ဝမ်းလျှောရောဂါအပါအဝင် အစားအစာနှင့် ရေမှတစ်ဆင့် ကူးစက်တတ်သောရောဂါများဖြစ်ပွားနိုင်သဖြင့် ကျိုချက်ထားသောရေ (သို့မဟုတ်) ကလိုရင်းဆေးခတ်ထားသော ရေကိုသာသောက်ပါ။ မြစ်ရေ၊ ချောင်းရေနှင့် မသန့်ရှင်းသောရေများကို မသောက်ပါနှင့်။

၇။ အစာအဆိပ်သင့်မှုမဖြစ်စေရန် ရေမျောအစားအစာများနှင့် စည်သွတ်ဘူးများ၊ အခြားအမျိုးအမည်မသိအစားအစာများ မစားသောက်ပါနှင့်။ (အစားအစာများကို မစားသောက်မီစစ်ဆေးပါ။)

၈။ ရက်လွန်အစားအစာများနှင့် လတ်ဆတ်မှုမရှိသော အစားအစာ၊ သိုးနေသော အစားအစာများနှင့် သန့်ရှင်းမှုမရှိသော အစားအစာများကို မစားပါနှင့်။ အမှည့်လွန်အသီးများ မစားပါနှင့်။

၉။ သောက်သုံးရေ အရင်းအမြစ်များနှင့် ရေတွင်းရေကန်များအနီး အညစ်အကြေးမစွန့်ပါနှင့်။

၁၀။ အအေးမမိစေရန် အမိုးအကာအောက်တွင်နေပါ။ နွေးထွေးသော အဝတ်များ ဝတ်ဆင်ထားပါ။ (ကလေးသူငယ်များကို အထူးဂရုစိုက်ပါ။)

၁၁။ တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုဆောင်ရွက်ကြပါ။

၁၂။ နာမကျန်းဖြစ်ပါက ကျန်းမာရေးဌာနတွင် ချက်ချင်းပြသ၍ ဆေးကုသမှုခံယူပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# မြန်မာနိုင်ငံကို လူတွေရှာဖွေမသိရှိသေးတဲ့ အဖိုးတန်ရတနာနေရာလေးလို့ ပြောကြ . . .

**ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်(စီအယ်လ်အမ်ဗွီ) နိုင်ငံများသို့ ခရီးသွားဧည့်သည် ဝင်ရောက်မှုသည် ၁၉ ဒသမ ၆ သန်းရှိပြီး ၂၀၁၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၁ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်လာကြောင်း တတိယအကြိမ် စီအယ်အမ်ဗွီခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးပူးတွဲကြေညာချက်မှ သိရသည်။**

**နန္ဒာဝင်း၊ ဟန်နီဝင်း**

စီအယ်လ်အမ်ဗွီနှင့် အက်မက်စ်အဖွဲ့ဝင်နိုင်ငံများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ထိုင်းတို့မှ ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးကို နေပြည်တော်တွင် ကျင်းပလျက်ရှိပြီး စီအယ်လ်အမ်ဗွီအဖွဲ့ဝင် လေးနိုင်ငံပါဝင်သည့် လေးနိုင်ငံခရီးစဉ် ဒေသတစ်ခု၊ အက်မက်စ် အဖွဲ့ဝင် ငါးနိုင်ငံပါဝင်သည့်ငါးနိုင်ငံခရီးစဉ်ဒေသတစ်ခုလုပ်ဆောင်ပြီး အဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန နိုင်ငံတကာနှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ခိုင်မီမီထွန်းက "စီအယ်လ်အမ်ဗွီကတော့ လေးနိုင်ငံပါတဲ့ ခရီးစဉ်ဒေသတစ်ခု၊ အက်မက်စ်ကတော့ ငါးနိုင်ငံပါတဲ့ ခရီးစဉ်ဒေသတစ်ခု လုပ်ဆောင်မယ်ဆိုတာ ပိုပြီးကျယ်ပြန့်တဲ့ ခရီးစဉ်ဒေသတစ်ခုအဖြစ် ပေါင်းစည်းလိုက်တာပါ။ ဧရိယာတစ်ခုအနေနဲ့ ပေါင်းစည်းလိုက်တာပါ" ဟုပြောကြားသည်။

ဆက်လက်ပြီး ဒေါ်ခိုင်မီမီထွန်းက "ဒီလိုခရီးစဉ်တွေအတွက် အဓိကကတော့ လေကြောင်းလိုင်းတွေဟာလည်း အရေးပါပါတယ်။ လေကြောင်းလိုင်း ချိတ်ဆက်ထားတဲ့ နေရာတွေကတော့ ပိုပြီးခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်နိုင်ပါတယ်။ အဖွဲ့ဝင်နိုင်ငံတွေ ပူးပေါင်းဆောင်ရွက်မယ့် ခရီးသွားလုပ်ငန်းဆိုင်ရာတွေမှာ ထိုင်းနိုင်ငံကဦးဆောင်ပြီး လုပ်နေတာတွေလည်းရှိတယ်။ ဥပမာသင်တန်းပေးတာမျိုးတွေပါ။ မြန်မာနိုင်ငံမှာလည်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းများအသင်းနဲ့ ပူးပေါင်းပြီး မြို့နယ်တွေမှာ သင်တန်းတွေ ဖွင့်တာတွေရှိပါတယ်"ဟု ပြောပြသည်။

မြန်မာနိုင်ငံတွင် လိုင်စင်ရပြည်တွင်းခရီးသွားလုပ်ငန်းကုမ္ပဏီ ၁၅၈၉ခု၊ ဖက်စပ်ခရီးသွားလုပ်ငန်းကုမ္ပဏီ ၃၃ ခုနှင့် နိုင်ငံခြားသားပိုင် ခရီးသွားလုပ်ငန်းကုမ္ပဏီ တစ်ခု စုစုပေါင်းခရီးသွားကုမ္ပဏီ ၁၆၂၃ ခုရှိကြောင်း သိရသည်။

ထို့ပြင် ခရီးသွားလုပ်ငန်းတိုးတက်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် အခြားအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယခုနှစ် ဇွန်လအထိ ခရီးသွားဧည့်သည်ဝင်ရောက်မှု ကနဦးခန့်မှန်းစာရင်းများအရ ၁ ဒသမ ၈ သန်းရှိကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ခရီးသွားဧည့်သည် ၂ ဒသမ ၀၄ သန်း၊ ၂၀၁၄ ခုနှစ်တွင် ခရီးသွားဧည့်သည် ၃ ဒသမ ၈ သန်းရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံ ခရီးသွားလာရေးနှင့် အားကစားဝန်ကြီး Ms.Kobkarn Wattana-vrangkul ကလည်း "အက်မက်စ်နိုင်ငံတွေကြားမှာ ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဟာ အရေးကြီးတဲ့ ကဏ္ဍတစ်ခုလို့ ထင်ပါတယ်။ ဒီလိုဖွံ့ဖြိုးတိုးတက်ဖို့ အားလုံးက လုပ်ဆောင်နေပါတယ်။ ပြီးခဲ့တဲ့ ဇွန်လအတွင်း မြန်မာနိုင်ငံက ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနဲ့ ထိုင်းနိုင်ငံက ခရီးသွားလာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းပြီး နိုင်ငံတကာက မီဒီယာအဖွဲ့တွေ ခရီးသွားလုပ်ငန်းကုမ္ပဏီတွေက မြန်မာနိုင်ငံရဲ့ ခရီးစဉ်ဒေသသစ်တွေကို လာရောက်လေ့လာတာမျိုးတွေ ရှိပါတယ်။

ဒီလိုခရီးသွားလာရေးလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ လေကြောင်းလိုင်းတွေ တိုးချဲ့တာမျိုးတွေ ပြုလုပ်သင့်ပါတယ်။ ပြီးခဲ့တဲ့ရက်အတွင်းက ထိုင်းနိုင်ငံနဲ့ မြန်မာနိုင်ငံကြား ခရီးသွားတွေအနေနဲ့ ဗီဇာမလိုဘဲလေကြောင်းလိုင်းကတစ်ဆင့် ၁၅ ရက်ကြာ ခရီးသွားလာခွင့် သဘောတူညီချက် ပြုလုပ်ခဲ့တာမျိုးရှိပါတယ်။ ဒါမျိုးဟာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ တစ်နည်းတစ်ဖုံ အထောက်အကူပြုစေပါတယ်။

မြန်မာနိုင်ငံကဘုရားတွေ၊ သာသနာ့အဆောက်အအုံတွေဟာ နာမည်ကျော်ကြားတဲ့အတွက် ထိုင်းနိုင်ငံက ပြည်သူတွေ မြန်မာနိုင်ငံမှာ ခရီးသွားလည်ပတ်ဖို့ စိတ်ဝင်စားကြတယ်"ဟုအဖွဲ့ဝင်နိုင်ငံများနှင့် မြန်မာနိုင်ငံ၏ ခရီးသွားလာမှု ကဏ္ဍအပေါ် ပြောကြားခဲ့သည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်သည့် အဖွဲ့ဝင်နိုင်ငံများကြား ခရီးစဉ်များ ဆောင်ရွက်သကဲ့သို့ အဖွဲ့ဝင်နိုင်ငံများကြားတွင် single visa စနစ်များကိုလည်း လုပ်ဆောင်သွားမည်ဟု သိရသည်။

ထိုသို့ လုပ်ဆောင်သွားမည့် single visa စနစ်များနှင့် ပတ်သက်၍ ထိုင်းနိုင်ငံ ခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးက "Single visa စနစ်ကို အက်မက်စ်နိုင်ငံများမှ ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့က စတင်ပြီး လုပ်ဆောင်ခဲ့ပါတယ်။ အက်မက်စ်နိုင်ငံများကြားမှာ single visa လုပ်ဆောင် သွားမှာဖြစ်ပြီးတော့ တချို့နေရာတွေမှာ လိုအပ်ချက်တွေလည်း ရှိနေပါသေးတယ်။ ဒီလိုအပ်ချက်လေးတွေကို ညှိနှိုင်းဆောင်ရွက်သွားရမှာပါ။

အခုလောလောဆယ်မှာ ကျွန်မတို့ နိုင်ငံအနေနဲ့ နိုင်ငံပေါင်း ၄၀ ကျော်ကို ဗီဇာမလိုဘဲ လာရောက်ခွင့်ပေးထားတာရှိပါတယ်"ဟုပြောပြသည်။

အဖွဲ့ဝင်မြန်မာနိုင်ငံ၏ ခရီးသွားကဏ္ဍအပေါ် ၎င်းက "မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းဟာ ဖွံ့ဖြိုးတိုးတက်မယ့် အလားအလာကောင်းတွေ အများကြီးရှိပါတယ်။ ခရီးသွားတွေကိုဆွဲဆောင်နိုင်တဲ့ ကမ်းခြေတွေ၊ ကျွန်းတွေ၊ သာသနိက အဆောက်အအုံတွေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေ အများကြီးရှိပါတယ်။ ကျွန်မအနေနဲ့ နိုင်ငံတကာမှာရှိတဲ့ ခရီးသွားလာမှုနဲ့ သက်ဆိုင်တဲ့ ပွဲတွေသွားရောက်တဲ့အခါမှာ အာဆီယံနိုင်ငံများထဲမှာ မြန်မာနိုင်ငံကို အလည်အပတ်သွားရောက်လိုမှုဟာ အများဆုံးဆိုတာ သိရှိခဲ့ရပါတယ်။ ဒါဟာ မြန်မာနိုင်ငံအတွက် ကြီးမားတဲ့ အခွင့်အလမ်း တစ်ခုလို့ ထင်ပါတယ်။

ကမ္ဘာက မြန်မာနိုင်ငံကို လူတွေ ရှာဖွေမသိရှိသေးတဲ့ အဖိုးတန်ရတနာနေရာလေးလို့ ပြောကြပါတယ်။ ဒီလိုလှပတဲ့၊ ခရီးသွားတွေလည်ပတ်စရာတွေရှိတဲ့ မြန်မာနိုင်ငံအနေနဲ့ ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးဖို့အတွက် အစိုးရ၊ ခရီးသွားလုပ်ငန်းနဲ့ သက်ဆိုင်တဲ့ ပုဂ္ဂလိကအခန်းကဏ္ဍနဲ့ ပြည်သူတွေ ပူးပေါင်းဆောင်ရွက်မယ်ဆို အောင်မြင်မှုရရှိမှာ အသေအချာပါပဲ။

ကျွန်မတို့ ထိုင်းနိုင်ငံဟာခရီးသွားလာမှု ဖွံ့ဖြိုးတိုးတက်တယ်လို့ ပြောလို့ရပေမယ့် အားနည်းချက်တွေ ရှိခဲ့ပါတယ်။ ဒီအားနည်းချက်တွေကို မြန်မာနိုင်ငံအနေနဲ့ လေ့လာရှောင်ရှားပြီးတော့ အကောင်းဆုံးလုပ်ဆောင်နိုင်ပါစေ" ဟု အကြံပြုပြောကြားခဲ့သည်။

## လှိုင်သာယာတွင် ခွင့်ပြုချက်မဲ့အဆောက်အအုံများရှင်းလင်း

**ရန်ကုန် ဇူလိုင် ၃၁**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ် (၁၅) ရပ်ကွက် မြေတိုင်း(၂၈) အိမ်ရာဝင်းအတွင်း ခွင့်ပြုချက်မဲ့ အဆောက်အအုံများကို ဇူလိုင် ၃၀ ရက် နံနက် ၇ နာရီခွဲတွင် တာဝန်ရှိသူအင်အား ၁၄၅၂ ဦးဖြင့် ဖျက်သိမ်းရှင်းလင်းဆောင်ရွက်ခဲ့သည်။



အိုးအိမ်ဦးစီးဌာနက ချထားဆောင်ရွက်ပေးထားသည့် (ဝန်ထမ်းကြီးများ) ရပ်ကွက်ဟု အမည်တွင်နေသည့် မြေကွက်များအတွင်း မူလပိုင်ရှင်လယ်သမားများထံမှ ဝယ်ယူထားသည်ဟုဆိုကာ အဆောက်အအုံများ၊ လူနေအဆောင်များ ဆောက်လုပ်၍ တရားမဝင် ကျူးကျော်နေထိုင်/ငှားရမ်းနေထိုင်ကြသည့် လူနေအဆောင် ၁၀ ဆောင်ခန့်အပါအဝင် ကျူးကျော်အဆောက်အအုံများ ရှင်းလင်းဆောင်ရွက်ရာ၌ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ခွင့်ပြုချက်ပါမစ်ချထားပေးခဲ့ပြီးသော မြေကွက် ၂၅ ကွက်ပေါ်တွင် တရားမဝင်နေထိုင်လျက်ရှိသည့် ကျူးကျော်အဆောက်အအုံ ၅၀ ကို မြောက်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးအဖွဲ့ဝင် ၃၇၀၊ မြောက်ပိုင်းခရိုင်မြို့နယ်ရဲတပ်ဖွဲ့ဝင် ၁၇၀၊ မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်း ၆၀၀၊ ရဲတပ်ရင်းအမှတ်(၉)မှ ၁၆၀၊ အိုးအိမ်ဦးစီးဌာနမှ ၄၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀၀၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၀ ဦး စုစုပေါင်း ၁၄၅၂ ဦးတို့ ပူးပေါင်းပါဝင်သောအဖွဲ့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ကွပ်ကဲရေးမှူးချုပ်တို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် မြေတူးစက် အကြီးသုံးစီး၊ မြေတူးစက်အသေးသုံးစီး၊ ၁၂ ဘီးတပ်ယာဉ်ရှစ်စီးတို့ဖြင့် ဖျက်သိမ်းရှင်းလင်းခဲ့သည်။

အဆိုပါလုပ်ငန်း ဆောင်ရွက်ရာ၌ စည်ပင်သာယာရေးကော်မတီ ဝန်ထမ်း ဦးအောင်အောင် (W.A) ရွှေပြည်သာ (EO)ရုံးသည် ညာဘက်လက်သန်းအသားကြေ၊ အရိုးပဲ့ ဒဏ်ရာနှင့် ပန်းဥယျာဉ်ဌာနမှ ဝန်ထမ်း ဦးအောင်ကိုကို(သစ်ပင်ပုံသွင်း)သည် ဘယ်ခြေခုံသွပ်ပြားပြတ်ရှဒဏ်ရာများ ရရှိ၍ အင်းစိန်ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေရပြီး ကျူးကျော်ရှင်းလင်းမှုကို ညနေ ၅ နာရီခွဲအထိ ဆောင်ရွက်သွားခဲ့ကြသည်။

အဆိုပါမြေတိုင်း (၂၈) ဝန်ထမ်းကြီးများရပ်ကွက်ဆိုသည့် အိမ်ရာအတွင်းရှိ မြေလွတ်များကို လယ်ယာမြေပိုင်ရှင်များက ၎င်းတို့ပိုင်မြေများဟု ပြောဆိုရောင်းချထားသည်ကို လွန်ခဲ့သည့် ခြောက်လခန့်က ဝယ်ယူကာ လိုင်းခန်းဆောက်လုပ်ငှားရမ်းထားသည့် လိုင်းခန်းပိုင်ရှင် ကိုထွန်းထွန်းဦးက "ကျွန်တော်တို့က လယ်သမားတွေ ပိုင်တဲ့မြေဆိုလို့ ပေ ၂၀ ဝယ်ပြီး လိုင်းခန်းဆောက်ထားတာ။ အခုမိသားစုဝင်တွေ နေကြတယ်။ ဖျက်သိမ်းမယ်ဆိုတာ ကျွန်တော်တို့ဘာမှ ကြိုမသိဘူး။ ဒီနေ့ကျမှ တရားမဝင်အဆောက်အအုံတွေဆိုပြီးတော့ လာဖျက်တဲ့ထဲမှာ ပါသွားတာ။ သိန်း ၂၀၀ ဖိုးလောက်တော့ ဆုံးရှုံးသွားပါတယ်"ဟု ပြောကြားခဲ့ပြီး နှစ်ရှည်နေထိုင်လာခဲ့ကြသော မိသားစုဝင်တချို့လည်း အိုးမဲ့၊ အိမ်မဲ့ဖြစ်သွားကြသည်ဟု သိရသည်။ **မင်းထက်ပိုင်(လှိုင်သာယာ)**

## ရေဘေးကြောင့် ပျက်စီးခဲ့သော သီးနှံများ ပြန်လည်စိုက်ပျိုး

**ကောလင်း ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် နှစ်ပေါင်း ၃၀ အတွင်း စံချိန်တင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေနစ်မြုပ်ပျက်စီးသွားသော စပါးစိုက်ခင်းနှင့် စီမံကိန်းဝင်သီးနှံများ ပြန်လည်စိုက်ပျိုးရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ စပါးမျိုးများ ပြန်လည်ထုတ်ပေးလျက်ရှိရာ ကောလင်းမြို့နယ် ကျေးရွာပေါင်း ၆၈ ရွာတွင် ပျက်စီးဆုံးရှုံးသွားသော လယ်ယာမြေ ၃၄၆၁၇ ဧကအတွက် ဇူလိုင် ၂၈ ရက်က မျိုးစပါး ၆၀၀၀ ကျော် ပံ့ပိုးထားကြောင်း သိရသည်။

ထို့ပြင် ကောလင်းမြို့နယ်တွင် ကျေးရွာ ၄၃ ရွာ အိမ်ခြေ ၂၃၈၃ မှ အသက် ၁၂ နှစ်အောက် ၂၁၉၂ ဦး၊ အသက် ၁၂ အထက် ရေဘေးသင့်ပြည်သူ ၉၀၀၁ ဦး ပြောင်းရွှေ့ခဲ့ရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇူလိုင် ၁၅ ရက်မှ ၁၈ ရက်အတွင်း ရွာသွန်းခဲ့သောမိုးကြောင့် တိုင်းဒေသကြီးအတွင်းမှ ၂၀ မြို့နယ်၊ ကျေးရွာအုပ်စု ၂၉၃ စုတွင် နွေစပါး ၄၉၅၆ ဧက၊ မိုးစပါး ၅၁၅၅၉ ဧက စပါးစိုက်ဧက၊ ဆီထွက် သီးနှံ ၂၁၅၅ ဧက၊ ပဲမျိုးစုံ ၄၇၆ ဧက၊ အခြားသီးနှံ ၁၁၃၆ ဧကခန့် ရေမြုပ်ပျက်စီးခဲ့ကြောင်း သိရသည်။

**ကိုကိုညိမ်း (ကောလင်း)**

## မော်လမြိုင်ကျွန်း အဝေးပြေးယာဉ်ရပ်နားစခန်း မကြာမီဖွင့်မည်

**မော်လမြိုင်ကျွန်း ဇူလိုင် ၃၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ အနယ်နယ်အရပ်ရပ်သို့ သွားလာဆက်သွယ်မှု အဆင်ပြေလွယ်ကူစေရေးအတွက် ၂၀၁၄ ခုနှစ် ဧပြီ ၇ ရက်မှ စတင်အကောင်အထည်ဖော်ခဲ့သည့် ယာဉ်ရပ်နားစခန်းကို မကြာမီ ဖွင့်လှစ်နိုင်တော့မည်ဖြစ်သည်။

အဆိုပါအဝေးပြေးယာဉ်ရပ်နားစခန်းကို မော်လမြိုင်ကျွန်းမြို့အဝင် ရာဇဒိုင်တံတား အမှတ်(၂)အနီးတွင် တည်ဆောက်ထားပြီး ဂိတ်ခန်းများ၊ လူနေဆိုင်ခန်းများ၊ ခရီးသည်နားနေဆောင်များ၊ ကားပါကင်များ ထည့်သွင်းတည်ဆောက်ထားကြောင်း သိရသည်။

**မော်ကျွန်းမြင့်အောင်**

## စဥ့်ကူးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဌာနအမည်ပြောင်းလဲ ဆိုင်းဘုတ်အသစ်စိုက်ထူ

**စဥ့်ကူး ဇူလိုင် ၃၁**

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ပြောင်းလဲတိုးတက်လာသော ခေတ်စနစ်များနှင့်အညီ လိုက်လျောညီထွေစွာ ပြုပြင်ဆောင်ရွက်လျက်ရှိပြီး အစိုးရဌာနများကိုလည်း အဆင့်မြှင့်တင်ပြောင်းလဲသတ်မှတ်ဆောင်ရွက်လျက်ရှိရာ ယခင်လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနကို ၂၀၁၅ ခုနှစ် မေ ၁ ရက်မှစတင်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအဖြစ် ပြည်နယ်/တိုင်းဒေသကြီး/ခရိုင်နှင့် မြို့နယ်အဆင့်ရုံးများတွင် ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း သက်ဆိုင်ရာဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနကို စဥ့်ကူးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအဖြစ် ဌာနအမည်ပြောင်းလဲဆိုင်းဘုတ်အသစ်စိုက်ထူပွဲကို ဇူလိုင် ၃၀ ရက် နံနက် ၁၀ နာရီက အဆိုပါဦးစီးဌာနရုံးရှေ့၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဦးအောင်ဆွေဦး၊ ဒုတိယမြို့နယ်ဦးစီးမှူး ဦးချစ်ရွှေနှင့် ရုံးဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ကြသည်။

မြို့နယ်ဦးစီးမှူး ဦးအောင်ဆွေဦးနှင့် တာဝန်ရှိသူများက ဦးစီးဌာနဆိုင်းဘုတ်အသစ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ စုပေါင်းစိုက်ထူပေးကြကြောင်း သိရသည်။

**(ဝင်းမောင်)**

# ပန်ဒါတို့ရဲ့ဘဝကို အသေးစိတ်တွေ့မြင်နိုင်မယ့် ကွန်ဖူးပန်ဒါ - ၃




သားသားမီးမီးတို့အသည်းစွဲ ကွန်ဖူးပန်ဒါ ဇာတ်လမ်းတွဲ၏ ဇာတ်ကားသစ်ကွန်ဖူးပန်ဒါ-၃ တွင် အဓိကဇာတ်ကောင် ပန်ဒါလေး'ပို'သည်သူ၏ မိသားစုများနှင့်ပြန်လည်ဆုံစည်းကာ ပန်ဒါတို့၏ ဘဝနေထိုင်မှုပုံစံများအား သင်ယူပုံများကို တွေ့မြင်ရမည်ဖြစ်သည်။

ကွန်ဖူးပန်ဒါ-၂ ရုပ်ရှင်တွင် ပန်ဒါလေး 'ပို' ကို သူ့ဖခင်က အသက်ရှင်လျက်ရှိနေကြောင်းသိရှိခဲ့ပြီး သူနေထိုင်ရာ ရွာလေးကို အခြားသောပန်ဒါလေးများနှင့်အတူ လိုက်သွားခဲ့သည်တွင် ဇာတ်လမ်းကို ရပ်ထားခဲ့သည်။

ယခုကွန်ဖူးပန်ဒါ-၃ရုပ်ရှင်ဇာတ်ကားတွင် 'ပို'၏အဖေသည် တရုတ်နိုင်ငံ စီချွမ်းပြည်နယ်သို့ ၁၀ရက်အလည်အပတ်ခရီးရောက်ရှိနေခဲ့ပြီး ယင်းပြည်နယ်၏ ရှုခင်းများကို အသားပေးရိုက်ကူးထားသည်။ ထို့ပြင် ယင်းရုပ်ရှင်၏ထုတ်လုပ်ရေး ဒီဇိုင်နာ ရေမွန်ဇီဘက်ချ်က နှင်းများအစဉ်ဖုံးလွှမ်းလျက်ရှိ ပြီး ပန်ဒါများပျော်စံရာ ကွင်းချန်းတောင်တွင် နေထိုင်လျက်ရှိသော ပန်ဒါလေးများ၏ ဘဝအစစ် အမှန်နှင့် သာယာလှပသော ရှုခင်းများကို သူ၏ ဒီဇိုင်းပညာနှင့် ပေါင်းစပ်ဖန်တီးထားသည်။

ဇီဘက်ချ်က "ပန်ဒါလေး'ပို'က သူ့ရဲ့မိသားစုတွေနဲ့ ပြန်လည်တွေ့ဆုံခဲ့ရတဲ့အကြောင်းကတော့ သူတို့တွေရဲ့နေထိုင်မှုဘဝပုံစံတွေက သူ့အတွက် ဘယ်တုန်းကမှ မတွေ့မမြင်ဖူးတဲ့ အထူးအဆန်းတွေ ဖြစ်နေလို့။ ပြီးတော့ အဲဒါတွေကို သင်ယူချင်လို့" ဟု ဇာတ်ကားသစ်နှင့်ပက်သက်၍ ပြောပြခဲ့သည်။

တွဲဖက်ဒါရိုက်တာ ဂျနီဖာ ယူရှ်နယ်လ်စန်က လည်း "ဒီဇာတ်ကားသစ်မှာတော့ ပရိသတ်တွေအနေနဲ့ 'ပို'အရွယ်ရောက်လာတဲ့အချိန်မှာ ဘယ်အရာတွေက သူ့ကိုပြောင်းလဲစေခဲ့တယ်။ ဘယ်အရာတွေကိုတော့ သူက ပြောင်းလဲနိုင်ခဲ့တယ်ဆိုတာ ရှုမြင်ကြရမှာပါ။ နောက်ပြီး'ပို'မှာ ပန်ဒါလေးတွေနဲ့တူတဲ့ ဘယ်လိုအကျင့်စရိုက်တွေရှိတယ်ဆိုတာနဲ့ 'ပို' တစ်ယောက် ပန်ဒါတွေရဲ့ တကယ့်လောကမှာ ပျော်နိုင်မှာလား။ သူတို့လောကနဲ့ သဟဇာတဖြစ်ရဲ့လားဆိုတာကိုလည်း ခံစားကြရမှာဖြစ်ပါတယ်"ဟု ဆိုခဲ့သည်။

ဆက်လက်၍သူက ယခင်ထွက်ရှိခဲ့သော ကွန်ဖူးပန်ဒါ (၁)နှင့် (၂)တို့ကို ဖန်တီးရိုက်ကူးခဲ့ရာ၌ ဆေးရောင် အနည်းငယ်သဘာဝမကျဖြစ်ခဲ့၍ ယခုတစ်ကြိမ်တွင် ရှုခင်းများကို ဖန်တီးခဲ့ရာတွင် ပရိသတ်ကိုယ်တိုင် ၎င်းနေရာသို့ ရောက်ရှိနေသည်ဟု ခံစားလာရလောက်အောင် သဘာဝကျကျ ဖန်တီးထားကြောင်းလည်း ဖွင့်ဟပြောကြားခဲ့သည်။

အဆိုပါဇာတ်ကားသစ်ကို ၂၀၁၆ ဇန်နဝါရီ ၂၉ ရက်မှစတင်ကာ အမေရိကန်၌ ရုံတင်ပြသသွားမည် ဖြစ်သည်။

<အေးပြည့် - စုစည်းသည်>



# ဂျပန်ပရိသတ်တွေ လာရောက်အားပေးခဲ့တဲ့ ဘေရောင်ဂျွန်းနဲ့ ပက်ဆိုးဂျင်တို့ရဲ့လက်ထပ်ပွဲ

၂၀၀၀ ခုနှစ်ခန့်က ထုတ်လွှင့်ပြသခဲ့တဲ့ "Winter Sonata" (ဟေမန်ဆောင်းရဲ့ ချစ်သံစဉ်) ရုပ်သံဇာတ်လမ်းတွဲနဲ့ အာရှပရိသတ်တွေ အထူးသဖြင့် ဂျပန်ပရိသတ်တွေနှစ်ခြိုက်စွဲလမ်းခဲ့တဲ့ မင်းသားဘေရောင်ဂျွန်းနဲ့ မင်းသမီး ပက်ဆိုးဂျင်တို့ရဲ့ မင်္ဂလာဧည့်ခံပွဲကို ဇူလိုင် ၂၇ ရက်ညနေက ဆိုးလ်မြို့ရှိ ရှီရာတွန်ဟိုတယ်မှာ ကျင်းပခဲ့ပါတယ်။

အဆိုပါ မင်္ဂလာပွဲသို့ ဘေရောင်ဂျွန်းကို ချစ်မြတ်နိုးတဲ့ ပရိသတ်များလည်း လာရောက်အားပေးခဲ့ပြီး အားပေးခဲ့တဲ့ လူအုပ်ကြီးထဲမှာ ဂျပန်ပရိသတ် တစ်ရာကျော်လောက်ပါဝင်ကာ အများစုက သက်လတ်ပိုင်းအရွယ်တွေဖြစ်ကြောင်း ယဟူးဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

လာရောက်အားပေးခဲ့တဲ့ ဂျပန်ပရိသတ်တစ်ဦးဖြစ်တဲ့ အသက်(၃၉)နှစ်အရွယ် အိမ်ရှင်မတစ်ဦးဖြစ်တဲ့ ယူကရိအန်ဒိုက "ကျွန်မက ဘေကို အားပေးလာခဲ့တာ (၁၂)နှစ်လောက်ရှိပါပြီ။ ခု ဒီကိုလည်း ကျွန်မကလေး သုံးယောက်နဲ့ အတူလာခဲ့တာ"လို့ ဆိုပါတယ်။

ဂျပန်နိုင်ငံက သူငယ်ချင်း နှစ်ဦးဖြစ်တဲ့ အသက် (၆၀)အရွယ် မိကိုဂါတာနာဘီနဲ့ (၅၉)နှစ်အရွယ် ဆူဂယူမီကိုတို့ကလည်း မင်္ဂလာပွဲကို လာရောက်ခဲ့ကြပြီး ဆူဂက ဟေမာန်ဆောင်းရဲ့ ချစ်သံစဉ်ဇာတ်ကားမှာ ဘေသရုပ်ဆောင်ခဲ့တဲ့ ပုံစံအတိုင်း ထီးကို ဟန်ပါပါဆောင်းထားခဲ့ကာ "ဒီနေ့ကတော့ ကျွန်မတို့အတွက် အရေးပါတဲ့ နေ့တစ်နေ့ပဲလေ"လို့ ဆိုခဲ့ပါတယ်။



ဘေ၏ ပရိသတ်များမင်္ဂလာပွဲကျင်းပရာ ဟိုတယ်ရှေ့၌ စောင့်ဆိုင်းနေကြစဉ်။

# အမျိုးသားတစ်ဦးလို သရုပ်ဆောင်ဦးမယ့် ပတ်ရှင်ဟေး

တောင်ကိုရီးယား သရုပ်ဆောင် မင်းသမီးပတ်ရှင်ဟေးသည် နောင်ထွက်ရှိမည့် ရုပ်ရှင်သစ်တွင် အမျိုးသားတစ်ဦးကဲ့သို့ သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါရုပ်ရှင်ကို "The Beauty Inside"ဟု အမည်ပေးထားပြီး ၂၀၁၂ခုနှစ်က ထုတ်လွှင့်ပြသခဲ့သော အမေရိကန်ရုပ်ရှင် "The Beauty Inside"ကို ပြန်လည် ရိုက်ကူးထားခြင်းဖြစ်သည်။

၎င်းရုပ်ရှင်တွင် အသက်(၂၅)နှစ်ရှိပြီဖြစ်သော မင်းသမီးသည် ယောကျ်ားပီသခန့်ညားသည့် အမျိုးသား တစ်ဦး၏စိတ်ကို ပုံပေါ်အောင် သရုပ်ဆောင်ထားသည်။ပတ်ရှင်ဟေးသည် ၂၀၀၉ခုနှစ်တွင် SBS ရုပ်သံလိုင်းက ထုတ်လွှင့်ပြသခဲ့သော "You're Beautiful" ရုပ်ရှင်တွင်လည်း ယောကျ်ားလေးတစ်ဦးအဖြစ် သရုပ်ဆောင်ခဲ့ဖူးသည်။

ယခုရိုက်ကူးလျက်ရှိသော ရုပ်ရှင်တွင် ပတ်ရှင်ဟေးအပြင် အခြားသောသရုပ်ဆောင် များဖြစ်သည့် ဟန်ဟိုဂျူး၊ လီဘွန်စိုးနှင့် ချန်ဝူဟီးတို့လည်း ပါဝင်အားဖြည့်ထားပြီး ဩဂုတ် ၂၀ ရက်တွင် စတင်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

# ရုပ်မြင်သံကြားအစီအစဉ်များ

၁ - ၈ - ၂၀၁၅ (စနေနေ့)

## မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆း၃၅ | "နေပြည်တော် ပျဉ်းမနားမြို့ နှစ်ကျိပ်ရှစ်ဆူပူဇော်ပွဲ" (လပြည့်ကျော်(၁)ရက်) |
| ၇း၂၀ | "ရေပိုလွှဲဆိုသည်မှာ" |
| ၈း၃၅ | "သဘာဝဘေးစီမံခန့်ခွဲမှု လုပ်ငန်းများအောင်မြင်ရေး အတူဝိုင်းဝန်းပါဝင်ပေး" |
| ၁၀း၃၅ | သိပ္ပံနှင့် နည်းပညာအစီအစဉ် |
| ၁၁း၃၅ | ချစ်စရာ့အရွယ်ကစားကြမယ် |
| ၁၂း၃၅ | တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ် |
| ၁း၃၅ | "လက်တစ်ကမ်း" |
| ၂း၀၀ | "သနပ်ခါးပိုင်ရှင်" |
| ၂း၃၅ | "အမျိုးသားအကျိုးစီးပွားတိုးတက်ဖို့ခရီးသွားလုပ်ငန်းမြှင့်တင်စို့" |
| ၄း၅၀ | "တောကိုမှီသည် ဥတုရာသီ" |
| ၆း၁၅ | "သန္တေတောထွက် ဓမ္မစက်နှုတ်မြွက် သံချိုလင်္ကာဆို" -ဂီတတံခါးလေးဖွင့်ပါဦး |

## MRTV - 4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော် + အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ် |
| ၉း၃၅ | Drive It |
| ၁၀း၄၀ | Healthy Life (Maternity Package) |
| ၁၁း၀၅ | Star တို့ရဲ့လက်ရာ |
| ၁၁း၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူစုန်းမလေး" (အပိုင်း- ၇+၈) |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံ ကံ၏အကျိုး" [သံသရာစက်ဝန်း (အပိုင်း-၁)] |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၈) |
| ၃း၄၀ | Fashion Week |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၉) |
| ၇း၁၅ | Let's Talk |
| ၇း၅၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံ ကံ၏အကျိုး" [သံသရာစက်ဝန်း(အပိုင်း-၂)] |
| ၉း၅၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူစုန်းမလေး" (အပိုင်း- ၉+၁၀) |
| ၁၁း၁၅ | Forever Music Tribute Saw Bhawe Mhue Live Show (အပိုင်း-၄) |
| ၄း၁၀ | World of Knowledge (Asia's Titanic) |

## မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၀ | မေတ္တာပို့ |
| ၆း၁၆ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၅ | မွေးမြူသုတ |
| ၈း၂၀ | မြတ်နိုးစရာရိုးရာလက်မှုပညာ |
| ၈း၃၅ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၁၁း၄၀ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် - တင်စားလိုက်ချင် (နိုင်းနိုင်း၊နန္ဒာလှိုင်နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ -ခင်မောင်ဦး (စနိုးပွိုက်)] |
| ၁၂း၅၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - စက်ရုပ်ချစ်သူ အပိုင်း(၄၀) |
| ၁၄း၃၀ | သံစဉ်များနှင့်ကမ္ဘာ |
| ၄း၃၅ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၄း၄၅ | ကျန်းမာသုတ |
| ၅း၀၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅း၃၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂါလီမာ အပိုင်း(၄၈) |
| ၅း၄၅ | ရွှေလမ်းငွေလမ်းသူဌေးလမ်း |
| ၆း၁၀ | စားဖိုဆောင်ချစ်သူ |
| ၆း၃၅ | ထူးခြားဆန်းပြားကမ္ဘာတစ်လွှား - လူ့ရှင်တော်စတား |

## mitv

- Great Shwedagon: The Ten Traditional Arts & Crafts
- Dhamma School
- Ar Khar New Year Festival
- The Photographer: Kyaw Kyaw Winn
- Kayah
- Let's Cook (EP-9) Crispy Deep-Fried Calamari Rings with Tartar Sauce & Apple Mint Mojito & Blue Lagoon Mocktails
- Sitagu International Buddhist Academy (Part-1)
- Sagaing: Guitar
- A Cordial Welcome From Pantaung
- A Novitiation Ceremony in a Rural Township
- "Myanmar's Beauty and Nature" Beach
- Culture Shows: Theatrical Art
- Myanmar Masterclass: Art Teacher
- A Highland with Peace and Charm
- Living Myanmar Glazed Ceramics
- Shwe Myanmar And Full Moon Day Of Waso
- "Myanmar Traditions and Culture" Tea
- A Girl Guide
- MURAL PAINTING BAGAN
- Kyauk Phyu Township
- Black Gold (P-II)
- TECH School




# ကွန်မြူနတီဒိုင်းပြိုင်ပွဲမှာ ချယ်လ်ဆီးကို အာဆင်နယ် ရှုံးကြွေးပြန်ဆပ်နိုင်မှာလား

ရှိုင်း မင်း မင်း

**၂၀၁၅-၂၀၁၆ ဘောလုံးရာသီ မစတင်မီ ကျင်းပမယ့် ကွန်မြူနတီဒိုင်းပွဲကို လာမယ့် ဩဂုတ် ၂ ရက်ကျရင် ဝင်ဘလေကွင်းမှာ ယှဉ်ပြိုင်မှာဖြစ်ပြီး ပရီမီယာလိဂ် ချန်ပီယံ ချယ်လ်ဆီးနဲ့ အက်ဖ်အေဖလားချန်ပီယံ အာဆင်နယ်တို့ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။**

အာဆင်နယ်ဟာ ကွန်မြူနတီဒိုင်းကို (၁၃) ကြိမ်ရရှိထားကာ ပြီးခဲ့တဲ့ ၂၀၁၄-၂၀၁၅ ကွန်မြူနတီဒိုင်းပွဲမှာလည်း မန်စီးတီးအသင်းကို သုံးဂိုး- ဂိုးမရှိနဲ့ အနိုင်ရပြီး ချန်ပီယံအဖြစ် ရပ်တည်နေတဲ့ အသင်းဖြစ်တယ်။ ချယ်လ်ဆီးကတော့ ကွန်မြူနတီဒိုင်းပွဲမှာ စုစုပေါင်း (၁၀) ကြိမ် ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးပြီး အောင်မြင်မှု လေးကြိမ်ရရှိခဲ့ကာ ၂၀၀၅ ခုနှစ် ကွန်မြူနတီဒိုင်းပွဲမှာ အာဆင်နယ်နဲ့ ရင်ဆိုင်ခဲ့ဖူးပြီး နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့ဖူးတဲ့ အစဉ်အလာရှိတယ်။ ဒါကြောင့် ကွန်မြူနတီဒိုင်းရဲ့ လက်ရှိချန်ပီယံ အာဆင်နယ်အနေနဲ့ ချန်ပီယံဂုဏ်သိက္ခာကို ကာကွယ်ဖို့အပြင် ချယ်လ်ဆီးကို ကွန်မြူနတီဒိုင်းပြိုင်ပွဲ ရှုံးကြွေးပြန်ဆပ်နိုင်မလားဆိုတာက စိတ်ဝင်စားဖို့ကောင်းနေတယ်။

## ချယ်လ်ဆီး၏ အခြေအနေ

ချယ်လ်ဆီးအသင်းဟာ အခုနွေရာသီအတွင်း ကစားသမား အားဖြည့်မှုအဖြစ် ကစားသမားသစ်တွေ ခေါ်ယူရာမှာ မိုနာကိုတိုက်စစ်မှူး ဖယ်ကာအို၊ စတုတ်အသင်း ဂိုးသမား ဘီဂိုဗစ်တို့ကလွဲပြီး ကျန်ခေါ်ယူထားတဲ့ ကစားသမားတွေဟာ လူငယ်ကစားသမားတွေဖြစ်တာကြောင့် ကစားသမား အားဖြည့်မှုအပိုင်းမှာ ထိရောက်မှု အားနည်းနေသေးတယ်လို့ဆိုရမယ်။

ဒရော့ဘာ၊ ပီတာဆက်ချ်တို့လို ကစားသမားတွေကို ဆုံးရှုံးထားတဲ့ ချယ်လ်ဆီးဟာ ထိုင်း All Stars အသင်းနဲ့ ကစားတဲ့ခြေစမ်းပွဲမှာ လူငယ်ကစားသမား အများအပြားကို အဓိက အသုံးပြုခဲ့တယ်။ ဩစတြေးလျကလပ်ဆစ်ဒနီအသင်းကို တစ်ဂိုး - ဂိုးမရှိနဲ့ အနိုင်ရခဲ့တဲ့ပွဲမှာ ဟာဇက်၊ ဒီယေဂိုကော်စတာ၊ မာတစ်၊ တယ်ရီ၊ အိုင်ဗန်နိုဗစ်တို့ကို အသုံးပြုခဲ့ပေမယ့် ရီမီရဲ့ သွင်းဂိုးတစ်ဂိုးတည်းနဲ့ ကပ်ပြီးနိုင်ခဲ့တယ်။ မေဂျာလိဂ်ကလပ် နယူးယောက်ရက်ဘူး အသင်းနဲ့ ကစားခဲ့တဲ့ပွဲမှာဆိုရင်လည်း ချယ်လ်ဆီးဟာ အဓိက ကစားသမားအများစုကို ပွဲထွက်စာရင်းမှာ အသုံး ပြုခဲ့ပြီး ဘောလုံးပိုင်ဆိုင်မှုအသာစီးနဲ့ ကစားနိုင်ခဲ့ ပေမယ့် လေးဂိုး - နှစ်ဂိုးနဲ့ ရှုံးပွဲကြုံခဲ့ရတယ်။

နယူးယောက်ရက်ဘူးလ်နဲ့ ပွဲရလဒ်အရ ချယ်လ်ဆီး ခံစစ်ပိုင်း အနည်းငယ် အားနည်းတယ်လို့ ဆိုနိုင်ပေမယ့် လူငယ်ကစားသမားအချို့ လူစားလဲဝင်ရောက်လာပြီးတဲ့ နောက်ပိုင်းမှသာ ဂိုးတွေပေးခဲ့ရတာကြောင့် ကွန်မြူနတီဒိုင်းပွဲမှာ အဓိကကစားသမား အစုံအလင် ပါဝင်လာမယ့် ချယ်လ်ဆီးခံစစ်ဟာ အာဆင်နယ်တိုက်စစ်ကို အခက်တွေ့စေနိုင်တယ်။

## အာဆင်နယ်၏ အခြေအနေ

အာဆင်နယ်အသင်းကလည်း ချယ်လ်ဆီးအသင်း ဂိုးသမား ပီတာဆက်ချ် တစ်ဦးလောက်သာ ထိထိရောက်ရောက် အားဖြည့်ထားနိုင်သေးတဲ့ အသင်းဖြစ်တယ်။ အာဆင်နယ်အသင်းဟာ အာရှ ပရီမီယာလိဂ် ပြိုင်ပွဲမှာ အဲဗာတန်အသင်းကို သုံးဂိုး - တစ်ဂိုးနဲ့ အနိုင်ရခဲ့ပေမယ့် အဓိက ကစားသမားအစုံအလင်နီးပါး ပါဝင်ခဲ့တဲ့ အာဆင်နယ်အသင်းဟာ အဲဗာတန်ရဲ့ ဖိအားပေးကစားမှုကို ရင်ဆိုင်ခဲ့ရတာကြောင့် ကွန်မြူနတီဒိုင်းပွဲမှာ ချယ်လ်ဆီးအသင်းကို အာဆင်နယ်အသင်း ခြေစွမ်းအသာစီးနဲ့ ကစားနိုင်ဖို့ ခက်ခဲမှာသေချာတယ်။

အာဆင်နယ်ရဲ့ တိုက်စစ်ဟာ ဝဲလ်ကော့၊ ကာဇိုလာ၊ အိုဇေးလ်တို့ ဂိုးသွင်းခြေရနေတာကြောင့် ထက်မြက်မှု ရှိနေတယ်ဆိုပေမယ့် ချယ်လ်ဆီးအသင်းက ကွန်မြူနတီဒိုင်းပွဲမှာ ခံစစ်ကိုအကောင်းဆုံးပြင်ဆင်လာခဲ့ရင် အာဆင်နယ်အသင်း ဂိုးရဖို့ ရုန်းကန်ရနိုင်တယ်။ ပြီးခဲ့တဲ့ ၂၀၁၃-၁၄၊ ၂၀၁၄-၁၅ ပရီမီယာလိဂ် ပြိုင်ပွဲတွေမှာ အာဆင်နယ်အသင်းဟာ ချယ်လ်ဆီးနဲ့ ဆုံတွေ့ခဲ့တဲ့ပွဲတွေတိုင်း ဂိုးရရှိခြင်းမရှိခဲ့တာက အာဆင်နယ် တိုက်စစ်ဟာ ချယ်လ်ဆီးခံစစ်ကို ဖိအားပေးနိုင်ဖို့ ခက်ခဲတယ်ဆိုတဲ့အချက်ကို သက်သေပြနေတယ်။

## သုံးသပ်ချက်

ကွန်မြူနတီဒိုင်းပွဲဟာ ရန်ပုံငွေပွဲ တစ်ပွဲသာဖြစ်ပေမယ့် ချယ်လ်ဆီးနဲ့ အာဆင်နယ်အသင်းတို့ဟာ ပရီမီယာလိဂ်ပြိုင်ဘက်ကောင်းအသင်းတွေဖြစ်တာကြောင့် အသင်းရဲ့ ဂုဏ်သိက္ခာအတွက် ဒီပြိုင်ပွဲမှာ ရလဒ်ကောင်းရရှိဖို့ အကောင်းဆုံး ပြင်ဆင်လာကြမှာပါ။

နှစ်သင်းစလုံးရဲ့ တိုက်စစ်ပိုင်းမဆိုးသလို ခံစစ်မှာ အားနည်းမှု အနည်းငယ်ရှိနေတယ်။ ဒါပေမယ့် အာဆင်နယ်တိုက်စစ်ဟာ ချယ်လ်ဆီး ခံစစ်ကို ထိုးဖောက်နိုင်ဖို့ ခက်ခဲပြီး ချယ်လ်ဆီးနဲ့ နောက်ဆုံး ရှစ်ကြိမ်ဆုံတွေ့ခဲ့မှုမှာလည်း နိုင်ပွဲရရှိခဲ့ခြင်းမရှိခဲ့တာကြောင့် ဒီပွဲမှာ ချယ်လ်ဆီးအသင်းက မပြတ်သားတဲ့ ရလဒ် နဲ့ အောင်ပွဲခံပြီး ငါးကြိမ်မြောက် ကွန်မြူနတီဒိုင်း ချန်ပီယံဖြစ်လာလိမ့်မယ်လို့ သုံးသပ်မိတယ်။

**ချယ်လ်ဆီးနှင့် အာဆင်နယ်တို့ နောက်ဆုံး (၁၀)ကြိမ် ဆုံတွေ့မှု**

| | | |
|---|---|---|
| အာဆင်နယ် | ၀ - ၀ | ချယ်လ်ဆီး |
| ချယ်လ်ဆီး | ၂ - ၀ | အာဆင်နယ် |
| ချယ်လ်ဆီး | ၆ - ၀ | အာဆင်နယ် |
| အာဆင်နယ် | ၀ - ၀ | ချယ်လ်ဆီး |
| အာဆင်နယ် | ၀ - ၂ | ချယ်လ်ဆီး |
| ချယ်လ်ဆီး | ၂ - ၁ | အာဆင်နယ် |
| အာဆင်နယ် | ၁ - ၂ | ချယ်လ်ဆီး |
| အာဆင်နယ် | ၀ - ၀ | ချယ်လ်ဆီး |
| ချယ်လ်ဆီး | ၃ - ၅ | အာဆင်နယ် |
| အာဆင်နယ် | ၃ - ၁ | ချယ်လ်ဆီး |

**အာဆင်နယ်နှင့် ချယ်လ်ဆီးတို့ စုစုပေါင်း ဆုံတွေ့မှု ရလဒ်**

| အာဆင်နယ်နိုင် | သရေ | ချယ်လ်ဆီးနိုင် |
|---|---|---|
| ၇၁ | ၅၆ | ၅၉ |




## ဟားစီးတီး နောက်ခံလူ ချက်စတာအား ဝက်စ်ဘရွန်း ခေါ်ယူ

ပရီမီယာလိဂ်ကလပ် ဝက်စ်ဘရွန်းအသင်းသည် ဟားစီးတီးနောက်တန်းကစားသမား ချက်စတာအား ပြောင်းရွှေ့ကြေးပေါင် ရှစ်သန်းဖြင့် စာချုပ်ချုပ်ဆို ခေါ်ယူလိုက်ပြီဖြစ်သည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်တန်းကစားသမား ချက်စတာသည် ဝက်စ်ဘရွန်းအသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။

ဝေလလက်ရွေးစင်ကစားသမား ချက်စတာသည် ဟားစီးတီးအသင်းအတွက် လိဂ်ပွဲပေါင်း ၁၅၆ ပွဲပါဝင်ကစားပေးခဲ့သော်လည်း ဟားစီးတီးအသင်းအား ပရီမီယာလိဂ်မှ ချန်ပီယံရှစ်သို့ တန်းဆင်းသွားခဲ့ရခြင်းကို မကယ်တင်နိုင်ခဲ့ပေ။ သို့ရာတွင် ဝက်စ်ဘရွန်းအသင်းနည်းပြ တိုနီပူးလစ်ကမူ နောက်တန်းကစားသမား ချက်စတာသည် ဟားစီးတီးအသင်းအတွက် အကောင်းဆုံးပါဝင်ကစားပေးခဲ့သူဖြစ်ကြောင်းနှင့် ချက်စတာသည် ၎င်းသဘောကျသည့်ကစားသမားများထဲမှ တစ်ဦးဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

နောက်တန်းကစားသမား ချက်စတာသည် ပီတာဘရော့၊ ပလိုင်းမောက်နှင့် ကာလီစလီအသင်းတို့တွင် အငှားသွားရောက်ကစားခဲ့ပြီးနောက် ဟားစီးတီးအသင်းသို့ ၂၀၁၁ ခုနှစ်တွင် ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။ ချက်စတာသည် ဟားစီးတီးအသင်းနှင့် စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသေးသော်လည်း ပရီမီယာလိဂ်တွင် ကစားရန် ဆန္ဒရှိခဲ့ခြင်းကြောင့် ဝက်စ်ဘရွန်းအသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ **[ငွေကြယ်]**

## အာဆင်နယ်ဂိုးသမား ဆက်ဇက်စနီအား ရိုးမားခေါ်ယူ

အီတလီထိပ်သီးကလပ် ရိုးမားအသင်းသည် လာမည့်ဘောလုံးရာသီအတွက် အကြိုအားဖြည့်မှုတစ်ရပ်အနေဖြင့် အာဆင်နယ်အသင်း၏ ပိုလန်ဂိုးသမား ဝေ့ါဆစ်ချ်ဆက်ဇက်စနီအား တစ်ရာသီအငှားစာချုပ်ဖြင့်ခေါ်ယူလိုက်ပြီဖြစ်ကြောင်းသိရသည်။

အာဆင်နယ်အသင်းမှာ ပြီးခဲ့သည့်ရက်သတ္တပတ်က ချယ်လ်ဆီးဂိုးသမား ပီတာဆက်ချ်အား အပြီးသတ်ခေါ်ယူထားခဲ့ပြီးနောက် ဆက်ဇက်စနီမှာ အသင်း၌ပုံမှန်ပွဲကစားခွင့်ရရန် မသေချာတော့သည့်အတွက် ယခုကဲ့သို့ အသင်းပြောင်းရွှေ့ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ဆက်ဇက်စနီအနေဖြင့် ၂၀၀၉ ခုနှစ်မှစတင်ကာ အာဆင်နယ်အသင်း၏ ဦးစားပေးဂိုးသမားတစ်ဦးအဖြစ် ပါဝင်ကစားခွင့်ရရှိခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက ကိုလံဘီယာဂိုးသမား အော့စ်ပင်နာ ရောက်ရှိလာချိန်တွင် အရန်အဖြစ်သာကစားခွင့်ရရှိခဲ့သည်။ ရိုးမားအသင်းမှာ ၎င်းအတွက် ဇူလိုင်လဆန်းပိုင်းမှစတင်ပြီး အာဆင်နယ်အသင်း၏ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ပြီးနောက် တစ်ရာသီအငှားစာချုပ်ဖြင့်ခေါ်ယူရန် နှစ်ဦးနှစ်ဘက် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။ **ကိုရဲ**

## ကျောင်းရွာကျေးရွာတွင် ဝါဆိုဖလား(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ကျင်းပ

**တပ်ကုန်း ဇူလိုင် ၃၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကျောင်းရွာကျေးရွာတွင် ကျေးချောင်းကျေးရွာအုပ်စု ဥက္ကဋ္ဌက ကြီးမှူးကျင်းပသော ကျောင်းရွာကျေးရွာအတွင်း ဝါဆိုဖလား(အမျိုးသား)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ဇူလိုင် ၃၀ ရက်က မူလွန်အမှတ်(၂၀) ကျောင်းရွာဘောလုံးကွင်း၌ ကျင်းပခဲ့သည်။

ဗိုလ်လုပွဲပွဲစဉ်အဖြစ် ပညာမီးအိမ်ဘောလုံးအသင်းနှင့် RBG Kyaung Ywa ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပညာမီးအိမ်အသင်းက သုံးဂိုး - နှစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားခဲ့သည်။

ဆုပေးပွဲကို ဆက်လက်ကျင်းပရာ တတိယရရှိသော CR-7 အသင်းနှင့် ဒုတိယရရှိသော RBG Kyaung Ywa အသင်းတို့ကို ငွေသားဆုနှင့် ဆုတံဆိပ်များကို ပေးအပ်ခဲ့ပြီး ပထမရရှိသော ပညာမီးအိမ်အသင်းကို ငွေသားဆု၊ ဆုတံဆိပ်နှင့် ဆုဖလားကို ကျေးချောင်းကျေးရွာဥက္ကဋ္ဌ ဦးထွန်းထွန်းဇော်က ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ကျေးရွာအတွင်းမှ လူငယ်ကစားသမားများ အဆင့်အတန်းမီ တိုးတက်ကစားနိုင်ရေးနှင့် ကျေးရွာအဆင့်မှ မြို့နယ်အဆင့်၊ မြို့နယ်အဆင့်မှ ခရိုင်၊ တိုင်းဒေသကြီးအဆင့်သို့ ဝင်ရောက်ယှဉ်ပြိုင်ကစားစေနိုင်ရေးအတွက် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဇင်ဘို**

# ၂၀၂၂ ခုနှစ် ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော် တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပခွင့်ရရှိ



**ကွာလာလမ်ပူ ဇူလိုင် ၃၁**

၂၀၂၂ ခုနှစ်တွင် ကျင်းပမည့် ဆောင်းရာသီ အိုလံပစ်အားကစားပွဲတော် ကျင်းပရန်အတွက် အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ (အိုင်အိုစီ)က တရုတ်နိုင်ငံ မြို့တော် ပေကျင်းကို ရွေးချယ်လိုက်ကြောင်း ယနေ့ရိုက်တာသတင်းတွင် ဖော်ပြသည်။

ယင်းသို့ ရွေးချယ်လိုက်ခြင်းကြောင့် ပေကျင်းမြို့သည် နွေရာသီ အိုလံပစ်နှင့် ဆောင်းရာသီအိုလံပစ် အားကစားပွဲတော် နှစ်ခုစလုံးကို လက်ခံကျင်းပခွင့်ရရှိသည့် ပထမဆုံး မြို့ ဖြစ်လာမည်ဖြစ်သည်။

ကွာလာလမ်ပူ မြို့လယ်ရှိ ကွန်ဗင်းရှင်းစင်တာ၌ အဖွဲ့ဝင် ၈၅ ဦးပါ အိုင်အိုစီကော်မတီက လျှို့ဝှက်မဲပေးစနစ်ဖြင့် ရွေးချယ်မှုအရ တရုတ်နိုင်ငံ ပေကျင်းမြို့က ၎င်း၏ ပြိုင်ဘက် ကာဇက်စတန်နိုင်ငံ အယ်လ်မတီမြို့အပေါ် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ဆောင်းရာသီ အိုလံပစ်ပွဲတော် ကျင်းပရေးအတွက် မဲပေးရွေးချယ်မှုကို နှစ်ကြိမ်တိုင် ကျင်းပခဲ့ရကြောင်း၊ အကြောင်းမှာ အီလက်ထရွန်နစ်စနစ်သုံး မဲပေးရွေးချယ်မှုစနစ်၌ ချွတ်ယွင်းချက်များကို ရှာဖွေတွေ့ရှိပြီးနောက် စက္ကူမဲဆန္ဒလက်မှတ်များကို အသုံးပြုခဲ့ရခြင်းကြောင့်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

၂၀၀၈ ခုနှစ်တွင် ကျင်းပခဲ့သော နွေရာသီ အိုလံပစ်ပွဲတော်ကို တရုတ်နိုင်ငံ ပေကျင်းမြို့၌ အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့သည်။

ပေကျင်းမြို့သည်တောင်တန်းများနှင့်ဝေးသော အရပ်၌တည်ရှိခြင်း၊ သဘာဝဆီးနှင်းခဲများ မရှိခြင်းတို့ကြောင့် ယင်းမြို့၌ ဆောင်းရာသီ အိုလံပစ် ပွဲတော်ကျင်းပရာတွင် အခက်အခဲများ ဖြစ်ပေါ်နိုင်သည်ဟု စိုးရိမ်ပူပန်မှုများ ပေါ်ထွက်ခဲ့သည်။

**ရိုက်တာ။**

# ပေကျင်းနှင့် အိမ်နီးချင်းနယ်မြေရှိ အဝေးပြေးလမ်းမကြီးများတွင် လျှပ်စစ်ကားအားသွင်းတိုင်များထားရှိမည်

**ပေကျင်း ဇူလိုင် ၃၁**



လျှပ်စစ်ကားများ အသုံးပြုမှု မြှင့်တင်ရန် လှုံ့ဆော်မှုတစ်ရပ် အဖြစ် ပေကျင်း၊ အိမ်နီးချင်း ဟီဘေးပြည်နယ်နှင့် ကမ်းရိုးတန်းမြို့တော် တီယန်ကျင်းတို့က ယခုနှစ်တွင် ဒေသတွင်းရှိ အဝေးပြေးလမ်းမကြီး လေးခုပေါ်တွင် လျှပ်စစ်ကားဓာတ်အားသွင်းတိုင်များ တည်ဆောက်မည်ဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ပေကျင်းဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေး စည်ပင်သာယာရေးကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူး ဂေါင်ပန်၏အဆိုအရ အာဏာပိုင်များက သယ်ယူပို့ဆောင်ရေး၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရေးတွင် ကြီးမားသော ပေါင်းစည်းမှုဖြစ်ရန် တွန်းအားပေးဆောင်ရွက်နေပြီး တရုတ်နိုင်ငံ၌ "ဂျင်ဂျင်ဂျီ" ဟု ရည်ညွှန်းထားသည့် နယ်မြေတစ်ခုဖြစ်သော ပေကျင်း၊ တီယန်ကျင်းနှင့် ဟီဘေးပြည်နယ်တို့ကို ချိတ်ဆက်ပေးသည့်အဝေးပြေးလမ်းမကြီးများ တစ်လျှောက် ကီလိုမီတာ ၅၀ တိုင်းတွင် အဆိုပါအားသွင်းတိုင်များ ထားရှိမည်ဖြစ်သည်။

လာမည့်နှစ်နှစ်အတွင်း ယင်းနယ်မြေအတွင်းရှိ အရေးပါသော ပို့ဆောင်ရေးလမ်းကြောင်းများနှင့် ကားရပ်နားရာ နေရာများတွင် နောက်ထပ်လျှပ်စစ်ဓာတ်အားသွင်းတိုင်များ တည်ဆောက်ရန် မျှော်မှန်းထားသည်။ "ဂျင်ဂျင်ဂျီ" ဧရိယာအတွင်းရှိ ဒေသန္တရအစိုးရများက ဒေသတွင်း လေထုညစ်ညမ်းမှု ကင်းရှင်းစေရန် ပြည်သူများကြားဓာတ်ဆီသုံးကားများနေရာတွင် အစားထိုးမှုတစ်ရပ်အနေဖြင့် လျှပ်စစ်ကားအသုံးပြုမှု မြှင့်တင်နေသောကြောင့် အဆိုပါ အစီအစဉ်ကို ဆောင်ရွက်ရခြင်းဖြစ်သည်။

ယင်းဒေသကောင်းကင်ယံတွင် အသက်မရှူနိုင်အောင် မွန်းကြပ်စေသော မီးခိုးမြူဖုံးလွှမ်းစေခြင်း အကြောင်းတရားများအနက် မော်တော်ကားများမှ ထုတ်လွှတ်သော ကာဗွန်ဒိုင်အောက်ဆိုက်အငွေ့များသည်လည်း အကြောင်းရင်းတစ်ရပ်ဖြစ်သည်။

**ဆင်ဟွာ။**

# ဖိလစ်ပိုင်ပြည်ထဲရေးဝန်ကြီးအား သမ္မတရာထူး၌ ဆက်ခံရန် အကွီနိုလိုလား

**မနီလာ ဇူလိုင် ၃၁**

ဖိလစ်ပိုင်သမ္မတ ဘီနစ်နို အကွီနိုသည် လာမည့်နှစ် ဇွန်လတွင် ရာထူးသက်တမ်းကုန်ဆုံးသည့်အခါ ၎င်း၏ ရာထူးနေရာတွင် ပြည်ထဲရေးဝန်ကြီး မားရိုးဆက်စ်ဆက်ခံစေရန်လိုလားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၃၁ ရက်တွင်သတင်းထုတ်ပြန်သည်။

ရိုးဆက်စ်သည် အာဏာရ လစ်ဘရယ်ပါတီ၏ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ၂၀၁၆ ခုနှစ် သမ္မတရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ သူသည် လာမည့် ရွေးကောက်ပွဲတွင် ဒုတိယသမ္မတ ဂျေဂျိုမာဘိုင်နူရီနှင့် အထက်လွှတ်တော်အမတ် ဂရေ့စ်ပိုးတို့နှင့်ယှဉ်ပြိုင်ရဖွယ်ရှိပြီး ပြည်သူများ၏ အားပေးထောက်ခံမှု တိုးမြှင့်၍ ရရှိနေသည်။ သို့ရာတွင် ၎င်းကိုသမ္မတလောင်းအဖြစ် သမ္မတ အကွီနိုက ကြေညာခြင်းမရှိသေးပေ။

ရိုးဆက်စ်သည် ယခုအခါ အသက် ၅၈ နှစ်ရှိပြီး အမေရိကန်ပြည်ထောင်စု ပင်ဆယ်လ်ဗေးနီးယားတက္ကသိုလ် ဝါတန်ကောလိပ်မှ ဘွဲ့ရရှိခဲ့သူဖြစ်သည်။ သူသည် နယူးယောက်မြို့အခြေစိုက် ကုမ္ပဏီတစ်ခု၌ ရင်းနှီးမြှုပ်နှံရေးမှူးတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။

ဖိလစ်ပိုင်နိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲရေး အစီအစဉ်များတိုးတက်လာအောင် ရိုးဆက်စ်အား ဆက်လက် တာဝန်ယူစေလိုကြောင်း သမ္မတ အကွီနိုက ပြောကြားသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတတစ်ဦးသည် ခြောက်နှစ်သက်တမ်းရှိ သမ္မတရာထူး၌ တစ်ကြိမ်တည်းသာ တာဝန်ထမ်းဆောင်ခွင့်ရှိသည်။

**ရိုက်တာ။**

## အမေရိကန်အမျိုးသားလုံခြုံရေးကောင်စီက ဂျပန်နိုင်ငံအပေါ်သူလျှိုလုပ်ဟု ဝီကီလိဝက်ဘ်ဆိုက်ဖွင့်ချ

**တိုကျို ဇူလိုင် ၃၁**

အနည်းဆုံး ၂၀၀၆ ခုနှစ်မှစတင်ပြီး ဂျပန်အစိုးရအဖွဲ့နှင့်ကုမ္ပဏီများကို အမေရိကန်နိုင်ငံက သူလျှိုထောက်လှမ်းမှုများလုပ်ဆောင်လျက်ရှိသည်ဟု ဝီကီလိဝက်ဆိုက်ဘ်က ဖော်ထုတ်လိုက်ပြီဖြစ်ကြောင်း ယနေ့သတင်းများအရသိရသည်။

၂၀၀၆ ခုနှစ်သည် ဂျပန်ဝန်ကြီးချုပ် ရှင်ဆိုအာဘေး ပထမအကြိမ် ဝန်ကြီးချုပ်ရာထူးထမ်းဆောင်သည့် အချိန်ကာလဖြစ်သည်။ အမေရိကန်အမျိုးသားလုံခြုံရေးအေဂျင်စီက သူလျှိုထောက်လှမ်းရာတွင် ကြားဖြတ်နားထောင်သည့် ဂျပန်နိုင်ငံ၏ အဓိကဖုန်းနံပါတ် ၃၅ ခုကို ဝီကီလိဝက်ဆိုက်ဘ်က ယင်း၏စာမျက်နှာပေါ်တွင် ဇူလိုင် ၃၁ ရက်တွင် ဖွင့်ချခဲ့သည်။ အဆိုပါ ဖုန်းနံပါတ်များအနက် အစိုးရအဖွဲ့အတွင်းဝန်ရုံး၊ ဂျပန်ဘဏ်၊ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးတို့၏ ဖုန်းနံပါတ်များပါဝင်သည်။ ယင်းအပြင် ဂျပန်နိုင်ငံ၏ အဓိကကုမ္ပဏီကြီးများဖြစ်သည့် 'မစ်ဆူ' နှင့်'မစ်ဆူဘီရှီ'တို့၏ အရင်းအမြစ်ဌာနခွဲများလည်း ပါဝင်သည်။

အမေရိကန် အမျိုးသားလုံခြုံရေးအေဂျင်စီက သူလျှိုထောက်လှမ်းနေသည့် ဂျပန်နိုင်ငံ၏ ကုန်သွယ်ရေးဆိုင်ရာညှိနှိုင်းမှုများနှင့် ရာသီဥတုပြောင်းလဲရေးဆိုင်ရာမူဝါဒများအတွက် အကောင်အထည်ဖော်ဆောင်မည့်အစီအစဉ်များစသည့် အရေးကြီးအချက်အလက်များကိုလည်း ဝီကီလိက ယင်း၏ဝက်ဆိုက်လ်စာမျက်နှာပေါ်တွင် တင်ခဲ့သည်။

အချို့သော အချက်အလက်များကို ဗြိတိန်နှင့်ဩစတြေးလျနိုင်ငံများအပါအဝင် အခြားသောနိုင်ငံများသို့ ဝီကီလိက ပေးပို့ခဲ့ပြီးဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**



# နီပေါမြေပြိုမှု လူ ၃၀ ထက်မနည်းသေဆုံး

**ခတ္တမန္ဒူ ဇူလိုင် ၃၁**

နီပေါနိုင်ငံ၌ လွန်ခဲ့သည့်ရက်များအတွင်း မိုးသည်းထန်စွာရွာသဖြင့် မြေပြိုမှုဖြစ်ပေါ်ခဲ့ရာ ရွာနှစ်ရွာကို ဖုံးလွှမ်းသွားခဲ့ပြီး အနည်းဆုံး လူ ၃၀ သေဆုံးကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်ဟု ယနေ့သတင်းများတွင် ဖော်ပြသည်။

ခတ္တမန္ဒူမြို့တော်၏ အနောက်ဘက် ၇၇ မိုင် အကွာရှိ ပိုခရာ အပန်းဖြေမြို့အနီး၌ ဇူလိုင် ၂၉ ရက် ညသန်းခေါင်အချိန်တွင် ရွာများအပေါ် မြေပြိုကျခဲ့ရာ အနည်းဆုံးလူနေအိမ် ၂၂ လုံး ပျက်စီးခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူကပြောသည်။

အဆိုပါဒေသဆိုင်ရာ အစိုးရတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက လူတစ်ဒါဇင်ခန့် ပျောက်ဆုံးလျက်ရှိကြောင်း ရိုက်တာသတင်းဌာနသို့ ပြောသည်။ မြေပြိုမှုဖြစ်ပွားသည့် ကျေးရွာများမှာ နီပေါနိုင်ငံ၏နာမည်ကျော် အန်နာပူရနာတောင်တက်လမ်းအနီးတွင် တည်ရှိသည်။

ယခုနှစ် လူဦးရေ ၉၀၀၀ ခန့် သေဆုံးခဲ့ရသော အင်အားပြင်းထန်သည့် ငလျင်နှစ်ကြိမ်လှုပ်မှုကြောင့် တောင်ကုန်း၊ တောင်တန်းများ၏ ဆင်ခြေလျှောများသည် မတည်မငြိမ်ဖြစ်လာသည့်အတွက် မိုးရာသီကာလအတွင်း မြေပြိုမှုဖြစ်ပွားနိုင်ကြောင်း သတိပေးထားသည်ဟု ဆိုသည်။

တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များသည်မိုးသည်းနေစဉ်အတွင်း ရွှံ့နွံများ၌ ပျောက်ဆုံးနေသော ရွာသားများကိုရှာဖွေလျက်ရှိကြသည်။ ရွာသားအများစုသည် မြေပြိုသောအချိန်တွင် အိပ်ပျော်နေကြသည်။

ရှာဖွေမှုများ ထိရောက်စေရန်အတွက် အကြီးစား စက်ကိရိယာပစ္စည်းများပံ့ပိုးပေးရန် တာဝန်ရှိသူများက တောင်းခံထားသည်။

မြေငလျင်အတွက် နှစ်နှင့်ချီ၍ကြာသည်အထိ ပြင်ဆင်မှုများပြုလုပ်သည်ဆိုသော်လည်း အစိုးရသည်မြေပြိုမှုဖြစ်နိုင်သောနယ်မြေကို မြေပုံထုတ်ရန်ပင် နှောင့်နှေးကြန့်ကြာလျက်ရှိသည်ဟု ဆိုသည်။ **ရိုက်တာ။**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထို့သို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသ ပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်း "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးလိုက်ပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




တစ်နေ့ကပေါ့ခင်ဗျာ။

ပြည်နယ်မြို့တော်တစ်ခုရဲ့ ဟိုတယ်တစ်လုံးမှာ ကျင်းပနေတဲ့ သင်တန်းတစ်ခုရဲ့ နေ့လယ်ထမင်းစားချိန်လောက် အရောက်မှာ သုံးပွင့် ယာဉ်ထိန်းတစ်ယောက်က ဟိုတယ်ဝင်းထဲမှာ ဇယားစရှုပ်တော်မူနေတာကို အလုပ်လုပ်နေရင်းတန်းလန်းက ကျွန်တော် မြင်လိုက်မိတယ်။ အဲဒီနောက် ခဏအကြာမှာတော့ လဲ(န်)(ဒ်)ခရူဇာ ကားတွေ ကျွန်တော်တို့ သင်တန်းခန်းမဘေးမှာ ရပ်နားလာကြတာကို တွေ့ရပါတယ်။

သဘောပေါက်လိုက်ပါတယ်။ ပြည်နယ်အဆင့် အစိုးရအဖွဲ့က ပုဂ္ဂိုလ်တွေလည်း အကြောင်းတစ်စုံတစ်ရာကြောင့် အဲဒီ့ဟိုတယ်ကို ရောက်လာကြတယ်လို့ နားလည်လိုက်ပါတယ်။ ကျွန်တော်တို့ သင်တန်းနဲ့ ဘာမှ မသက်ဆိုင်ပါဘူး။

အဲဒီနောက် ငါးမိနစ်လောက်နေတော့ သင်တန်းက နေ့လယ်ထမင်းစားနားဖို့ ကြေညာလိုက်ပါတယ်။ အဲဒီအချိန်မှာ သင်တန်းသားထဲက ဦးစီးအရာရှိ (အနိမ့်ဆုံး ပြန်တမ်းဝင်) တစ်ယောက်ကထပြီး သင်တန်းကို ပြောစရာရှိလို့ ပြောပါရစေတဲ့။ ပြောပါလို့ သင်တန်းကို ကမကထပြုပေးနေတဲ့ ကျွန်တော်ကပဲ သူအဆင်ပြေအောင် ပံ့ပိုးပေးလိုက်မိပါတယ်။

အပြင်မှာ ပြည်နယ်အစိုးရတာဝန်ရှိသူ ရောက်နေတဲ့အကြောင်း၊ သူတို့က လည်း သူတို့ အစီအစဉ်နဲ့ သူတို့ထမင်းစားကြမှာဖြစ်ကြောင်း၊ ဒါကိုသတိပေး ရတာဖြစ်ပါကြောင်း အဲဒီ ဦးစီးအရာရှိက ပြောတာပါ။

အဲဒီ့စကားလည်း ကြားလိုက်ရော ကျွန်တော့် ပါးစပ်ကလည်း ဘယ်လိုမှ မနေနိုင်တော့ဘူး။

"ဘာလဲဗျာ. . . အဲလိုဆိုတော့ ကျွန်တော်တို့က လက်ပိုက်ပြီး ထမင်းစားခန်းရှိရာကို သွားရမှာလား၊ ဒါမှမဟုတ် ဒူးကလေးတွေထောက်ပြီး သွားစေချင်လို့ သည်လိုပြောတာလား"လို့ မေးမိသွားရပါတယ်။

အဲတော့လည်း အဲဒီ ဦးစီးအရာရှိက "မဟုတ်ပါဘူး၊ သိအောင်လို့ပါ" လို့ လေပြည်ထိုးပါတယ်။

ဘယ်လိုမှ မအောင့်နိုင်တဲ့ ကျွန်တော့်ပါးစပ်ကလည်း ဆက်ထွက်နေတယ်။

"ခင်ဗျားတို့လို လူတွေကြောင့် အဲဒီ မောင်တွေ ရောင့်တက်နေတာ" လို့. . . ။

ကျန်တဲ့ သင်တန်းသားတွေက ကျွန်တော့်လို ပေါ်တင်တော့ မပြောကြဘူး။ အားလုံးက ပြုံးစေ့ပြုံးစေ့။ တချို့ကတော့ ထမင်းစားခန်းဆီ အသွားမှာ အနားကပ်လာပြီး တိုးတိုးတိတ်တိတ် ဩဘာပေးကြတယ်။ "ကောင်းလိုက်တာ ဆရာရယ်။ အဲဒီ ဖောကေ တစ်မှောင့်"ဆိုပဲ။

တစ်ကမ္ဘာလုံး မဟုတ်ပေမယ့် နိုင်ငံအတော်များများကို ကျွန်တော် ရောက်ဖူးပါတယ်။

ဘယ်နိုင်ငံမှာမှ အဲသလို အကဲပါမနေကြပါဘူး။ ဈေးတွေ၊ ကုန်တိုက်တွေလည်း အဲဒီ့ အရေးကြီးပုဂ္ဂိုလ်တွေ သွားနေကြတာပဲ၊ လမ်းတွေပေါ်လည်း အတူတူ၊ ဘယ်သူမှ အခွင့်ထူး ပိုမယူကြပါဘူး။ ကျန်တဲ့ သာမန် နိုင်ငံသားတွေ အနှောင့်အယှက် မဖြစ်စေရပါဘူး။

မကြာသေးခင်တစ်ရက်ကဆို ဘန်ကောက်မြို့လယ်၊ ဆူခူ(မ်)ဗွစ်လမ်းပေါ်က အထင်ကရ အယ်(မ်)ဖိုရစ်ယမ် ကုန်တိုက်ကြီးကို မင်းသမီး သီရိဒုံ ရောက်နေတာနဲ့ တည့်တည့်ကြီး သွားတိုးပါတယ်။ မင်းသမီး သီရိဒုံဆိုတာ ထိုင်းဘုရင်ကြီးရဲ့ သမီးတော်ပါ။ ထိုင်းတစ်နိုင်ငံလုံးက ဘုရင်နဲ့ ဘုရင့်မိသားစုကို အလွန်ရိုသေလေးစားကြပါတယ်။ အလွန်လည်း ကြည်ညိုကြပါတယ်။

အစက သူရောက်နေမှန်းတောင် ကျွန်တော်တို့ မသိလိုက်ပါဘူး။ သူတို့က ရှေ့က ဝင်ပေါက်ကလာတာ။ ကျွန်တော်တို့က ဘေးဝင်ပေါက်က ဝင်တာဆိုတော့ ရှေ့မှာ တန်းစီရပ်ထားတဲ့ ကားတွေလည်း မမြင်ခဲ့မိပါဘူး။

ကျွန်တော်တို့ဘာသာ တစ်ထပ်ပြီး တစ်ထပ် မော့နေရင်းတန်းလန်းက တစ်ထပ်ကိုအရောက်၊ ရှေ့နားလေးမှာ ရဲတွေ အပါအဝင် လူတစ်စုကို တွေ့လိုက်မိပါတယ်။ အများဆုံးမှ ၁၀ ယောက်၊ ၁၅ ယောက်လောက်ပါ။ ကျွန်တော်တို့လည်း သည့်ထက်ပိုပြီး သတိမထားမိသေးပါဘူး။

အဲလိုနဲ့ ကျွန်တော်တို့ သွားတဲ့ဘက်နဲ့ သူတို့ထွက်လာတဲ့ဘက် မျက်နှာချင်းဆိုင် အဆုံမှာတော့ လုံခြုံရေး လိုက်ပါလာတဲ့ ရဲတွေက ကျွန်တော်တို့ကို ခေါင်းလေးတွေ အသာညွတ်ပြီး ပြုံးရွှင်တဲ့ မျက်နှာနဲ့ ဘေးဘက်ကို ကပ်ပေးဖို့ လက်ဟန်နဲ့ ပြပါတယ်။ အဲဒီ့ ရဲများရဲ့ မျက်နှာထားအားလုံးက ပြုံးရွှင်ကြည်လင်နေကြပါတယ်။ မျက်နှာကျော တင်းသူတွေ မပါပါဘူး။ တမင်များ ချိုတဲ့သူတွေ ရွေးထားသလားတော့ မသိပါဘူး။

ကျွန်တော်တို့ကို ထိုင်းဘာသာနဲ့ တစ်ခုခု လှမ်းပြောပါတယ်။ ကျွန်တော်တို့က ကြောင်တောင်တောင်နဲ့ ကြည့်နေတော့ အင်္ဂလိပ်လို ပြောပါတော့တယ်။ "ကျွန်တော်တို့ မင်းသမီးလာနေတာမို့ ဘေးကို တစ်ဆိတ်ကပ်ပေးပါ"လို့ ရည်ရည်မွန်မွန် ရိုရိုးကျိုးကျိုး ပြောတာပါ။ ကျွန်တော်တို့လည်း ချက်ချင်းပဲ ကပ်ပေးလိုက်ပါတယ်။

မင်းသမီးနဲ့အဖွဲ့ဟာ ကျွန်တော်တို့ဘေး၊ အလွန်ဆုံးမှ နှစ်ပေအကွာလောက်ကနေ အေးအေးဆေးဆေးပဲ ဖြတ်သွားကြပါတယ်။ ဈေးလာဝယ်တာမို့ ကင်မရာယူမလာမိတဲ့ ကိုယ့်ကိုယ်ကိုယ်တောင် အပြစ်တင်မိသွားခဲ့ရပါသေးတယ်။ မဟုတ်ရင် ပုံကလေး ဘာကလေးနဲ့ ကျကျနန မှတ်တမ်းတင်လာခဲ့မိမှာပါ။

လွန်ခဲ့တဲ့ ၁၀ နှစ်လောက်က ထိုင်းနိုင်ငံ၊ သုဝဏ္ဏဘူမိလေဆိပ်ရဲ့ အရေး

> ကျွန်တော်တို့ အများစုရဲ့ အမြင်မှာတော့ ကြက်တူရွေးတွေကလည်း ကြက်တူရွေးပီပီ နေရာတကာ အခွင့်ထူးခံချင်တယ်၊ မယ်ဘော်တွေကလည်း သိပ်ကိုအကဲပိုလွန်း တယ်လို့ ဖြစ်နေပါတယ်။ အဲဒါ လက်ရှိအုပ်ချုပ်ရေး တာဝန်ယူသွားသူတွေထဲမှာတင် မဟုတ်ပါဘူး။ မယ်ဘော်တွေ အကဲပိုတာတော့ အတိုက်အခံလို့ ခံယူသူတွေ ထဲမှာတောင် စိတ်ပျက်စရာကောင်းအောင် တွေ့တွေ့နေရပါတယ်. . .

ကြီး ပုဂ္ဂိုလ်များ နားနေဆောင်မှာ နောက်ပြောင်းစီးရမယ့် လေယာဉ်စောင့်ရင်း ကျွန်တော် နာရီပေါင်းများစွာ နေခဲ့ရဖူးပါတယ်။ အဲဒီ့မှာ ဗွီအိုင်ပီ သာမက၊ ဗွီဗွီအိုင်ပီဆိုပြီး "အလွန့်အလွန် အရေးကြီးသော ပုဂ္ဂိုလ်" များအတွက် သီးသန့်ခန်းတစ်ခု သက်သက်ရှိတာကို တွေ့ခဲ့ရပါတယ်။

အဲဒီ "အလွန့် အလွန်အရေးကြီးသော ပုဂ္ဂိုလ်"ဆိုတာက ဘုရင်နဲ့ ဘုရင့်မိသားစုကို ဆိုလိုတာပါ။ အဲသလို "အလွန့် အလွန်အရေးကြီးသော ပုဂ္ဂိုလ်"တစ်ဦးပင် ဖြစ်လင့်ကစား အများလူထု သွားလာနေတဲ့ ကုန်တိုက်လိုနေရာမျိုးကို လာရောက်တဲ့အခါ ဘာအခွင့်ထူးမှ မခံ၊ သူ့လုံခြုံရေးအတွက် ဘယ်လို စီမံထားမယ်တော့ မသိဘူး၊ အနီးကပ်ပါလာတဲ့ ရဲတွေကလည်း ချိုချိုသာသာနဲ့ သူတို့မင်းသမီးကို လမ်းဖယ်ပေးဖို့လောက်ကလေးကိုသာ ကောင်းကောင်းမွန်မွန် ပြသခဲ့တာကို နီးနီးကပ်ကပ် ကိုယ်တွေ့ကြုံဆုံခဲ့ရပါတယ်။ တော်တော့်ကို နှလုံးအေးချမ်းတဲ့ အတွေ့အကြုံပါပဲ။

ကျွန်တော်တို့ဆီမှာတော့ မဟုတ်ပေါင်ဗျာ။

ကြက်တူရွေးတွေကလည်း ကြက်တူရွေးပီပီ နေရာတကာ အခွင့်ထူးခံချင်တယ်။ မယ်ဘော်တွေကလည်း သိပ်ကို အကဲပိုလွန်းတယ်။ အဲဒါ လက်ရှိအာဏာရထဲမှာတင် မဟုတ်ဘူး၊ မယ်ဘော်တွေ အကဲပိုတာတော့ အတိုက်အခံဆိုတာတွေထဲမှာတောင် စိတ်ပျက်စရာကောင်းအောင် တွေ့တွေ့နေရပါတယ်။

ဝါးလုံးရှည်နဲ့ သိမ်းကြုံးရမ်းတာ မဟုတ်ပါဘူးဗျာ။ ကားလေးတစ်စီး၊ ယာဉ်မောင်းတစ်ယောက်နဲ့ လူမသိ သူမသိ ရွှတ်ခနဲ ရွှတ်ခနဲ သွားလာနေတဲ့ ပြည်ထောင်စုဝန်ကြီးလည်း ကြုံဖူးပါတယ်။ ဒါပေမယ့် ရှိတော့ ရှိတယ်၊ ရှားတယ်လို့ ပြောရမလားပဲ ခင်ဗျ။

အများစုကတော့ တစ်လမ်းလုံး ပိတ်၊ ရှိသမျှ ကား၊ အကုန်ရပ်ပြီး လမ်းတစ်လမ်းလုံး မောင်ပိုင်စီးထားတတ်ကြ၊ တစ်နေရာရာမှာ ဆိုရင်လည်း ကျန်တဲ့သာမန် လူထုတွေကို ပိတ်ဆို့ တားဆီးထားတာ သိပ်ကိုအမြင်ရများနေတော့ကာ အဲဒါကမှ ကျင့်ထုံးမှန်လို့ မှတ်နေကြတယ် ထင်ပါတယ်။

အဲတော့ ကျွန်တော်တို့ အများစုရဲ့ အမြင်မှာတော့ ကြက်တူရွေးတွေကလည်း ကြက်တူရွေးပီပီ နေရာတကာ အခွင့်ထူးခံချင်တယ်၊ မယ်ဘော်တွေကလည်း သိပ်ကို အကဲပိုလွန်းတယ်လို့ ဖြစ်နေပါတယ်။ အဲဒါ လက်ရှိအုပ်ချုပ်ရေး တာဝန်ယူသွားသူတွေထဲမှာတင် မဟုတ်ပါဘူး။ မယ်ဘော်တွေ အကဲပိုတာတော့ အတိုက်အခံလို့ ခံယူသူတွေထဲမှာတောင် စိတ်ပျက်စရာကောင်းအောင် တွေ့တွေ့နေရပါတယ်။

စကားစပ်လို့ ပြောရဦးမယ် ခင်ဗျ။ တစ်ခါသားမှာ ကျွန်တော်ဟာ နိုင်ငံခြားကလာတဲ့ "အလွန်အရေးကြီးသော ပုဂ္ဂိုလ်" တစ်ဦးရဲ့ ယာဉ်တန်းနဲ့အတူ လိုက်ပါလာခဲ့ပါတယ်။ အဲဒီ့ ယာဉ်တန်းမှာ ရဲကရှေ့နောက် ပါပါတယ်။ အရေးကြီး ပုဂ္ဂိုလ်တစ်ခုခုဖြစ်ရင် ပံ့ပိုးပေးဖို့ လူနာတင်ယာဉ်တောင်ပါသေးတယ်။ ရန်ကုန်က နေပြည်တော်ကို သွားတာပါ။

ယာဉ်တန်းက တစ်နာရီကို ကီလို ၆၀- ၇၀ နှုန်းလောက်သာ မောင်းနေပါတယ်။ လမ်းလယ်ကမောင်းနေတာ ခင်ဗျ။ ကျွန်တော်တို့က ယာဉ်တန်းရဲ့ နောက်ပိုင်းမှာပါ။ ကျွန်တော်တို့ နောက်မှာ လူနာတင်ယာဉ်နဲ့ ရဲကားတစ်စီးပဲ ကျန်ပါတော့တယ်။ အဲတော့ နောက်ကို တစ်ချက် လှည့်အကြည့်မှာ မြင်ရတာက တစ်နာရီကို ကီလို ၁၀၀ ကျော် ကောင်းကောင်းမောင်းနိုင်တဲ့ ကားကြီးကားကောင်းတွေ တသီတတန်းဟာ ကျော်တက်ခွင့်လည်း မရဘဲ အခက်တွေ့နေတာကိုပါပဲ။

ကံကောင်းချင်တော့ သန့်စင်ခန်းရှိတဲ့နေရာမှာ ကျွန်တော်တို့ ယာဉ်တန်း ခဏနားပါတယ်။ အဲဒီတော့မှ ဟိုကားတွေခမျာလည်း တပျော်ကြီးကျော်တက်သွားနိုင်ပါတယ်။

ထုံးစံအတိုင်း ကျွန်တော်လည်း ဘယ်လိုမှ မနေနိုင်တော့ပါဘူး။ သူ့အတွက် စကားပြန်လုပ်ပေးဖို့ ပါလာပေမယ့် သူနဲ့ တစ်ခါမှ စကားမပြောဖူးသေးတဲ့ ကျွန်တော်ဟာ အဲဒီအရေးကြီးပုဂ္ဂိုလ်ဆီ တန်းသွားလိုက်ပါတယ်။ ပြီးတော့ ကျွန်တော်တို့ ယာဉ်တန်းကြောင့် နောက်မှာဖြစ်ချင်တိုင်း ဖြစ်နေပုံတွေကို နတ်သံနှောပြီး ပြောပြလိုက်မိပါတော့တယ်။ ဟိုပုဂ္ဂိုလ်လည်း တစ်ခါတည်း မျက်လုံးတွေ ပြူးပြီး သူ့လူတွေကို ခေါ်၊ သူ့လူတွေက တစ်ဆင့် ယာဉ်တန်းနဲ့အတူ ပါလာတဲ့ ရဲမှူးကို ပြောလိုက်တော့တာမို့ အဲဒီ့က ပြန်အထွက်မှာ ကျွန်တော်တို့ယာဉ်တန်းဟာ လမ်းလယ်မှာစွာပြီး ပိတ်မနေတော့ဘဲ ဝဲဘက်ယာဉ်ကြောကို ပြည့်ပြည့်ဝဝဖွင့်ထားပေးလိုက်ပါတော့တယ်။ မြန်မြန်မောင်းနေတဲ့ ကားတွေလည်း ပျော်ပျော်ကြီး ကျော်နိုင်သွားပါတယ်။

သည်ဖြစ်ရပ်မှာတော့ ကျွန်တော်နဲ့အတူပါတဲ့ ကြက်တူရွေးခမျာ သူ့အာရုံနဲ့သူ ဘာမှမသိရှာပါဘူး။ မယ်ဘော်တွေကြောင့် သူ့ခမျာ ဘုမသိဘမသိ ကျိန်ဆဲခံနေရမှာလည်း သေချာပါတယ်။ မယ်ဘော်မဟုတ်ဘဲ အမြင်မတော်တာတွေ့ရင် ဘယ်လိုမှ အောင့်မနေနိုင်တဲ့ ကျွန်တော်၊ သူနဲ့စာရင် ပါချီပါချက် အနူညာတ ကျွန်တော်က သွားပြောလိုက်တော့ သူ ချက်ချင်း သဘောပေါက်သွားပြီး လုပ်သင့်တာကို ချက်ချင်း လုပ်ပေးခဲ့တာလည်း တကယ့် ဖြစ်ရပ်ပါ။

ပြောလည်း သိပ်ပြောချင်နေတယ်၊ ပြောကလည်း မပြောရဲဘူးခင်ဗျ။ ဒါပေမယ့် ပြောချင်တဲ့စိတ်က အနိုင်ရသွားတဲ့အတွက် မရဲတရဲနဲ့ ပြောလိုက်မိသွားရပါပြီ။ အားလုံးအတွက် တွေးဆ ဆင်ခြင်စရာ တစ်ခုခုတော့ ရသွားတန်ကောင်းရဲ့လို့ မျှော်လင့်မိပါတယ် ခင်ဗျား။ ။

**မြေကွက် ဝယ်လိုသည်**

ဒဂုံဆိပ်ကမ်း၊ ဒဂုံအရှေ့၊ ဒဂုံ တောင်မြို့နယ်များရှိ မြေကွက်များ ဝယ်လိုပါသည်။

ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။

ဖုန်း - ၀၉- ၂၆၀၆၆၄၄၈၀၊
၀၉- ၂၆၀၆၆၄၄၉၀

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မဟာဓာတ်အားလိုင်းများတွင် ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်အတွက် လိုအပ်သော Transmission Line Maintenance များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၃-၈-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်ရက် | - | ၂၁-၈-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်အချိန် | - | ၁၄း၀၀နာရီ |

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၁၀၂၈၂

# အနိမ့်ပိုင်းရပ်ကွက်များရေကြီးနစ်မြုပ်သဖြင့် ရေဘေးစခန်းများသို့ပြောင်းရွှေ့

**ဘားအံ ဇူလိုင် ၃၁**

ကရင်ပြည်နယ် ဘားအံမြို့တွင် ဇူလိုင်လမှစတင်ပြီး မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် သံလွင်မြစ်ရေမြင့်တက်လာကာ ဇူလိုင် ၂၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် စိုးရိမ်ရေမှတ်အထက်သို့ ရောက်ရှိခဲ့ရာ ဇူလိုင် ၂၉ ရက် ညနေပိုင်းတွင် ထပ်မံရွာသွန်းသောမိုးရေကြောင့် ဘားအံမြို့အနိမ့်ပိုင်းရပ်ကွက်များ၌ ရေကြီးနစ်မြုပ်သဖြင့် ရေဘေးစခန်းများသို့ စတင်ပြောင်းရွှေ့နေကြောင်း သိရသည်။

သံလွင်မြစ်ကမ်းဘေး ရပ်ကွက်များဖြစ်သော အမှတ်(၁) ရပ်ကွက်၊ အမှတ်(၂) ရပ်ကွက်၊ အမှတ်(၅)ရပ်ကွက်တို့တွင် ရေကြီးနစ်မြုပ်ခဲ့ရာ အမှတ်(၂)ရပ်ကွက် ရွှေယဉ်မျှော်ရေဘေးစခန်းတွင် အိမ်ထောင်စု ၈၇ စု၊ လူဦးရေ ၄၆၁ ဦး၊ အမှတ်(၅) ရပ်ကွက်ရှိ အောင်သံလွင်အားကစားရုံ ရေဘေးစခန်းတွင် အိမ်ထောင်စု ၈၀၊ လူဦးရေ ၄၃၃ ဦး၊ မိုးလုံလေလုံအားကစားရုံ ရေဘေးစခန်းတွင် အိမ်ထောင်စု ၅၂ စု၊ လူဦးရေ ၂၉၅ ဦး တို့ပြောင်းရွှေ့နေထိုင်ကြကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများ နေရာချထားမှု၊ စားသောက်ရေး၊ ကျန်းမာရေးစီမံထားရှိမှု၊ ထပ်မံရောက်ရှိလာနိုင်သော ရေဘေးသင့်ပြည်သူများကို ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိမှုများနှင့် တပ်မတော်သားများ၊ လူမှုရေးအဖွဲ့အစည်းဝင်များက ကယ်ဆယ်ရေး ကူညီဆောင်ရွက်နေမှုများကို ကရင်ပြည်နယ် ပြည်နယ်ဝန်ကြီးချုပ်၊ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် ဒုတိယတပ်မမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနေကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

# မိတ္ထီလာမြို့ရှောင်လမ်း ၁၄ မိုင် ၄ ဖာလုံအား အမြန်ဆုံးပြီးစီးအောင် ဖောက်လုပ်လျက်ရှိ



**မိတ္ထီလာ ဇူလိုင် ၃၁**

မိတ္ထီလာမြို့တွင်း ယာဉ်ကြောရှုပ်ထွေးမှုသက်သာပြီး ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ ခရီးလမ်းပိုမိုအဆင်ပြေချောမွေ့စေရေး ရည်ရွယ်ချက်များဖြင့် မြို့ရှောင်လမ်း ၁၄ မိုင် ၄ ဖာလုံအား အမြန်ဆုံးပြီးစီးအောင် ဖောက်လုပ်လျက်ရှိသည်။

တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးကျော်ဆန်းကပြောသည်။

"မြို့ရှောင်လမ်း အမြန်ဆုံးပြီးစီးအောင် ဖောက်လုပ်နေကြပါတယ်။ အောက်တိုဘာလအကုန်ပိုင်းပြီးစီးအောင် ဖောက်လုပ်ဖို့ တော့ပြောထားပါတယ်။ လက်ရှိတော့ မြေသားလမ်းလုပ်ငန်းတွေ၊ ရေမြောင်းပြွန်လုံးတပ်ဆင်တာတွေ ဆောင်ရွက်နေပါတယ်" ဟု ပြောသည်။

သပြေဝလမ်းဆုံမှ မိတ္ထီလာ-သာစည်ကားလမ်းမ (ပျဉ်သာကျေးရွာအနီး) အထိ ၉ မိုင် ၂ ဖာလုံကို သော်တာဝင်းကုမ္ပဏီက တာဝန်ယူဖောက်လုပ်ပြီး ပျဉ်သာကျေးရွာအနီးမှ ကန်တောင်ကျေးရွာတောင်ဘက် မြာရေဝေကျေးရွာလမ်းဆုံအနီးအထိ ၅ မိုင် ၂ ဖာလုံကို ယုဇနကုမ္ပဏီက တာဝန်ယူဖောက်လုပ်ခြင်းဖြစ်သည်။ မိတ္ထီလာမြို့ရှောင်လမ်း လမ်းသားအကျယ်မှာ ပေ ၁၂၀ ခန့်ရှိသော်လည်း လက်ရှိတွင် ၂၄ ပေအကျယ်ဖြင့် ယုဇနကုမ္ပဏီမှ ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ သော်တာဝင်းကုမ္ပဏီမှ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ်လည်းကောင်း ဆောင်ရွက်သွားမည်ဟု သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကျွန်းစုမြို့နယ်၌ အရန်သားဖွားဆရာမ(အသစ်)သင်တန်းဆင်းပွဲနှင့် သားဖွားပုံးများပေးအပ်ပွဲ ကျင်းပ

**ကျွန်းစု ဇူလိုင် ၃၁**

ကျွန်းစုမြို့နယ်၌ ကျန်းမာရေးဝန်ကြီးဌာန (GAVI HSS) အစီအစဉ်နှင့် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အထောက်အပံ့ဖြင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်သော အရန်သားဖွားဆရာမ (အသစ်)သင်တန်းဆင်းပွဲနှင့် သားဖွားပုံးများပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၉ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်ပြည်သူ့ဆေးရုံခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ သင်တန်းဆင်းပွဲအခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် သစ်တော၊ သတ္တုဝန်ကြီးဦးတင်စိုးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး စီမံ၊ စီးပွားဝန်ကြီး ဦးသိန်းလွင်က သင်တန်းသူများအား အားပေးစကားပြောရာတွင် သင်တန်းသူများအနေဖြင့် နိုင်ငံတော်မှ မဏ္ဍိုင်ကြီးနှစ်ရပ်ဖြစ်သည့် ပညာရေး၊ ကျန်းမာရေးကဏ္ဍကို အလေးထားဆောင်ရွက်လျက်ရှိရာ ယခုကျန်းမာရေးအနေဖြင့် မိမိကျေးရွာများတွင် အိမ်တိုင်ရာရောက် အိမ်တွင်းကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းမျိုးကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိဒေသအကျိုးကို တစ်ဖက်တစ်လမ်းမှ တိုးတက်စေရေး ပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှ ဇူလိုင် ၂၇ ရက်အထိ ကျွန်းစုမြို့နယ်အတွင်းရှိကျေးရွာများမှ သင်တန်းသူ ၃၀ တို့က တက်ရောက်ခဲ့ကြ၍ သင်တန်းကာလ ခြောက်လဖြစ်သည်။ စာတွေ့သုံးလနှင့် မိမိကျေးရွာများတွင် လက်တွေ့သုံးလဖြင့် ကွင်းဆင်းဆောင်ရွက်စေခဲ့ပြီး သင်တန်းဆင်းလက်မှတ်များနှင့် သားဖွားပုံးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရန်နိုင် (ကျွန်းစု ပြန်/ဆက်)**




**MS အိမ်၊ ခြံ၊ မြေအကျိုးဆောင်မှ**

စားသောက်ဆိုင်၊ ရုံးခန်း၊ ဆိုင်ခန်းများ ဖွင့်လှစ်လိုသူများအတွက် နေရာကောင်းများစွာရှိပါ၍ လိုအပ်ပါက ဆက်သွယ်ပေးပါရန်။
ပွဲခ လုံးဝ(လုံးဝ)မယူပါ။
**Ph: 09-254398600, 09-263202240**

**ရွှင်ပြုံးသူဇာ အကျိုးဆောင်**

| | | | |
|---|---|---|---|
| ပြည်လမ်းမကြီး | 12 ဧက | မြေ | ရောင်း |
| သုဓမ္မာလမ်းမကြီး | 40 x 60 | မြေ | 9000 သိန်း |
| ပါရမီလမ်းမတန်း | 40 x 60 | မြေ | 10500 သိန်း |
| ရွှေတောင်ကြားလမ်းမ | 50 x 65 | မြေ | 9500 သိန်း |
| ရေတာရှည်လမ်းမ | 20 x 100 | မြေ | ရောင်း |
| သံသုမာလမ်းမကြီး | 20 x 60 | မြေ | 4800 သိန်း |
| ကန်လမ်းသွယ်၊ ၅မိုင် | 60 x 80 | မြေ | 15000 သိန်း |
| နဝဒေးအိမ်ရာ | 12000 sqft | မြေ | 5500 သိန်း |

မြို့နယ်စုံရှိ အိမ်၊ခြံ၊မြေများ ရောင်း၊ဝယ်၊ငှားရမ်း အပ်နှံနိုင်ပါသည်။
**09 500 7745, 09 79 500 7745, 09 78 500 7745**

ဦးသောင်းစိန်၏ သီဟ အမှတ်တံဆိပ်
အပျိုအအိုမရွေးဓမ္မတာသွေးပေါ်စေရေး
သွေးဆုံးရောဂါဘေးအတွက်
**မီးယပ်ဆေး**
(စာနယ်ဇင်း) ဝ၄၁/ဝ၇၁၅
TMR 002469 (1016) (မီးယပ်ဆေး - ၁) TMR 012076 (0516) (မီးယပ်ဆေး - ၂)

ဦးသောင်းစိန်၏ သီဟ အမှတ်တံဆိပ်
သားအိမ်မသန့်လို့ မီးယပ်ဖြူတွေဆင်းနေသလား
အားနည်းနေလို့ မီးယပ်ဖြူတွေဆင်းနေသလား
အညောင်းထိုင်လို့မီးယပ်ဖြူတွေဆင်းနေသလား
တဆဝတ (စာနယ်ဇင်း) ဝ၄၃/ဝ၇၁၅
**မီးယပ်ဖြူသောက်ဆေးကိုသောက်ပါ**
TMR 002470 (1016)

**ခြံရောင်းမည်**

သန်လျင်၊ ထမလုံ၊ သီလဝါစက်မှုဇုန်အနီး ပေ(၄၀×၁၂၀)ထောင့်ကွက်၊ ခြံပတ်ကားခတ်ပြီး။ သိန်း(၅၀၀)
ဖုန်း-၀၉-၄၂၀၀၀၄၂၂၇

**လသာလမ်း မြေညီထပ်ငှားမည်**

လသာအထက်လမ်း၊ နွေညမပြတ်စည်ကား၊ (၁၂ပေခွဲ× ပေ၆၀)၊ မြေညီထပ်၊ ပြင်ဆင်ပြီး၊ နံရံ-အခင်းကြွေပြားကပ်၊ လူနေ+လုပ်ငန်းရ၊ တစ်လ (၂၈)သိန်း၊ နှစ်ချုပ်ငှားမည်။
ဖုန်း-၀၉-၅၀၂၀၈၀၀၊ ၀၉-၅၁၄၁၆၆၇

**တိုက်ခန်းသစ်ရောင်းရန်ရှိသည်**

ပထမထပ်၊ လွတ်လပ်ရေးလမ်းမကြီးပေါ်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
(ခရိုင်တရားရုံးအနီး)
ရောင်းဈေး-သိန်း (၂၃၀)
ဖုန်း-၀၉-၉၇၇၄၄၆၁၅၀၊
၀၉-၂၅၄၁၄၉၈၉၉

**ဖခင်အမည်မှန်**

အထက(၄)ပုဇွန်တောင် ဒသမတန်း(C)မှ မဇွန်မြတ်နိုး၏ ဖခင်အမည်မှန်မှာ ဦးဆန်းထွန်း [၁၂/ဒပန(နိုင်)၀၀၂၁၅၇]ဖြစ်ပါသည်။
**ဦးဆန်းထွန်း**

ဦးသောင်းစိန်၏ သီဟ အမှတ်တံဆိပ်
**ဆီးချို၊ သွေးချို ကျဆေး**
တဆဝတ (စာနယ်ဇင်း) ဝ၄၂/ဝ၇၁၅
ဆေး(၂)ခွက်ဖြင့်ဆီးချိုကျစေပါသည်။
TMR 012825 (0118)
Ph: 09-5078647, 09-254321866, 09-798452604, 09-795311649
ဖြန့်ချိရေး - ကိုဝင်းမြင့် မဘောဘီ၊ (၁၅)လမ်းထိပ်၊ လူထုမေတ္တာဆေးဆိုင်၊ (၂၄)လမ်းနှင့်သိမ်ကြီးဈေး၊ မင်္ဂလာဈေး၊ ရွှေပြည့်စုံဈေးရှိဆေးဆိုင်များ။

# တာဝန်ကျေသော ယာဉ်ထိန်းရဲ

**ငွေလှိုင်းဖြူ (ပုသိမ်)**

လူ့ဘဝသမိုင်းဆိုသည်မှာ ထိုသူသက်ရှိထင်ရှား ရှိနေစဉ်၊ သူတာဝန်နှင့်အညီ ပြုလုပ်ဆောင်ရွက်နေစဉ် ကာလမှာ ထင်ရှားပေါ်လွင်ခြင်းမရှိဘဲ သူဆောင်ရွက်ခဲ့ သည့်အကြောင်းအကျိုး၊ အကောင်းအဆိုးသည် ထိုလူမရှိ တော့သည့်အချိန်ကာလမှာ ပေါ်လွင်ထင်ရှားလာတတ်ပါ သည်။

အထက်ပါ ဆောင်းပါးခေါင်းစဉ်ဖြင့် တာဝန်ကျေ သောယာဉ်ထိန်းရဲဆိုသည့် စကားရပ်ကို စာရေးသူနှင့် နှစ်ပေါင်း ၃၀ ကြာ သူနှင့်အတူရှိနေပြီး ကိုယ်တိုင်သိခဲ့ရ သည်မို့ သူတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သော ယာဉ်ထိန်းရဲတာဝန်နှင့် လူမှုရေးတာဝန်များကို ယာဉ်ထိန်းရဲတပ်ကြပ်ကြီး အောင်ဟိန်းအတွက် သမိုင်း တစ်ခုအဖြစ် တင်ပြပါသည်။

လွန်ခဲ့သော ၁၉၅၇ ခုနှစ်တွင် ရန်ကုန်မြို့ ပြည် လမ်းဘေးတွင် ဗိုလ်ရှုသဘင်အနီး ပြည်လမ်းရဲအတတ် သင်ကျောင်းရှိခဲ့ပြီး ယခုလွှတ်တော်အဆောက်အအုံ နေရာဖြစ်သည်။ ရန်ကုန်ရဲတပ်ဖွဲ့မှ ရဲတပ်သားသစ်များ ခေါ်ယူစုဆောင်းနေသည့်အတွက် သူနှင့်စာရေးသူ ရဲတပ်သားသစ်ခန့်ထားပေးရန် အတူလျှောက်လွှာတင်ရာ မှ အစပြု၍သိခဲ့ရသည်။ စာရေးသူက အသက် (၂၂) နှစ်၊ သူက အသက်(၂၀)နှစ် ဖြစ်ပြီး ရဲတပ်သားသစ်ခန့်ထား ခြင်းပြုတာကြောင့် အတူသင်တန်းတက်ခွင့်ရကြပါသည်။

သင်တန်းကာလမှာ ခြောက်လသင်တန်းသတ်မှတ် ပြီး စုဆောင်းထားသည့်တပ်သားသစ် ၄၀၀ အား အဆောင်(၁) ရဲတပ်သားသစ် ၂၀၀ တပ်ခွဲ(၁)နှင့် အဆောင်(၂) ရဲတပ်သားသစ် ၂၀၀ တပ်ခွဲ(၂) သတ်မှတ်ပြီး စတင်သင်တန်းတက်ရသည်။ သူ၏ တပ်သားသစ် ကသန်းပါတ် ၃၅၊ စာရေးသူက ၃၆ တစ်ခန်းတည်း ခုတင်ချင်းယှဉ်လျှက် တပ်စု ၂ တွင် အတူနေကာ သင်တန်းတက်ရသည်။ ရဲတပ်သားသစ် ၄၀၀ အတွက် ကျွေးသည်မှာ အရည်ကျဲသည့် နိုင်လွန် ကုလားပဲဟင်းနှင့် ဆီနည်းသော မျှင်ငါးပိကြော်ဖြစ် သည်။ သောကြာနေ့တွင် ဝက်သား၊ အမဲသား တစ်နေ့ သတ်မှတ်ကျွေးသည်။ အသားမစားသူများက ဘဲဥဟင်း ကျောင်းအခေါ် ရွှေခေါင်းပြောင်နှင့်သာ ကျေနပ်ရသည်။

စာရေးသူက ပုသိမ်မြို့ကဖြစ်ပြီး ရန်ကုန်မြို့ရှိ အဘိုးဖြစ်သူထံ ခေတ္တအလည်လာခြင်းဖြင့် ရဲတပ်သား သစ်ဖြစ်ခဲ့သည်။ သူက ရန်ကုန်မြို့ တိုးကြောင်ကြီးရွာအနီး ရေတွင်းချောင်ကျေးရွာ ဇာတိဖြစ်သည်။ တနင်္ဂနွေနေ့ သင်တန်းအားရက်များတွင် စာရေးသူတို့လို မိဘရပ်ရွာ နှင့် ဝေးကွာသူများက မြေနီကုန်းရှိ ရုပ်ရှင်ရုံတစ်ဝိုက်နှင့် ရွှေတိဂုံစေတီတော် ဖူးပြီး အားလပ်ချိန်ကုန်ခဲ့ရသည်။ သူကတော့ ရေတွင်းချောင်ကျေးရွာက သူ့မိဘများ အိမ်ပြန်ပြီး သူ့အတွက် ငါးပိကြော်၊ ငါးခြောက်ကြော် တစ်ပတ်စာယူပြီးပြန်လာခဲ့သည်။

သူနှင့်စာရေးသူတို့ ရက်မှလကြာအောင်အတူနေ ရဲဘော်များဖြစ်ပြီး ခင်မင်ရင်းနှီးလာခဲ့တာကြောင့် “ဟော့ ရဲဘော်အောင်ဟိန်း မင်းကတော့တစ်ပတ်စာ ငါးပိကြော်၊ ငါးခြောက်ကြော်တွေနဲ့ ရိက္ခာအပြည့်ရှိနေပြီ၊ ဒို့ကတော့ နိုင်လွန်ပဲဟင်းနဲ့ ဆီနည်းတဲ့ မျှင်ငါးပိကြော်နဲ့ပဲ နွဲ့ရ တော့မယ်ကွာ” “ငါယူလာတာ ငါတစ်ယောက်တည်း စားဖို့မဟုတ်ပါဘူး၊ ဒီအခန်းထဲက ရဲဘော်တွေအားလုံး အတွက်ပါ” အသံသြကြီးနဲ့ ရယ်မောပြောပြီး သူယူ လာသည့် ငါးပိကြော်၊ ငါးခြောက်ကြော်များကို စားသောက်ဆောင်သို့မသွားမီ ရဲဘော်များပုဂံပြားထဲသို့ ပါလာသမျှ ဝေပေးသည့် သူ၏စိတ်ရင်းစေတနာကို စာရေးသူသိခဲ့ရပါသည်။

ရဲတပ်သားသစ် သင်တန်းသုံးလကြာ ရင်နှီးခင်မင် စွာ နေထိုင်ခဲ့ကြရကြောင်း၊ တစ်ခန်းတည်းအတူနေ ရဲဘော်များက. . . ဟော့ ကိုအောင်ဟိန်း ဒီနေ့စနေနေ့ဗျ။ မနက်ဖြန် ရေတွင်းချောင်ချီတက်ဖို့ မေ့မနေနဲ့ဦး။ အေးပါ မင်းတို့ကိုငါ အငတ်မထားပါဘူး။ သွားပါမယ် ပြောခါရယ်နေပါသည်။ သင်တန်းတက်နေရစဉ် တနင်္ဂနွေနေ့တိုင်း စိတ်ရင်းစေတနာဖြင့် သူပေးကျွေးခဲ့ ခြင်းကို စာရေးသူမမေ့မရနိုင်ခဲ့ပါ။

သင်တန်းကာလ ခြောက်လပြည့်၍ သင်တန်းဆင်း ပွဲပြုလုပ်ပြီး ရဲတပ်သားသစ်များကို ရန်ကုန်မြို့တွင်းရှိ ရဲစခန်းအသီးသီးသို့ တာဝန်ခွဲဝေသတ်မှတ်ခဲ့ရာ စာရေး သူက ရန်ကုန်သီးသန့်ရဲအဓိကရုဏ်းနှိမ်နင်းရေးတပ်ဖွဲ့တွင် တာဝန်ကျပြီး သူကသဃ်န်းကျွန်းရဲစခန်းမှာ တာဝန်ကျ သည့်အတွက် ခွဲခွာ၍တာဝန်ကျရာသို့ ရောက်သွားကြပါ သည်။

၁၉၆၄ ခုနှစ်တွင် ရန်ကုန်ရဲတပ်ဖွဲ့မှ ရဲစခန်းအသီးသီး တွင် ငါးနှစ်ကြာတာဝန်ထမ်းဆောင်သည့် ရဲတပ်ဖွဲ့ ဝင်များကို စခန်းပြောင်းလဲလှယ်တာဝန်ထမ်းဆောင်ရန် စီမံချက်ကြောင့် ၂၄-၁-၁၉၆၄ ခုနှစ်တွင် စာရေးသူနှင့် ရဲဘော်အောင်ဟိန်း ရန်ကုန်မြို့(၅၂)လမ်းယာဉ်ထိန်းဌာန ခွဲသို့ အတူပြောင်းရွှေ့ရောက်ရှိကာ ပြန်လည်ဆုံစည်း ရပါသည်။

ရဲစခန်းများမှ ယာဉ်ထိန်းရဲတပ်ဖွဲ့သို့ ပြောင်းရွှေ့ ရောက်လာသည့် ရဲတပ်ဖွဲ့ဝင် ၂၀ ကို ယာဉ်ထိန်းရဲ လုပ်ငန်းတာဝန်များသိရှိတတ်ကျွမ်းရန် ၁၄ ရက်ကြာ သင်ကြားပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်ဟောင်းများနှင့်တွဲ ဖက်တာဝန်ချထားခဲ့ရာ စာရေးသူ အထက(၁)ဒဂုံကျောင်း တွင်တာဝန်ကျပါသည်။ အတူတာဝန်ကျယာဉ်ထိန်းရဲများ သင်ကြားပေးသည့်အတိုင်း ကျောင်းဆင်းချိန်တွင် ကျောင်းရှေ့လမ်းလယ်မှနေ၍ ယောက်လမ်းအတွင်း ဝဲ/ယာဖြတ်သန်းမောင်းနေသော ယာဉ်များကို ခရာမှုတ်၊ လက်အချက်ပြပြီး လမ်းဖြတ်ကူးသည့် ကျောင်းသား ကျောင်းသူများရှိက ကားများကို ခေတ္တရပ်တန့်ပေးရသော တာဝန်ဖြစ်ပါသည်။ စာရေးသူကားများကို ခရာမှုတ် ရပ်တန့်ထားစဉ် လမ်းတစ်ဖက်မှ ကျောင်းသား ၁၀ ဦးခန့် လမ်းဖြတ်ကူးလာပြီး ကျောင်းသားအုပ်စုထဲမှ တစ်ယောက် က ဟော့မင်းတို့ဘဲဥစားကြမလားကွ သည်မှာပြောပြီး စာရေးသူ၏ဖိုင်ဘာဦးထုပ်အဖြူကို ဇီးစေ့နှင့် ပေါက်ခါ ထွက်ပြေးသွားသည်။ စာရေးသူတစ်ဖက်သို့ လှည့်ကြည့်စဉ် စာရေးသူ၏တင်ပါးကို ထီးနှင့်ထိုးပြီး ယာဉ်ထိန်းရဲဦးလေး ကြီး မတော်လို့ထိတာပါပြော၍ ရယ်မောသွားကြပါသည်။

စာရေးသူ ရန်ကုန်သီးသန့်ရဲတပ်ဖွဲ့တွင် ခြောက်နှစ် တာကာလတာဝန်ထမ်းဆောင်ခဲ့ပြီး ဒီလိုကျောင်းသား လူငယ်များ၏ အစအနောက်အပြုအမူမျိုး တစ်ကြိမ်တစ်ခါမှ မတွေ့ကြုံဘူး၍ ရှက်လည်းရှက် ဒေါသလည်း ထွက်မိပေ မယ့် တာဝန်ဆောင်ရွက်ဖို့လွှတ်ရန် ယာဉ်ထိန်းရဲစခန်း အတွင်း တန်းစီချိန်မှာ ရဲစခန်းမှူးက “သီးသန့်ရဲ တပ်ဖွဲ့က ရောက်လာတဲ့ ရဲဘော်တွေ တာဝန်ဆောင်ရွက်ရာမှာ သတိထားကြဖို့ပြောချင်တယ်။ ယာဉ်ထိန်းရဲ တာဝန်ဟာ အဓိကရုဏ်းနှိမ်နင်းရေးတာဝန်လိုမဟုတ်ဘူး။ လမ်းပေါ်မှာ လူမျိုးစုံ၊ စရိုက်မျိုးစုံနှင့်တွေ့ရမယ်။ ကိုယ်ထိလက်ရောက် မပြုရဘူး။ သီးခံစိတ်ရှည်ပြီး ယာဉ်ထိန်းရဲတာဝန်ဆောင် ရွက်ကြပါ” ယာဉ်ထိန်းရဲစခန်းမှူး၏ မှာကြားခြင်းတို့ ပြန်ကြားမိပြီး မကျေနပ်သည့် ဒေါသစိတ်ကိုလျှော့ကာ တာဝန်ဆောင်ရွက်ပြီး ပြန်ခဲ့ရပါသည်။

စာရေးသူအထက(၁)ဒဂုံကျောင်းတွင် ယာဉ်ထိန်းရဲ တာဝန်ဆောင်ရွက်ရမှာ ကြောက်သွားမိတာကြောင့် ရဲတပ်ဖွဲ့သို့ မဝင်ရောက်မီက တတ်ကျွမ်းပြီးဖြစ်သော အင်္ဂလိပ်-မြန်မာ လက်နှိပ်စက်အောင်လက်မှတ်ကို ယာဉ်ထိန်းရဲဌာနခွဲမှူးအားတင်ပြီး ပြင်ပယာဉ်ထိန်းရဲ တာဝန်ကို မဆင်းတော့ဘဲ ရုံးတွင်းလုပ်ငန်းတာဝန်ကိုသာ ဆောင်ရွက်နေပါတော့သည်။ တစ်နေ့တွင်(၅၂)လမ်းထိပ် ရှိ တရုတ်ကြီး ဦးမောင်စိန်လက်ဖက်ရည်ဆိုင်တွင်းသို့ ယာဉ်ထိန်း ရဲဝတ်စုံပြည့်ဝတ်ဆင်ပြီး ဝင်ရောက်လာသော ရဲဘော်အောင်ဟိန်းနှင့်ဆုံစည်းမိပါသည်။

ဟော့. . . အောင်ဟိန်း မင်းအထက (၁) ဒဂုံကျောင်း မှာ တာဝန်ကျပြီလားကွ၊ အေးငါနှစ်ကြိမ် တာဝန်ကျပြီး ပါပြီ။ အခုလည်းဒီကျောင်းမှာ တာဝန်ကျလို့သွားရဦးမယ်-- ငါတော့ တစ်ကြိမ်တည်းနှင့် လန့်သွားပြီကွာ။ မင်းကဘာ ပြုလို့လန့်သွားရတာလည်းကွ၊ ကျောင်းဆင်းချိန်မှာ ငါ ယာဉ်ရှင်းလက်ပြနေတုန်း ကျောင်းသားတွေအုပ်စုလိုက် လမ်းဖြတ်ကူးလာတယ်။ ဟော့ကောင်တွေဘဲဥစားမလားဆို ပြီး ငါ့ခေါင်းက ဦးထုပ်ကို ဆီးစေ့နဲ့ ပေါက်တယ်။ ဆီးစေ့နှင့် ပေါက်တာကို လှည့်ကြည့်နေတုန်း ငါ့တင်ပါးကို ထီးနဲ့ထိုးပြီး ယာဉ်ထိန်းရဲ ဦးလေးကြီးမတော်လို့ထိမိတာ ဆောရီးပါဗျာ ပြောပြီးထွက်ပြေးသွားကြတယ်၊ လမ်းလယ်ကောင်မှာ နံဘေးကသူတွေက ကြည့်နေတယ်။ ဒီအဖြစ်မျိုးနဲ့ တစ်ခါမှ မကြုံဖူးတော့ ငါရှက်လည်းရှက်တယ်။ ဒီကျောင်းမှာ တာဝန်ကျမှာ ကိုကြောက်လို့ လက်နှိပ်စက်နဲ့ ရုံးလုပ်ငန်းနဲ့ ပဲနေတော့မယ်ပြောမိပါသည်။

စာရေးသူပြောသည့် စကားကိုသူသဘောကျသွားပြီး အသံသြကြီးနဲ့ အားပါးတရရယ်ပါတော့သည်။ ဟော့-- မင်းက သင်တန်းဆင်းပြီးရန်ကုန်သီးသန့်ရဲမှာ ၆ နှစ်လုံး အဓိကရုဏ်းနှိမ်နင်းရေးတာဝန်ပဲသိပြီး ရဲလုပ်ငန်း အတွေ့ အကြုံမရှိသေးလို့ခံနိုင်ရည်မရှိတာပါကွာ။ ဒီကျောင်းက ကျောင်းသားလူငယ်တွေက ငွေကြေးတတ်နိုင်သူနဲ့ အရာရှိ သားသမီးဆိုတော့ သူတို့ကို မိဘတွေကအလိုလိုက်ထားလို့ အစအနောက်သန်တယ်။သီးခံခွင့်လွှတ်ပြီး သူတို့နဲ့လိုက် လျောညီထွေနေတတ်ရင်ပြီးတာပါပဲ။ငါတော့ဒီကျောင်းမှာ အမြဲတမ်းတာဝန်ချပေးဖို့ စခန်းမှူးကို ပြောပြီးပြီ။ မင်းလည်း သီးသန့်ရဲတုန်းကစိတ်မျိုးမထားပါနဲ့။ ဒို့ခု ရန်ကုန်ရဲမဟုတ်တော့ဘူး။ ၁၉၆၄ ခုနှစ် အောက်တို ဘာလ ၁ ရက်နေ့ကစပြီး ပြည်သူ့ရဲတပ်ဖွဲ့လို့အမည်ပြောင်း လိုက်ပြီး။အစည်းအဝေးတုန်းက ဌာနခွဲမှူးပြောတာ မင်း မှတ်မိလား။ ပြည်သူ့ရဲတပ်ဖွဲ့လို့ အမည်ပြောင်းလိုက်ပြီ။ ယာဉ်ထိန်းရဲတပ်ဖွဲ့အနေနဲ့ ကျရာတာဝန်ကို ဆောင်ရွက်ရာ မှာ စိတ်သဘောထားတွေကို ပြုပြင်ပြီး ပြည်သူကြည်ဖြူ အောင် ဆောင်ရွက်ရမယ်ပြောတယ် မဟုတ်လား။ ငါ တာဝန်ချိန်နီးနေလို့သွားလိုက်ဦးမယ် ပြောကာနှုတ်ဆက် သွားပါသည်။

ရဲဘော်အောင်ဟိန်း၏လုပ်ငန်းတာဝန်ကျေပွန်ခြင်း၊ အတူနေသင်တန်းတက်ခဲ့ရသောရဲဘော်များကိုသူမှာရှိ သမျှ ဝေမျှကျွေးမွေးတတ်သည့်စေတနာ၊ အရာရာခွင့်လွှတ် သီးခံတတ်သည့် စိတ်ထားကိုစာရေးသူလေးစားမိတာ ကြောင့် စာရေးသူအဖို့ သူ့လိုဖြစ်အောင်ပြုပြင်ရန်လိုအပ် နေကြောင်း နောင်တရမိပါသည်။ သူ အထက (၁)ဒဂုံ ကျောင်းတွင် တာဝန်ကျနေစဉ် ယောက်လမ်းက စားသောက်ဆိုင်မှာ ကော်ပြန့်စိမ်းသိပ်ကောင်းတယ်။ မင်းအားတဲ့ အချိန်လာခဲ့ပါလားလို့ ဖုန်းဆက်ခေါ်တာ ကြောင့်သူ့ဆီရောက်သွားပြီး နှစ်ယောက်အတူ ဆိုင်တွင်း က စားပွဲမှာ ထိုင်မိတာနှင့် အထက(၁)ဒဂုံကျောင်းစောင့်က ငိုနေသော ကိုးနှစ်သားအရွယ်ကလေးကို လက်ကဆွဲလာပြီး ဦးအောင်ဟိန်း. . . ဒီကလေးက ကျောင်းဆင်းတာကြာပြီ။ တံခါးဝမှာ ငိုနေလို့ဟုပြောကာ သူ့ကိုအပ်ပြီး၊ ကျောင်း စောင့်က ထွက်သွားပါသည်။သူကလေး၏နေရပ်လိပ်စာ ချော့မေးပြီး စားသောက်ဆိုင်က မော်တော်ဆိုင်ကယ်ငှား ကာလိုက်ပို့ ပေးပါသည်။

သူကလေးကိုပို့ပြီးပြန်ရောက်လို့ နှစ်ယောက်အတူ စားပြီးတာနဲ့ မင်းတာဝန်တွေပြီးသွားပြီလား။ ဒို့ ပြန်ကြမယ် ကွာ၊ ငါအရေးကြီးတဲ့ကိစ္စတစ်ခုကျန်နေသေးတယ်ကွာ။ ဘာကိစ္စများလည်းကွ။ စိန့်မေရီကျောင်းက ကျောင်းသား တွေနဲ့ အထက(၁)ဒဂုံကကျောင်းသားတွေ ချိန်းပြီးရိုက်ကြ မယ်ဆိုတဲ့ သတင်းကို ငါကြားတယ်။ကလေးတွေမဖြစ်သင့် တာတွေမဖြစ်အောင် ကျောင်းအုပ်ကြီး ဦးအောင်သန်းကို ငါကြိုတင်သတင်းပို့ရမယ်။ မင်းဒီဆိုင်ကပဲခဏစောင့် ပြောပြီးထွက်သွားပါသည်။

> မြန်မာနိုင်ငံရဲ့တပ်ဖွဲ့မှ ယာဉ်ထိန်းရဲတာဝန်နှင့် ဘက်စုံလူမှုရေးတာဝန်ကိုပါ ကျေပွန်စွာထမ်းဆောင်သွားသော ယာဉ်ထိန်းရဲတပ်ကြပ်ကြီး အောင်ဟိန်းအား မျိုးဆက်သစ်တာဝန်ယူဆောင်ရွက်နေကြသည့် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ စံနမူနာအတူယူ. . .

စာရေးသူ သူ့ကိုဆိုင်မှာထိုင်မစောင့်တော့ဘဲ ကျောင်းရှေ့ထွက်စောင့်ခဲ့ပါတယ်။ သူရောက်လာတာ ကြောင့် ဘတ်စ်ကားဂိတ်သို့ နှစ်ယောက်အတူသွားပြီး ဘတ်စ်ကားပေါ် အတူထိုင်မိစဉ် သူ့ခေါင်းမှဦးထုပ်ကိုချွတ် လိုက်ရာ သူ့နဖူးက ဖူးရောင်နေတာကို တွေ့ရတာကြောင့် ဟော့. . . အောင်ဟိန်းမင်းနဖူးက ဒဏ်ရာက ဘာဖြစ်တာ လဲကွ။ မနေ့က ကျောင်းဆင်းချိန်မှာ ကျောင်းသားချင်း ရန်ဖြစ်နေလို့ ငါဝင်ဖျန်ဖြေပေးတာ သူတို့ချင်းခဲနှင့် ပေါက်တာ ငါ့ကိုမှန် လို့ပါကွာ. . . အောင်ဟိန်းရာ ယာဉ်ထိန်းရဲလုပ်ငန်းအပြင် ဒီတာဝန်တွေလဲယူနေရ လား။ ငါ့အဖို့တော့ နေ့စဉ်ကြုံတွေ့နေလို့ ရိုးနေပါပြီကွာ အပြုံး မပျက်ဘဲ သူပြောတဲ့စကားကြားရလို့ အထက(၁) ဒဂုံကျောင်း၏ ယာဉ်ထိန်းရဲတာဝန်အပြင် ဘက်စုံလူမှု ရေးတာဝန်ကိုပါ ဆောင်ရွက်နိုင်စွမ်းရှိသည့် တာဝန် ကျေပွန်သောသူ၏ စိတ်ရင်းစေတနာထားရှိနိုင်ခြင်းကို လေးစားမိပါတယ်။

သူနဲ့စာရေးသူတို့ ၁၉၆၄ ခုနှစ်မှစ၍ အတူတကွ တာဝန်ထမ်းဆောင်ခဲ့ရာ ရက်ကိုလစား လပေါင်းများ စွာကို နှစ်ပေါင်းတိုးကဝါးမျိုခဲ့တာကြောင့် ၁၉၉၅ ခုနှစ်တွင် စာရေးသူအသက် (၆၀) ပြည့်နှစ်အတွက် ရဲတာဝန်ထမ်းဆောင် အသက် ၃၈ နှစ် ရဲတပ်ကြပ်ကြီး အဆင့်ဖြင့် အငြိမ်းစားယူပြီး ဝန်ထမ်းအိမ်ရာရရှိခဲ့သည်။ ဒဂုံမြို့သစ်မြောက်ပိုင်း ၃၉ ရက်ကွက်၊ သမာဓိ-၂ လမ်းတွင် ပြောင်းရွှေ့နေထိုင်ခဲ့ပါသည်။ သူကစာရေးသူ ထက်အသက် နှစ်နှစ်ငယ်တာကြောင့် ၁၉၉၇ ခုနှစ် တွင် ရဲတပ်ကြပ်ကြီးအဆင့်ဖြင့် အငြိမ်းစားယူကာ အမှတ်- ၃၆၀၊ ဘုရင့်နောင်လမ်း၊ ၃၉ ရပ်ကွက်တွင် သူရရှိသော ဝန်ထမ်းအိမ်ရာသို့ပြောင်းရွှေ့နေထိုင်ပြီး အထက(၁) ဒဂုံကျောင်းအနီးက ယုဇနဟိုတယ်မှာ လုံခြုံရေးတာဝန် အလုပ်ကို ဆက်လက်လုပ်ဆောင်နေ ကြောင်းသိရသည်။

သူနှင့်မဆုံတွေ့တာကြာပြီး တစ်နေ့တွင် မမျှော်လင့် ဘဲ ဒဂုံမြို့သစ်မြောက်ပိုင်း အမှတ် ၅ ဈေးရှေ့ ကောင်းစု လဘက်ရည်ဆိုင်တွင် တွေ့ဆုံရတာကြောင့် အတူ လဘက်ရည်သောက်ရင်း ဟော့. . . အောင်ဟိန်း ငါ အသက် ၈၁ နှစ် မင်းအသက် ၇၉ နှစ်ရှိနေပြီကွ မင်း အနားမယူတော့ဘဲအလုပ်ဆက်လုပ်နေဦးမှာလား။ ငါအလုပ်ဆက်လုပ်မှ အသက်ရှည်မှာကွ ရယ်မောကာ ပြောနေပါသည်။ မင်းအလုပ်ဆက်လုပ်မှ အသက်ရှည်မှာ ကို ရှင်းအောင်ပြောစမ်းပါဦးကွ. . ငါ့အလုပ်က ဒဂုံ အထက(၁)နဲ့နီးတယ် ဒီကျောင်းမှာ ငါ ၃၂ နှစ် တာဝန် ထမ်းဆောင်ခဲ့လို့ ဒီကျောင်း မိဘဆရာအသင်းက နှစ်စဉ်ကျင်းပတဲ့ ဆရာကန်တော့ပွဲမှာ ငါ့ကိုထည့်သွင်းပြီး ကန်တော့ခံအဖြစ် နှစ်စဉ်ဖိတ်စာပေးပို့ ပေးတယ်။ ဒီကျောင်းက ဆယ်တန်းအောင်သွားတဲ့ ကျောင်းသားတွေ ကလည်း ဆရာဝန်၊ အင်ဂျင်နီယာနဲ့ အနုပညာ နယ်ပယ်မှာ ရုပ်ရှင်သရုပ်ဆောင်၊ဌာနအသီးသီးမှာ အရာရှိတွေဖြစ်နေကြပြီ။ အခုသူတို့သားသမီးတွေကို ဒီကျောင်းမှာ ဆက်ထားပြီး ကျောင်းအပို့အကြိုလုပ်နေ ကြပြီ။ ငါနဲ့တွေ့ဆုံမိတိုင်း သူတို့က ထောက်ပံ့ကူညီနေ တယ်လေကွာ။ ဒါကြောင့် ဒီကျောင်းသားဟောင်းတွေနဲ့ ငါတွေ့ဆုံရရင် ငါအသက်ပိုရှည်မယ်လို့ ရယ်မောကာ အားပါးတရ ပြောနေပါသည်။

စာရေးသူနဲ့နှစ်ပေါင်းများစွာ အတူတာဝန်ထမ်း ဆောင်လျက် ရင်းနှီးခင်မင်ရသော ယာဉ်ထိန်းရဲတပ်ကြပ် ကြီး အောင်ဟိန်းကို နောက်ဆုံးအကြိမ်တွေ့ဆုံခဲ့ရပြီး သူ၏ ရည်ရွယ်ချက်မပြည့်တော့ဘဲ (၂၅-၆-၂၀၁၅) ကြာသပတေးနေ့ နံနက် ၆း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောကုဌာနတွင် ကွယ်လွန်အနိစ္စရောက်သွားသောကြောင့် အထက(၁) ဒဂုံကျောင်းသားဟောင်း ဆရာဝန်တစ်ဦးက အထက(၁) ဒဂုံကျောင်းသားဟောင်းများ သိစေရန် အောင်ဟိန်း၏ ဓာတ်ပုံကို (facebook) မြန်မာသတင်းကွန်ရက် တွင်ဖော်ပြ၍ ကြေးမုံနေ့စဉ်သတင်းစာနာရေးတွင် ဖော်ပြခဲ့ပါသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ယာဉ်ထိန်းရဲ တာဝန်နှင့် ဘက်စုံလူမှုရေးတာဝန်ကိုပါ ကျေပွန်စွာ ထမ်းဆောင်သွားသော ယာဉ်ထိန်းရဲတပ်ကြပ်ကြီး အောင်ဟိန်းအား မျိုးဆက်သစ်တာဝန်ယူဆောင်ရွက် နေကြသည့် ယာဉ်ထိန်ရဲတပ်ဖွဲ့မှ စံနမူနာအတူယူပြီး ရဲတပ်ကြပ်ကြီး ယာဉ်ထိန်းအောင်ဟိန်းနေရာ အထက (၁)ဒဂုံကျောင်းရှေ့တွင် တာဝန်ယူဆောင်ရွက်လျက် ရှိသော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တို့သိရှိစေရန် ဆန္ဒပြု ရေးသားပါသည်။

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ၊ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြား ဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင် မည်ဟုယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

ကိုသက်ခိုင်သည် ထွန်းငွေ၏ စကားတို့ကို ငိုရခက်၊ ရယ်ရခက်နှင့် နားထောင်နေရ၏။ ထွန်းငွေ၏ မိန်းမ မင်းဘူးဘက် ကူးသွားသည်ဟု ကြားရမှ မေးသည်။

"အဲဒါထက် မင့်မိန်းမကော ထွန်းငွေ"

"မင်းဘူးဘက် ကူးသွားတယ်လို့ ငါပြောပြီးပါကောလား၊ ချန်ကေရှိတ်နဲ့ ကရူးရှက် ဝက်ကောင်လည်း ပါသွားတယ်။ ဘဲတွေ ကြက်တွေလည်း ပါသွားတယ်။ ဟိုဘက်မှာ ဘုရားပွဲရှိတယ် မဟုတ်လား၊ ဒီတော့ တစ်ပြည်လုံးက ဘုရားဖူးတွေနဲ့ ကျပ်နေတယ်။ အဲဒီတော့ ဝက်ဈေး---ဘဲဈေး. . ကြက်ဈေး သိပ်ကောင်းနေတယ်။ ငါ့မိန်းမတော့ သွားလေရဲ့ အဟီး"

ထွန်းငွေက ရယ်သည်၊ ကိုသက်ခိုင်က စိတ်မချမ်းသာ၊ ကိုသက်ခိုင် စိတ်မချမ်းသာသည်ကို ရိပ်မိဟန်မတူဘဲ ထွန်းငွေက မေး၏။

"မင်း မနက်စာ ငါ့အိမ်မှာ စားမယ် မဟုတ်လား၊ မစားဘူးလို့တော့ မငြင်းနဲ့ သူငယ်ချင်း"

"စားပါ့မယ် မောင်ညိုမှိုင်းရာ၊ ငါ ဒီနေ့ တစ်နေ့လုံး မင်းတို့နဲ့ နေမယ်လို့ စိတ်ပိုင်းဖြတ်ပြီး လာခဲ့တာ၊ မင်း ကျွေးရင် ညစာပါ ငါ ဒီမှာ စားပါ့မယ်"

"အေး. . . ဒါဖြင့် ငါ ချက်ကျွေးမယ်၊ ဒါပေမယ့် ဟော့ကောင် မောင်စောနောင်တို့အိမ်ကိုတော့ သွားလည်လိုက်ဦးကွာ၊ ဆက်ဆက်သွားကွာ၊ မသွားဘဲ မနေနဲ့"

"သွားပါ့မယ် မောင်ညိုမှိုင်းရာ၊ မင်း မတိုက်တွန်းလည်း ငါကတော့ သွားမှာပါပဲ၊ မင်းက ဘာလို့ ဒီလောက် တိုက်တွန်းနေရတာလဲ"

မောင်ညိုမှိုင်း ခေါ် ထွန်းငွေ၏ မျက်နှာက တည်ကြည်သွားသည်။ သူက လေးနက်သော အသံနှင့် မမျှော်လင့်သော မေးခွန်းကို မေးသည်။

"သက်ခိုင်. . . မင်း မင့်မမနွယ်ကို သတိရသေးသလား"

ကိုသက်ခိုင်က တုန်လှုပ်စွာ မောင်ညိုမှိုင်းကို ပြန်ကြည့်မိ၏။

"မောင်ညိုမှိုင်း. . . မင်း ဒီစကားကို ဘာလို့ မေးရသလဲ"

ညိုမှိုင်းက စလုပ်ပေါ်သော သူ့လည်ပင်းကို ရှေ့သို့ ညွှစ်ထုတ်ဆန့်ပြီး ခေါင်းကို တဆတ်ဆတ် ညိတ်သည်။ ဤအကြိမ်တွင်မူ သူ့မျက်လုံးများက မရယ်။ သူ့မျက်နှာကလည်း မရယ်။ တည်သည်။ ညှိုးသည်၊ မှိုင်းသည်။

ညိုမှိုင်းသည် ဣန္ဒြေကြီးစွာနှင့် ဆို၏။

"ချစ်သည်. . . ချစ်မိသည်. . . ချစ်ခဲ့မိသည်. . . ချစ်ရလိမ့်ဦးမည်. . . ဒုက္ခ. . . ဘဝ၏ ဒုက္ခ။

မြင့်သည်၊ ကွာသည်၊ လှမ်းသည်၊ ခြားသည်၊ သို့သော် . . . မှန်းမိသည်၊ အမှား. . . အမှား၊ ဘဝ၏ အမှား။

ရှောင်မည်၊ တိမ်းမည်၊ ပြေးမည်၊ အရှုံး. . . အရှုံး. . . ဘဝ၏ အရှုံး. . .။

"ဟော့ကောင်. . . သက်ခိုင်၊ ဒါ ဘယ်သူ ရေးခဲ့တာလဲကွ"

ကိုသက်ခိုင်သည် ထွန်းငွေကို ပြန်ကြည့်သည်။ ထွန်းငွေ၏ မျက်နှာက ငှက်ပျောတုံးလို သေနေ၏။

"မင်း ရေးခဲ့တာလေ မောင်ညိုမှိုင်း၊ မင့်စာကို တို့လုဖတ်တော့၊ တို့ ဆိုတာက ငါနဲ့ အေးဝင်း၊ အေး. . . တို့ လုဖတ်တော့ ဒီစကားတွေကို တွေ့တယ်၊ ဒီတော့ ငါနဲ့ အေးဝင်းက ရယ်တယ်၊ ဟားတယ်၊ အဲဒါ ဘာဖြစ်သလဲ"

ထွန်းငွေက သူ့ခေါင်းညှဉ်းသိုးသိုးကို လက်ဖြင့်ပွတ်ရင်း လေအေးလေးနှင့် ဖြေသည်။

"အဲဒါ ဘာဖြစ်သလဲ၊ ဘာမှ မဖြစ်ပါဘူး၊ တစ်နည်းအားဖြင့်တော့လည်း ဖြစ်ချင်တာ လျှောက်ဖြစ်ကြတာပဲ၊ ခက်တာက လူကြီးဖြစ်လာတော့ ဝန်မခံရဲကြဘူး၊ ပညာများများ တတ်လေ၊ ရာထူးများများကြီးလေ ဝန်မခံရဲလေလေပဲ၊ ကလေးတွေ တစ်ခုခုလုပ်ရင် လူကြီးတွေက သောတာပန်ရှုနဲ့ မင်းတို့ကွာ. . . မင်းတို့ကကွာ. . . တို့တုန်းကတော့ . . . တို့တုန်းကတော့ ဒါမျိုးတွေ. . . ဒါမျိုးတွေ မလုပ်ပါဘူးကွာ၊ မလုပ်မိခဲ့ပါဘူးကွာ. . . မင်းတို့ကျမှ မင်းတို့ကျမှ တောက်. . . ဟင်း အဲ. . . အဟီး. . . အဟက် . . . ဟက်. . . ဟား. . . ဟား. . . ဟား"

ထွန်းငွေသည် သူ့စကားကို သူ သဘောကျစွာ လက်ခုပ်လက်ဝါးတီး၍ ရယ်နေ၏။

ကိုသက်ခိုင် ငိုင်သွား၏။ ဘာမျှ ပြန်မဖြေမိ။ ဖြေစရာမရှိ၍မူ မဟုတ်။ ဖြေစရာထက် တွေးစရာတို့က သူ့ခေါင်းတွင်း ဝင်လာသောကြောင့် ဖြစ်သည်။

ထွန်းငွေကသာ ဆက်ပြော၏။

"မင်းမလဲ. . . မင့်မမနွယ်ကြောင့် ဒုက္ခ၊ ဟိုသစ္စံ. . . ဤစကားသည် မှန်၏။ ထပ်ဆိုမည်၊ မင်းမလဲ. . . မင့်မမနွယ်ကြောင့် ဒုက္ခ၊ အေးဝင်းကလည်း သူ့ကောင်မလေးမွန်ကြောင့် ဒုက္ခ၊ ငါလည်း. . . အေးလေ. . . အေးလေ . . . မရွှေသီကြောင့် ဒုက္ခ၊ ဇာတ်ပေါင်းတဲ့အချိန်ကျတော့ မင်းတို့ ငါတို့ သတ္တဝါ. . . အကောင်ကြီး. . . အကောင်လတ်တွေက အကောင်ငယ်လေးတွေကို ပစ်ပစ်ပြီး မဟာကရုဏာနဲ့ သနားလိုက်ကြတယ်၊ အဲ. . . တို့ကိုလည်း အကောင်အိုး အကောက်ပြတ်ကြီးတွေက တစ်ဆင့်ထပ်ထပ်ပြီး မဟာကရုဏာထားကြရှာသတဲ့ ဖိုးသက်ခိုင်ရေ. . . ကောင်းကြရော. . . အားလုံး ကောင်းကြရော"

ကိုသက်ခိုင်သည် ထွန်းငွေ၏ စကားတို့ကို ဆက်နားထောင်ရမည်စိုး၍ ရှေ့မှ ထွက်လာခဲ့သည်။ ထွန်းငွေက နောက်မှ လိုက်ပါလာ၏။

ခြံဝတွင်ရပ်ပြီး ကိုသက်ခိုင်က ပြော၏။

"ကဲ. . . မောင်ညိုမှိုင်း. . . ငါ မောင်စောနောင်တို့ အိမ်ဘက် လျှောက်သွားဦးမယ်"

"အေးလေ. . . သွားလေ ဟိုဘက်၊ အဲ. . . ဘယ်နှအိမ်ကျော်ပါလိမ့်၊ အင်း. . . ငါးအိမ်ကျော်၊ သွားလေ. . . မြန်မြန်တော့ ပြန်ခဲ့၊ ငါ ဘဲလည်လှီးပြီး မရန်းသိမ်းနဲ့ အုပ်ချက်ထားနှင့်မယ်"

ကိုသက်ခိုင်က ခြံဝမှ ထွက်ကာ လျှောက်လာခဲ့သည်။

မောင်စောနောင်တို့၏အိမ်ကို အထူးရှာရန် မလို။

တဲကုပ်တစ်ခု၏ရှေ့၌ ထန်းသား ပက်လက်ကုလားထိုင်တစ်လုံး ရှိနေသည်။

တဲကုပ်အတွင်းမှ အဘိုးကြီးတစ်ဦးနှင့် လူငယ်တစ်ဦး ထွက်လာကြသည်။ အဘိုးကြီးက ကိုယ်တစ်ခြမ်း သေနေသည်။ လူငယ်က ကိုတစ်ခြမ်းသေနေသော အဘိုးကြီးကို ခက်ခဲစွာ တွဲမှီခေါ်ဆောင်လာပြီး ထန်းသား ပက်လက်ကုလားထိုင်ပေါ်၌ နေရာချပေး၏။

အဘိုးကြီးက ကောင်းကင်သို့ မော့ကြည့်ပြီး ပြော၏။

"လူကလေး၊ နေသာနေတယ် ထင်တယ်နော်"

လူငယ်က ဖြေသည်။

"နေသာနေတယ် အဖေ၊ အဖေ နေရောင်ကို မြင်တယ်နော်"

"အေး အေး. . . နေရောင်ကို မြင်တယ်ကွယ်၊ တခြား ဘာမှတော့ မမြင်ဘူး၊ နွေဆိုတော့ နေရောင်လက်မှာပေါ့၊ လူကလေးရေ. . . အဖေ ဆာတယ်ကွယ်၊ မင့်အမေ ပြန်မလာသေးဘူးလား"

"အမေက မနက်ဖြန် မုန့်ဟင်းခါးဟင်းချက်ဖို့ ငါးလိုက်ဝယ်နေလို့ ပြန်မလာသေးဘူး အဖေ၊ ငါးကလည်း သိပ်ရှားနေတယ်၊ ဒါပေမဲ့ အမေ တော်တော်ကြာ ပြန်လာမှာပဲ၊ အဖေ ဆာရင် ခဏနေဦးနော်၊ ကျွန်တော် ထမင်းသွားခူးလိုက်ဦးမယ်၊ ချဉ်ရည်ဟင်းအိုး နွေးထားတာလည်း ဆူလုပြီ၊ အဖေ ခဏနေဦးနော်"

လူငယ်က အိမ်တွင်း ဝင်သွားသည်။

ကိုသက်ခိုင်က လမ်းဘေးခြံဝမှ ရပ်ရင်း အားလုံးကို မြင်နေရသည်။ အားလုံးကို ကြားနေရသည်။

မိန်းမကြီးတစ်ဦးက ခေါင်းထက်တွင် လင်ပန်းကို ရွက်ရင်း ကိုသက်ခိုင်ကို ဖြတ်လျှောက်သွားသည်။ မိန်းမကြီး၏ ခေါင်းထက်မှ လင်ပန်းပေါ်တွင် အိုးတစ်လုံးပါလာ၏။ အခြားအရာများလည်း ပါလာ၏။ မုန့်ဟင်းခါးဟင်းရည်နံ့၊ မုန့်ဟင်းခါး အချဉ်နံ့၊ ငံပြာရည်၊ ငရုတ်သီးနံ့များကို ကိုသက်ခိုင်၏ နှာခေါင်းများက ဖမ်းရမိသည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)
## ဝါဆိုသင်္ကန်းကပ်လှူပွဲ

ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)က ရန်ကုန်မြို့ရှိ ပန်းတောင်းမြို့နယ်ဖွား သံဃာတော်အရှင်သူမြတ်များကို အမှူးထား၍ (တတိယအကြိမ်) စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၆-၈-၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၀၉း၀၀ နာရီတွင် တေဇစက္ကိဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၊ ဇေယျာခေမာလမ်း၊ (ကျိုက်ဝိုင်းဘုရားလမ်း၊ ရဲဘော်ဟောင်းမှတ်တိုင်)တွင် ကျင်းပမည်ဖြစ်ပါသည်။ မြို့နယ်သူ မြို့နယ်သား အားလုံး ကြွရောက်ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)


## ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဗြိတိန်သံအမတ်ကြီးလာရောက်တွေ့ဆုံ

**မြစ်ကြီးနား ဇူလိုင် ၃၁**

ဗြိတိန်သံအမတ်ကြီး H.E MR. Andrew Patrick သည် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးညွန့်ရွှေနှင့် ကော်မရှင်အဖွဲ့ဝင်များအား ဇူလိုင် ၃၀ ရက် မွန်းလွဲ ၂ နာရီတွင် ကော်မရှင်အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပြီး လာမည့် ၂၀၁၅ ရွေးကောက်ပွဲနှင့်ပတ်သက်၍ လုပ်ဆောင်ချက်များနှင့် တွေ့ကြုံရသည် အခက်အခဲများ၊ ပြည်နယ်အတွင်း မငြိမ်းချမ်းသည့် ဒေသများတွင် ရွေးကောက်ပွဲကျင်းပရန် စီစဉ်ထားရှိမှု၊ ရွှေ့ပြောင်းမဲစာရင်းအား မဲဆန္ဒရှင်ပြည်သူများလာရောက်ကြည့်ရှုမှု အခြေအနေ၊ မဲစာရင်းတွင် အချက်အလက်များ မှားယွင်းမှုအပေါ် ပြင်ဆင်ဆောင်ရွက်ပေးမှု၊ (IDP Camp)များရှိ ပြည်သူများ ဆန္ဒမဲပေးရန်စီစဉ်ဆောင်ရွက်ပေးမှုတို့နှင့် စပ်လျဉ်း၍ မေးမြန်းရာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ဗြိတိန်နိုင်ငံနှင့် ဥရောပသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျနိုင်ငံတို့ပူးပေါင်း၍ ရန်ပုံငွေများဖြင့် မြန်မာနိုင်ငံ၌ ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် လေ့လာစောင့်ကြည့်ရေးအဖွဲ့များထားရှိမှုနှင့်စပ်လျဉ်း၍ သံအမတ်ကြီးက ရှင်းလင်းပြောကြားခဲ့သည်။

**(ပြန်/ဆက်)**


## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မန္တလေး ရေတံခွန်တောင်ဂေါက်ကွင်း၌ ဒေါ်အေးအေး (Dunlop Tyre Trading Co.,Ltd)သည် ၂၀၁၅၊ ဇူလိုင်လ (၁၇)ရက် နံနက်(၆)နာရီAM အချိန်တွင် ကစားဖော်များဖြစ်ကြသော ဒေါ်အောင်(Aung Kabar Co.,Ltd)၊ ဒေါ်မေလွင် (ဖူလုံဆန်ရောင်းဝယ်ရေး)၊ ဒေါ်အေးအေးလှိုင် (ထိုင်းမင်းသားစားသောက်ဆိုင်)တို့နှင့်အတူ ဂေါက်သီးရိုက်ကစားနေစဉ် Srixon No.3 ဘောလုံးကို Callaway Wood 9 တုတ်ဖြင့်ရိုက်လိုက်ရာ ၁၂၀ ကိုက်အကွာ မှ ကျင်းအမှတ် ၃ သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရပါသည်။ Hole In One ရရှိသွားသော ဒေါ်အေးအေး (Dunlop Tyre Trading Co.,Ltd) အား Yangon Lady Golfers Association မှ အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

မစုလှိုင် (ဥက္ကဋ္ဌ)
နှင့်
Yangon Lady Golfers အဖွဲ့ဝင်များ
Yangon Lady Golfers Association


## စက်မှုဝန်ကြီးဌာန
## အမှတ်(၃)၊ အကြီးစားစက်မှုလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၄/၂၀၁၅)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ အထည်စက်ရုံများမှ အသုံးမလိုပိုလျှံ စက်နှင့် စက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ အထွေထွေပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်။

| | | | |
|---|---|---|---|
| (က) | အမှတ်(၁)အထည်စက်ရုံ(ရွှေတောင်) | စက်အရန်ပစ္စည်း | ၈ မျိုး |
| (ခ) | အမှတ်(၃)အထည်စက်ရုံ(စစ်ကိုင်း) | စက်အရန်ပစ္စည်း | ၁၀ မျိုး |
| (ဂ) | အမှတ်(၅)အထည်စက်ရုံ(ပခုက္ကူ) | စက်နှင့်စက်အရန်ပစ္စည်း/ လျှပ်စစ်ပစ္စည်း | ၁၁ မျိုး |
| (ဃ) | အမှတ်(၆)အထည်စက်ရုံ(ဆားလင်းကြီး) | ရက်ကန်းစက်အထွေထွေပစ္စည်း | ၇ မျိုး |
| (င) | အမှတ်(၆)အထည်စက်ရုံခွဲ(မုံရွာ) | စက်နှင့်စက်အရန်ပစ္စည်း | ၁၇ မျိုး |
| (စ) | အမှတ်(၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း) | စက်နှင့်စက်အရန်ပစ္စည်း | ၂၂ မျိုး |

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က) တင်ဒါပုံစံရောင်းချမည့်ရက် - ၃-၈-၂၀၁၅ရက်

(ခ) တင်ဒါပုံစံရောင်းချမည့်နေရာ

(၁) နေပြည်တော် - အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း (စီမံရေးဌာန)၊ ရုံးအမှတ်-၃၇

(၂) ရန်ကုန် - အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း(ရုံးခွဲ) အမှတ်(၁) သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်။

(ဂ) တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၉-၈-၂၀၁၅ရက်၊ ၁၆း၀၀နာရီ

(ဃ) တင်ဒါပေးသွင်းရမည့်နေရာ - စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရုံးခန်း၊ ရုံးအမှတ်-၃၇၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနများတွင် စုံစမ်းနိုင်ပါသည်။

(က)အထွေထွေမန်နေဂျာ(စီမံရေး)၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ နေပြည်တော် ဖုန်းနံပါတ်-၀၆၇-၄၀၈၃၃၈၊ ၀၆၇-၄၀၈၁၈၅၊ ၀၆၇-၄၀၈၁၅၆

(ခ) လုပ်ငန်းရုံးခွဲ(ရန်ကုန်)၊ ဖုန်းနံပါတ်-၀၁-၅၅၄၁၇၇၊ ၀၁-၅၅၈၃၃၆

ပြည်တွင်းရေးရာ

## မဖေးချောင်းရေလျှော့၍ မုံရွာ–ပုလဲ–ဂန့်ဂေါ–ဟားခါးကားလမ်းကို မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ပြီ

**ဂန့်ဂေါ ဇူလိုင် ၃၁**

ဂန့်ဂေါမြို့နယ်၌ ဇူလိုင် ၂၅၊ ၂၆၊ ၂၇၊ ၂၈ ရက်တို့တွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့သည့်အတွက် မုံရွာ-ပုလဲ-ဂန့်ဂေါ-ဟားခါးကားလမ်း ဂန့်ဂေါမြို့နှင့်စိုင်ဒူးကျေးရွာကြား မဖေးချောင်းရေ မြင့်တက်လာကာ ဇူလိုင် ၂၇ နှင့် ၂၈ ရက်တို့တွင် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာနိုင်ခြင်းမရှိဘဲ အဆိုပါလမ်းပိုင်းတွင် သွားလာကြသူများ လှေဖြင့်ကျော်ဖြတ်ခဲ့ရသည်။

မဖေးချောင်းရေ လျော့နည်းသွားသည့်အခါတွင် လွယ်ကူစွာပြန်လည်သွားလာနိုင်ရေးအတွက် ဂန့်ဂေါခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်၊ လမ်းဦးစီးဌာနနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး၊ ကာကွယ်ရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီဝင်များ အနီးကပ်ဦးစီး ဆောင်ရွက်ကြရာ ဇူလိုင် ၂၈ ရက်ညနေပိုင်းတွင် အဆိုပါလမ်း၌ မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်သွားလာနိုင်ပြီဖြစ်ကြောင်းနှင့် ယာဉ်ကြောပိတ်ဆို့နေစဉ်ကာလအတွင်း ကားများဖြင့်လိုက်ပါလာကြသည့် ခရီးသည်များအား စေတနာရှင်များက ထမင်းထုပ်များ ဝေငှ ပေးခဲ့ကြောင်း သိရသည်။

၄၆၅

## ဟားခါး၌ ရေကြီးရေလျှံခြင်း၊ လမ်းတံတားများ ပြိုကျပျက်စီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ် လူနေအိမ်တစ်လုံး ပြိုကျပျက်စီး



**ဟားခါး ဇူလိုင် ၃၁**

မြန်မာနိုင်ငံတစ်ဝန်း၌ ယခုလရက်ပိုင်းအတွင်း မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံခြင်း၊ လမ်းတံတားများ ပြိုကျပျက်စီးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပေါ်လျက်ရှိရာ ဇူလိုင် ၂၉ ရက် ညနေ ၃ နာရီက ဟားခါးမြို့၊ မြို့သစ်ရပ်ကွက် မတူပီလမ်းရှိ ဦးလိုင်လွဲမှုန်၏ နေအိမ်သည် မြေသားအက်ကြောင်းများ ရှိနေ၍ ဟားခါးခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးဦးစိုးနိုင် ဦးဆောင်၍ ဒေသအုပ်ချုပ်ရေးအဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများက ယင်းအိမ်ဖျက်သိမ်းခြင်းကို ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသည်။

ဇူလိုင် ၂၉ ရက် ညနေ ၆ နာရီကျော်ခန့်က ချင်းပြည်နယ်၊ ဟားခါးမြို့၊ ပြည်တော်သာရပ်ကွက်၊ ဗိုလ်ချုပ်လမ်းရှိ ဦးချွမ်လိန်းနေအိမ် အုတ်ညှပ်သုံးထပ်အဆောက်အအုံ ပြိုကျမှုဖြစ်ပွားခဲ့သည်။ အဆိုပါ အခင်းဖြစ်ပွားရာ နေရာသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းနှင့် တာဝန်ရှိသူများ ချက်ချင်းရောက်ရှိကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပတ်ဝန်းကျင်နေအိမ်များ ထိခိုက်ပျက်စီးမှု ထပ်မံမဖြစ်ပေါ်စေရေး၊ အပျက်အစီးများအား အန္တရာယ်ကင်းရှင်းစွာ စနစ်တကျရှင်းလင်းဖယ်ရှားဆောင်ရွက်ရေး၊ လျှပ်စစ်မီးတိုင်များ နှင့် မီးကြိုးများ၊ တယ်လီဖုန်းကြိုးများ အန္တရာယ်မဖြစ်ပေါ်စေရေးတို့ကို တာဝန်ရှိသူများအား လမ်းညွှန်မှာကြား၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ယင်းနေအိမ်မိသားစုဝင်များအား ဘေးလွတ်ရာသို့ အချိန်မီရွှေ့ပြောင်းပေးနိုင်ခဲ့ခြင်းကြောင့် လူနှင့်အိမ်မွေးတိရစ္ဆာန်များ ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရသည်။

ဟားခါးမြို့ပေါ်၌ မိုးများအဆက်မပြတ်ရွာသွန်းပြီး မြေပြိုမှုများကြောင့် ဇူလိုင် ၂၉ ရက်အထိ ပျက်စီးလူနေအိမ် ၁၃ လုံး၊ အန္တရာယ်ရှိ၍ ရွှေ့ပြောင်းပေးရသည့် အိမ်ထောင်စု ၄၀ နှင့် လူဦးရေ ၂၀၅ ဦးရှိကာ ၎င်းမိသားစုဝင်များအား ထောက်ပံ့ပစ္စည်းများ ကူညီပေးအပ်ခြင်းများကိုတာဝန်ရှိသူများက စီမံဆောင်ရွက်ပေးလျက်ရှိသည်။ **(ချင်းပြည်နယ် ပြန်/ဆက်)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံဆွေးနွေး

**လွိုင်ကော် ဇူလိုင် ၃၁**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ ကယားပြည်နယ်တာဝန်ခံ ဦးစိုင်းခမ်းဝင်း နှင့် ပြည်နယ်၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌတို့သည် ဖရူဆိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များနှင့် ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက ဖရူဆိုမြို့နယ် အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုင်းခမ်းဝင်းက ရွေးကောက်ပွဲ ဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး ကယားပြည်နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်ဝင်းက အမှာစကားပြောကြားခဲ့သည်။

ဆက်လက်ပြီး လွိုင်ကော်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းရွှေက အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အရာရှိ ဦးညီညီမင်းက ရွေးကောက်ပွဲဆိုင်ရာများ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ ဖရူဆိုမြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလွီးဇီထျရက ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ ဖရူဆိုမြို့နယ်အခြေအနေကို ရှင်းလင်းတင်ပြပြီး ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ သိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် မေးမြန်းချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးစိုင်းခမ်းဝင်းက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

ဖရူဆိုမြို့နယ်တွင် ရပ်ကွက် ၅ ခုနှင့် ကျေးရွာအုပ်စု ၁၄ ခုရှိပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲရုံပေါင်း ၃၉ ရုံ နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၅၉၆၈ ဦးရှိကြောင်း ဖရူဆိုမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလွီးဇီထျရက ပြောသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးစိုင်းခမ်းဝင်းနှင့်အဖွဲ့သည် ဒီမောဆိုမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် သွားရောက်တွေ့ဆုံပြီး ရွေးကောက်ပွဲဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ဒီမောဆိုမြို့နယ်အတွင်း ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၄၈၃၂၀ ဦးရှိပြီး မဲရုံ ၆၁ ရုံရှိကြောင်း၊ ဇူလိုင် ၁၆ ရက်မှ စတင်ပြီးပုံစံ(၃)-(၃၉၁)ဦး၊ ပုံစံ (၄)-(၂၃၉)ဦး၊ ပုံစံ(၄-က)-(၁၆၆၄)ဦး ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဦးရယ်က ပြောသည်။

**လွိုင်ကော်ခရိုင်(ပြန်/ဆက်)**


Hnwe Taunggyi Business Group Co.,Ltd.

**သုခဝတီနွယ်** ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး

Hot Line - 01-200952

(၁၂) ရက်ခရီး ကျသင့်ငွေကျပ် (၁၀) သိန်း အစား (၈.၂) သိန်း

(၁၅) ရက်ခရီး ကျသင့်ငွေကျပ် (၁၀) သိန်း အစား (၉.၂) သိန်း

ဘုရားဖူးများ ဈေးနှုန်းချိုသာပြီး ဘုရားရုံ/နေရာရုံ ဖူးနိုင်မည့် အထူးအခွင့်အရေးကြီးနှင့်

(၈)လပိုင်း/(၉)လပိုင်း စာရင်းပေးသွင်းသူများအတွက် အထူးဈေးနှုန်း

ဝန်ဆောင်မှုများ

- လေယာဉ်လက်မှတ် အသွား၊ အပြန်
- အိန္ဒိယ၊ နီပေါ ဗီဇာ အပြီးစီး
- ဂယာ နှင့် နယူးဒေလီ (ဟိုတယ်တည်း)
- ကျန်းမာရေးစောင့်ရှောက်မှု/ ဒိုးချဲ့အခမဲ့
- အိန္ဒိယနိုင်ငံတွင်မည့်သည့်အပိုကြေးမှပေးရန်မလို
- (၁၆) ဦး (၁) ဦး အခမဲ့

ရန်ကုန်(ရုံးချုပ်) - အမှတ်(၁၀၅)၊ ၁၂၃ လမ်း၊ သိမ်ဖြူကားမောင်းကွင်းရှေ့ ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁-၂၀၀၉၅၂ ၊ ၀၉-၅၂၁၁၄၀၂



### ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား DDP (ပေါင်းလောင်း) ဂိုဒေါင်အရောက် မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်။

Tender No.13/HPGE/15-16[RT HF SSB Transceiver (3)Sets, VHF Mobile Terminal(3)Sets, VHF Hand Set(25)Sets ဝယ်ယူခြင်း]

၂။ Tender No-13၏ တင်ဒါပိတ်ရက်မှာ ၁၈-၈-၂၀၁၅ရက် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း

ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၉၆ နှင့် ၄၁၀၅၃၈



ပိုင်ရှင်ကိုယ်တိုင် သင့်တော်သောဈေးနှုန်းဖြင့် ရောင်းမည်

ဗုဒ်ဓ–ညောင်ဦးမြို့၊ ညောင်ဦး–ကျောက်ပန်းတောင်း လမ်းမကြီးမှေးတင်၊

ရုံး၊ဘဏ်၊ ကျောင်း၊ ဆေးရုံ၊ ဓါတ်ဆီဆိုင်နှင့် မနီးမဝေး၌ ဂရမ်မြေကွက်၊

ဧရိယာ (၀.၃၃)ဧက၊ မိန်းလမ်းနှင့်ဘေးလမ်း နှစ်ဘက်ပေါက်၊

ဓါတ်ဆီဆိုင်၊ တွန်စုံဆိုင်၊ စားသောက်ဆိုင် ဖွင့်ရန် အလွန်သင့်တော်သည်။

ဆက်သွယ်ရန် – ၀၉ ၃၆၁၉၈၂၄၄၊ ၀၉ ၅၀၆ ၅၀၃၇



### Compass Co.Ltd.

အမှတ်(၄၆၈)၊ အောက်ကြည့်မြင်တိုင်လမ်းမကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။

Ph : 01-2301321

Branded Fashion ပစ္စည်းများကိုနိုင်ငံတဝှမ်းဖြန့်ချိရန်အတွက် စိတ်အားထက်သန်စွာတာဝန်ယူဆောင်ရွက်နိုင်သောဝန်ထမ်းကောင်းများအလိုရှိသည်။

1. **Accountant** မ (၂)ဦး
   စာရင်းပိုင်းဆိုင်ရာဘွဲ့ရပြီး၊ အသက် (၃၅)နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိသူ၊
2. **Sales Representative** ကျား (၅)ဦး
   ဘွဲ့ရ၊ အသက် (၃၅) နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံ (၂)နှစ်ရှိသူ၊
3. **Salesman** ကျား (၅)ဦး
   ဘွဲ့ရ၊ အသက် (၂၈)နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိသူ
4. **Graphic Designer** ကျား (၁)ဦး
   ဘွဲ့ကြို၊ ဘွဲ့ရ၊ အသက်(၃၅)နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံ (၃)နှစ်ရှိပြီး Photoshop, Illustratorကောင်းစွာအသုံးပြုနိုင်ပြီး Design ပိုင်းဆိုင်ရာ Creation Skillကောင်းရမည်၊ အရည်အချင်းပေါ်မူတည်၍ လစာညှိနိုင်းပေးမည်၊
5. **Driver** ကျား (၂)ဦး
   ၁၀တန်းအဆင့်၊ အသက်(၃၀)နှစ်နှင့် (၅၅)နှစ်ကြား၊ ယာဉ်မောင်းအတွေ့အကြုံ(၅)နှစ်ရှိသူ၊

စိတ်ပါဝင်စားသူများ၊ ဓါတ်ပုံ (၁)ပုံနှင့်အတူ (၇)ရက်အတွင်းလူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။



### ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

Meridian Residence တွင် တာဝန်ထမ်းဆောင်ရန် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

၁။ Front Desk Manager ကျား/မ(၁)ဦး
Any Graduate
လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။

၂။ Receptionist ကျား/မ(၂)ဦး
Any Graduate
အမှတ်စဉ် ၁၊၂ အတွက် Cumputer ကျွမ်းကျင်စွာ အသုံးပြုနိုင်ရမည်။ အင်္ဂလိပ်လို အသင့်အတင့် ပြောနိုင်ရမည်။

၃။ House Keeping Supervisor ကျား/မ(၁)ဦး
Any Graduate

၄။ House Keeping ကျား/မ(၄)ဦး

လျှောက်ထားလိုသူများသည် အမျိုးသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းဆိုင်ရာမိတ္တူ၊ လိုင်စင်ဓါတ်ပုံ (၁)ပုံ၊ သက်ဆိုင်ရာ ရဲစခန်း ထောက်ခံစာယူဆောင်၍ ကြော်ငြာပါသည့်နေ့မှစ၍ နှစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

မင်းထွန်းထရေးဒင်း ကုမ္ပဏီလီမိတက်

အမှတ်(၂၂)၊ကမ်းနားလမ်း၊River View Garden Housing၊အလုံမြို့နယ်။

# ဒိုက်ဦးမြို့နယ်၌ မိုးစပါးပုလဲသွယ် (GAP)စနစ်ဖြင့် စိုက်ပျိုးပွဲကျင်းပ

**ဒိုက်ဦး ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သပြေတန်းကျေးရွာအုပ်စု ကွင်းမြောင်ကြီးကျေးရွာ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် ၆၆ ကားလမ်းဘေးရှိ ၁၀ဧက စံပြစိုက်ခင်း၌ မိုးစပါးပုလဲသွယ် သိပ္ပံနည်းကျ စိုက်စနစ် (GAP) ဖြင့် စိုက်ပျိုးပွဲကို ဇူလိုင် ၂၇ ရက်က ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်၊ ခရိုင်စိုက်ပျိုးရေး ဦးစီးမှူး ဦးလေးမြင့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးသောင်းကြိုင်နှင့်ဝန်ထမ်းများ၊ စက်မှုလယ်ယာဦးစီးအရာရှိ ဦးသိန်းဝင်း၊ဆည်/မြောင်းဦးစီးအရာရှိ ဦးဇော်မျိုးနှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ကျေးရွာမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊တောင်သူလယ်သမားများနှင့်စိုက်ပျိုးရေးစိတ်ဝင်စားသူများ တက်ရောက်ကြပါသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူးနှင့်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူးတို့မှ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်အကြောင်းကို ပြောကြားသည်။ ထို့နောက် မြို့နယ်စက်မှု လယ်ယာဦးစီးအရာရှိက စက်မှုလယ်ယာမြေဖော်ထုတ်ခြင်းနှင့်ဆည်/မြောင်းဦးစီးအရာရှိက ရေသွင်းရေထုတ်ခြင်း နှင့် ရေပေးဝေမှုအခြေအနေကို အသေးစိတ်ရှင်းလင်းတင်ပြပြီး မိုးစပါးပုလဲသွယ် (GAP) ဖြင့်စိုက်ပျိုးပြသကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**

# စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး အတွက် ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၈/၂၀၁၅) အေးသာယာစက်မှုဇုန်တွင် ကျင်းပ

**တောင်ကြီး ဇူလိုင် ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်ရှိ အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၉ ရက် မွန်းလွဲ ၂ နာရီက စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၈/၂၀၁၅)နှင့် ကျေးလက်ဒေသအခြေခံ လျှပ်စစ်ကျွမ်းကျင်မှုရွေ့လျားသင်တန်းဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီး(အေးသာယာ) စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

တောင်ကြီး(အေးသာယာ)စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးနိုင်ဝင်းက မိမိတို့စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားကြရန်နှင့် လက်ရှိဒေသစက်မှုလက်မှုများ တည်တံ့စေရန်ရည်ရွယ်၍ ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားခဲ့သည်။

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးကျော်ဇေယျက သင်တန်းဖွင့်လှစ်မည့်ရည်ရွယ်ချက်၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံစက်မှု လုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်ပေးကြရန်နှင့် စက်မှုဇုန်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံစက်မှုပိုင်ရှင်များနှင့် လုပ်ငန်းရှင်များပါဝင်ပြီး ဆောင်ရွက်ပေးကြရန်အသေးစိတ်ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ယင်းနောက် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးသို့တက်ရောက်လာကြသူများက စက်မှုဇုန်အတွက်မီးလင်းရေးနှင့် အေးသာယာမြို့ တစ်မြို့လုံးမီးလင်းရေးကို ပြည်သူများနှင့်အတူပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်၊ စက်မှုဇုန်ကော်မတီဝင်များကလည်း ကြိုးစားပမ်းစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ပြည်နယ်မီးသတ်ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူက စက်မှုဇုန်အတွက် မီးသတ်စခန်းဖွင့်လှစ်ပေးရန်အတွက် မြေနေရာရရေးကို တင်ပြဆွေးနွေးခဲ့ကြောင်းသိရသည်။

**စိုင်းသန်းကျော် (တောင်ကြီး)**

# ဒေသခံနှစ်သောင်းကျော်ကို ဆေးကုသမှုပေးနိုင်မည့် သရက်ပင်တိုက်နယ် ဆေးရုံသစ် ဖွင့်လှစ်

**ကနီ ဇူလိုင် ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ချိုင်ကျေးရွာအုပ်စု သရက်ပင်ကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသစ်ကို ဇူလိုင် ၂၉ ရက်က ဖွင့်လှစ်ရာ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကြည်နိုင်၊ ကနီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျန်ထွန်း၊ တိုက်နယ်ဆေးရုံအလှူရှင် ဦးသန့်ဇော်ထွန်း၊ ဗိုလ်မှူးကြီးကျော်လွင်ထူးနှင့် ဇနီး ဒေါ်သက်သက်မော်တို့က တိုက်နယ်ဆေးရုံမုခ်ဦးအားဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ပြည်သူ့လွှတ်တော် အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သီရိပျံချီ သူရဦးအေးမြင့်က တိုက်နယ်ဆေးရုံကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီ ၁၆ ခုတင်ဆံ့ သရက်ပင် တိုက်နယ်ဆေးရုံဟာ ချင်းတွင်းမြစ် နံဘေးနဲ့ ကနီ-ချောင်းမ-မုံရွာ ကားလမ်းမကြီးမှလည်း ဝင်ထွက်သွားလာနိုင်တဲ့အပြင် ရေလမ်းရော၊ ကုန်းလမ်းပါ သွားလာနိုင်ပါတယ်။ ကနီမြို့နယ် တောင်ဘက်ခြမ်းတွင် အချက်အချာကျတဲ့ နေရာဖြစ်ပါတယ်။ ကျွန်တော်တို့ကျေးရွာနဲ့ ကျေးရွာအုပ်စု ရှစ်အုပ်စုမှ ကျေးရွာပေါင်း ၃၅ ရွာနဲ့ ဘုတလင်မြို့နယ်အတွင်းက ကျေးရွာ ခုနစ်ရွာမှ ဒေသခံပြည်သူ စုစုပေါင်း နှစ်သောင်းကျော်၊ သုံးသောင်းတို့ကို ကျန်းမာရေးစောင့်ရှောက်ကုသပေးနိုင်တော့မှာဖြစ်ပါတယ်။ အရင်ကဆို ကျွန်တော်တို့ ကျေးရွာအုပ်စုနဲ့ အခြားကျေးရွာများက ပြည်သူတွေ ကျန်းမာရေးမကောင်းရင် ကနီမြို့ ပြည်သူ့ဆေးရုံကြီးကို ခက်ခဲစွာသွားလာရပါတယ်။ အခုဆို ကျွန်တော်တို့ကျေးရွာမှာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံကြီး ဖွင့်လှစ်ပေးတော့ ကျွန်တော်တို့ ကျေးရွာပြည်သူများနဲ့ အခြားကျေးရွာများမှ ပြည်သူများပါ နီးနီးနားနား ဆေးကုသနိုင်တော့မှာမို့ ဝမ်းသာပီတိဖြစ်ရပါတယ်" ဟု သရက်ပင်ကျေးရွာမှ ဦးထွန်းဝေက ပြောသည်။

အဆိုပါ သရက်ပင်ကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံကို မြေဧက ၄ ဒသမ ၅၂ ဧကပေါ်တွင် အလျားပေ ၁၃၄ ပေ၊ အနံ ပေ ၁၀၀ နှင့် အမြင့် ၁၆ ပေရှိ RC ကွန်ကရစ် အဆောက်အအုံ အမျိုးအစားဖြစ်ပြီး ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်မှ စတင်ဆောက်လုပ်ခဲ့သည်။ ပင်မဆောင်တွင် ၁၆ ခုတင်ဆံ့ အမျိုးသား၊ အမျိုးသမီး လူနာကုသဆောင်၊ ဆရာဝန်နားနေခန်း၊ ဆရာမများနားနေခန်း၊ ပြင်ပလူနာခန်း၊ အစည်းအဝေးခန်းမ၊ မှတ်တမ်းရုံး၊ သားဖွားပြီးနားနေဆောင်၊ ခွဲစိတ်ခွဲခန်း၊ သားဖွားဆောင်၊ သံဃာဆောင်၊ ဆေးစတို၊ ပစ္စည်းစတိုနှင့် ခွဲစိတ်ဆောင် အလျားပေ ၄၀၊ အနံ ပေ ၄၀ ရှိသော RC ကွန်ကရစ်အမျိုးအစား ဆောက်လုပ်ထားသည်။

ယင်း ၁၆ ခုတင်ဆံ့ သရက်ပင်တိုက်နယ်ဆေးရုံကို ဦးသန်းဇော်ထွန်း ဇနီး ဒေါ်မျိုးမျိုး၊ သား မောင်အောင်ဘုန်းမြတ်၊ မောင်အောင်သီဟကျော် (APM ဆောက်လုပ်ရေးကုမ္ပဏီ) မိသားစုတို့က မြေနေရာနှင့် အဆောက်အအုံများကို တစ်ဦးတည်းအလှူရှင်အဖြစ် သိန်းငါးထောင်ကျော် အကုန်ကျခံ ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန်းဋ္ဌေးအောင်(ကနီ)**

**မုံလယ်ဝါတွင်းတရားစခန်းဖွင့်ပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ စာအောင်သံဃာဂုဏ်ပြုပူဇော်ပွဲ**

မိုးကုတ်-ဝိပဿနာပြန့်ပွားရေး၊ မုံလယ်တောရဓမ္မရိပ်သာ၊ အမှတ်(၁)တိုက်ခွဲ၊ (၁၀)မိုင်ကုန်း ပဲခူးမြို့တွင် ဝါတွင်းပထမပတ်(၇)ရက်စခန်းကို ကျေးဇူးတော်ရှင် အဂ္ဂမဟာရှင်မဟာကမ္မဋ္ဌာနာစရိယ မုံလယ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း (၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၈ရက်မှ ၁၄ရက်အထိ)၊ ၈-၈-၂၀၁၅ရက်မှ ၁၄-၈-၂၀၁၅ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသူ ယောဂီများသည် အိပ်ရာလိပ်၊ အခင်း၊ အဝတ်အစားအပြည့်အစုံ၊ မှတ်ပုံတင်မူရင်းနှင့် ယောဂီတဘက်တို့ ယူဆောင်လျက် ၇-၈-၂၀၁၅ရက် နံနက် (၇)နာရီထက်မစော၊ ညနေ(၄)နာရီထက် နောက်မကျဘဲ တရားစခန်းသို့ ရောက်ရှိရပါမည်။ ဒုလ္လဘရဟန်း၊ သာမဏေနှင့် ဒုလ္လဘသီလရှင်များလက်မခံပါ။

တရားစခန်း၏ ဆဋ္ဌမနေ့ဖြစ်သော ၁၃-၈-၂၀၁၅ရက်တွင် စုပေါင်း ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲကို ပူးတွဲ ကျင်းပမည်ဖြစ်ရာ ဓမ္မမိတ်ဆွေများအား ကြွရောက် ကြည်ညိုနိုင်ပါရန် အသိပေး အကြောင်းကြားအပ်ပါသည်။ အကြောင်းစုံသိရှိလိုပါက ဖုန်းနံပါတ် ၀၉-၈၆၅၀၉၄၇၊ ၀၉-၄၂၅၀၁၅၉၁၅၊ ၀၉၅၀၇၉၂၄၃၊ ၀၉၂၅၂၄၀၃၂၃၁သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စံရာအောင်မြေပဲနွယ်ကုန်းမဟာစည်ရိပ်သာ**
**အဋ္ဌမအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ**

ပဓာနနာယကပဲနွယ်ကုန်းဆရာတော် ဘဒ္ဒန္တစန္ဒာဝရ (မဟာကမ္မဋ္ဌာနာစရိယ)အမှူးပြုသောသံဃာတော်အရှင်သူမြတ်တို့အား အဋ္ဌမအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကို ၁၃၇၇-ခုနှစ်၊ဝါခေါင်လဆန်း(၁)ရက်(၁၆.၈.၂၀၁၅)တနင်္ဂနွေနေ့ မွန်းလွဲ ၂း၀၀ နာရီ အချိန်တွင်ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုကြပါရန်လေးစားစွာဖိတ်ကြားအပ်ပါသည်။

- ဝါဆိုသင်္ကန်းတစ်စုံလျှင် ၅၀၀၀ ကျပ်နှုန်းဖြင့်လှူဒါန်းနိုင်ပါသည်။
- နေ့ (၁း၀၀) နာရီ အချိန်မှစ၍ ပဓာနနာယကပဲနွယ်ကုန်းဆရာတော်ထံ အလှူရှင်များကိုယ်တိုင် ဝါဆိုသင်္ကန်းဆက်ကပ်နိုင်ရန် စီစဉ်ထားပါမည်။
- ဝါတွင်းဥပုသ်နေ့များတွင် နံနက် (၉း၀၀)နာရီ နှင့် နေ့(၂း၀၀)နာရီ အချိန်တို့၌ ပဓာနနာယကဆရာတော်မှတရားဒေသနာတော်များဟောကြားတော်မူပါမည်။

အကျိုးတော်ဆောင်အဖွဲ့

**ရေဦးမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့်နှစ်ပတ်လည်အစည်းအဝေး ဖိတ်ကြားခြင်း**

ရေဦးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါဆိုသင်္ကန်းကပ်လှူခြင်းနှင့် နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ရာ အသင်းသူ/အသင်းသားအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

ကျင်းပမည့်နေ့ရက် - ၁၃၇၇ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၉ရက်၊ ၉-၈-၂၀၁၅ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၀၀နာရီ
ကျင်းပမည့်နေရာ - မိုးညှင်းဝိပဿနာကျောင်းတိုက်
မှတ်ချက်။ ။ နံနက်စာဖြင့်ကျွေးမွေးဧည့်ခံပါမည်။

လှူဖွယ်ပစ္စည်းများနှင့် ငွေလှူဒါန်းလိုပါက-
ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)၀၉-၇၈၈၂၅၃၀၉၇၊ ဦးသန်းနွဲ့ ၀၁-၆၆၀၇၂၆၊ ဦးမြ ၀၉-၂၅၄၄၁၀၈၉၄၊ ဦးဇော်ဇော်ဖေ ၀၉-၉၇၁၃၃၉၃၉၀၊ ဦးမျိုးဇော် ၀၉-၅၁၂၇၀၄၇၊ ဦးမောင်ဝင်း ၀၉-၂၆၂၄၃၅၉၁၇တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(အမှုဆောင်အဖွဲ့)

သင်ကြားရေးသင်ထောက်ကူ လေ့ကျင့်ခန်းနှင့်အဖြေများ

Student's Review

ENGLISH Work Book (Grade 2 to Grade 11)
ဦးတင်ထွန်း (B.A- English)

MATHEMATICS Work Book (Grade 2 to Grade 11)
ဦးမြင့်သန်း(တွဲဖက်ပါမောက္ခ-ငြိမ်း) ဦးအောင်မျိုး (M.Sc-Maths.)

အထူးမတန်း Grade 9 English (၁၇)စုံ
၂၀၁၅ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် စစ်မေးခဲ့သော မေးခွန်းဟောင်းများကို အမှတ်ပေးစည်းမျဉ်းနှင့်အညီ ပြုစုထားပါသည်။ UTA (ရန်ကုန်တက္ကသိုလ်)

ပြည်လုံးကျွတ်ဖြန့်ချိရေး — ကောရီစံစာပေ၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၇၃၀၅၁၁၁၄၊ ၀၉ ၅၁ ၂၉၆၇၀၊ ၀၉ ၅၅၀၁၁၅၄
အမြို့မြို့အနယ်နယ်ရှိ ဆိုင်တိုင်းတွင်ဝယ်ယူရရှိနိုင်ပါသည်။

MOTHER'S LIGHT မိခင်ကိုး

ဝါရင့်ပါမောက္ခ ဆရာ၊ ဆရာမများ ကြီးကြပ်စီစဉ်သော

2015 ခုနှစ် GRADE 11 တက္ကသိုလ်ဝင်တန်း မေးခွန်းဟောင်းများနှင့်အဖြေများ [ဘာသာစုံ]

ပြည်တွင်းနှင့်နိုင်ငံခြား မေးခွန်း(၂)စုံ
မေးခွန်းအမှတ်စဉ်အလိုက် တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်ပေးစည်းမျဉ်းနှင့်အညီ ဖြေဆိုပေးထားသည်။

အထူးမတန်း ပထဝီဝင် ၄၅ မှတ်စိုး

စမ္မီဇ္ဈာန်
ကမ္ဘာ/မြန်မာ မြေပုံနှင့် ကွန်တိုရေးဆွဲ ဖြေဆိုနည်းများ

ဖြန့်ချိရေး... မိခင်ကိုးစာပေ
၂၄၇ (မြေညီ)၊ လမ်း ၃၀ (အထက်)၊ (ဗိုလ်ချုပ်လမ်းထိပ်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၉ ၇၃၁ ၃၀၉၆၈၊ ၀၉ ၅၀ ၆၃၄၅၁၊ ၀၉ ၇၃၂၀၅၇၂၆

ထွက်ပြီ

# စတုတ္ထအကြိမ်မြောက် ရှင်သာမဏေလောင်း (၁၀၈) ပါး အလှူတော်မင်္ဂလာ ကျင်းပ

**တောင်ကြီး ဇူလိုင် ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် တောင်ကြီးမြို့နယ် တောင်နီကျေးရွာ၌ စတုတ္ထအကြိမ်မြောက် ရှင်သာမဏေလောင်း (၁၀၈) ပါး အလှူတော်မင်္ဂလာရှင်ပြုပွဲကို ဇူလိုင် ၂၇ ရက် မွန်းတည့် ၁၂ နာရီက တောင်နီကျေးရွာ ညောင်ရုံကျောင်းတိုက်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှင်သာမဏေလောင်း (၁၀၈) ပါးကို ဆရာတော်၊ သံဃာတော်များက သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးခဲ့ပြီး အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့သည်။ အလှူ့ရှင်များဖြစ်သော ရှမ်းပြည်နယ် ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင် မိသားစုနှင့် အလှူ့ရှင်များက ဆရာတော်၊ သံဃာတော်အရှင်သူမြတ်ထံသို့ ဘုရားကန်တော့၍ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြသည်။ အလှူ့ရှင်များ၏ လှူဒါန်းထားသော လှူဖွယ်ဝတ္ထုအစုစုတို့ကို ဘုရားတပည့်ဒါယကာတစ်ဦးက ရိုသေစွာလျှောက်ထားခဲ့သည်။

ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်က ဆရာတော်၊ သံဃာတော်အရှင်သူမြတ်အပေါင်းတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ၊ ဆီ၊ ဆန်နှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်း၍လည်းကောင်း၊ အလှူ့ရှင်ပုဂ္ဂိုလ်များကလည်း လှူဖွယ်ပစ္စည်း၊ သင်္ကန်းနှင့် နဝကမ္မအလှူတော်ငွေများကို ပင့်သံဃာတော်များ၏ ကျောင်းကိုးကျောင်းသို့ ဆက်ကပ်လှူဒါန်းပေးခဲ့ကြသည်။

လှူဒါန်းမှုအစုစုတို့အတွက် ညောင်ရုံကျောင်းတိုက် ဆရာတော်အရှင်သူမြတ်က အနုမောဒနာတရားတော်ချီးမြှင့်ပြီး လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူတော်ငွေများအတွက် ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်မိသားစု၊ တောင်နီကျေးရွာအုပ်စု၊ ရွာသူရွာသားများ၊ ရှင်သာမဏေလောင်း (၁၀၈) ပါးတို့၏ မိဘပြည်သူများနှင့် ကျေးရွာရှိ အရပ်ဖက်အဖွဲ့အစည်းများနှင့်၊ တိုင်းရင်းသားပေါင်းစုံတို့မှ တရားတော်နာယူကြပြီး လှူဒါန်းမှုအစုစုတို့ကို နတ်လူသာဓုခေါ်ဆိုနိုင်ရန်အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ငွေးချို-ငွေးကုန်း-တောင်ဘက်ကြီးကျေးရွာများရှိ မြေသားနှင့် ကျောက်ချောလမ်းခင်းခြင်း ကြည့်ရှု

**နတ်မောက် ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ငွေးချို-ငွေးကုန်း-တောင်ဘက်ကြီးကျေးရွာများရှိ မြေသားလမ်းနှင့် ကျောက်ချောလမ်းပိုင်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မန်းရောဝတီကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၉ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဦးစီးအရာရှိ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ၊ မြို့နယ်ဆည်မြောင်းဦးစီးအရာရှိနှင့် မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ပြုလုပ်သော ငွေးချို-ငွေးကုန်း-တောင်ဘက်ကြီးကျေးရွာများရှိ မြေသားလမ်းနှင့် ကျောက်ချောလမ်းအရှည် ၁၂ မိုင်တွင် မြေသားလမ်းအရှည် ၈ မိုင်၊ လမ်းအကျယ် ၁၈ ပေနှင့် ကျောက်ချောလမ်းအရှည် ၄ မိုင်၊ လမ်းအကျယ် ၁၂ ပေရှိပြီး လမ်းကုန်ကျငွေကျပ်စုစုပေါင်း ၃၄၅ ဒသမ ၁၉၀ သန်း ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

**လှဝင်း(ပြန်/ဆက်)**

# ရွှေဝိုးတောင်းယာဉ်ငယ်လိုင်း မိုးနဲမြို့နယ်တွင် ဖွင့်လှစ်ပြေးဆွဲ

**မိုးနဲ ဇူလိုင် ၃၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်၌ ရွှေဝိုးတောင်းအမြန်ယာဉ်ငယ်လိုင်းဖွင့်ပွဲ အခမ်းအနားကို မိုးနဲ-လင်းခေးလမ်း လွိုင်မြေရပ်ကွက် ဦးရွှေအောင်ဘုရားအနီးတွင် ဇူလိုင် ၂၉ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါယာဉ်ငယ်လိုင်းသည် မိုးနဲမြို့မှ တောင်ကြီး၊ လားရှိုး၊ တာချီလိတ်၊ ကျိုင်းတုံနှင့် ဟိုမိန်းမြို့တို့သို့ ပြေးဆွဲသွားမည်ဖြစ်သောကြောင့် ခရီးသွားဒေသခံပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်တော့မည်ဖြစ်သည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**




**ကျွမ်းကျင်သူနာပြုအမြန်အလိုရှိသည်**
**ထိုက်တန်စွာ ချီးမြှင့်မည်**

အထက်တန်းသူနာပြု မ(၂)ဦး/ကျား(၂)ဦး
နယ်၌တာဝန်ထမ်းဆောင်နိုင်ရမည်။
နေ့-ည တာဝန်ထမ်းဆောင်နိုင်ရမည်။
အသက်(၃၀)နှစ် နှင့် (၄၀)နှစ်အတွင်း ဖြစ်ရမည်။
ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၁-၈၆၀၃၅၀၁၊ ၀၁-၅၄၆၁၀၀၊
၀၁-၅၅၆၇၅၄၊ ၀၉-၄၂၀၀၆၄၉၄၈

**“ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်”**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်း၊ (၁၀၆)မိုင်နေ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးနေမျိုး[၁၂/တမန(နိုင်)၀၁၁၇၁၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည်။




မှတ်ပုံတင်အမှတ် (၉၅၉၆/၂၀၁၅)

အထက်တွင် ကပ်နိုပ်ဖော်ပြထားသော “Royal Mountain” ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၉၅၉၆/၂၀၁၅)ဖြင့် မှတ်ပုံတင်သွင်းကြေညာထားပြီး ၎င်းအမှတ်တံဆိပ်ဖြင့် သောက်ရေသန့်လုပ်ငန်းကို ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်လက်မှတ်အမှတ်(စ၁/၁၅၇၈၅/ထလ)အရ သောက်ရေသန့်ဘူးများကို အရွယ်အစားအမျိုးမျိုးတို့ဖြင့် မိမိတစ်ဦးတည်းမူပိုင်အဖြစ် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် လက်လီလက်ကား ထုတ်လုပ်ဖြန့်ဖြူးနေပါသည်။

သို့ပါ၍ ၎င်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပပြုလုပ်သုံးစွဲ၍ ထုတ်လုပ်၊ ဖြန့်ဖြူးရောင်းချခြင်း၊ မပြုလုပ်ကြပါရန်နှင့် တုပပြုလုပ်သုံးစွဲခြင်းကို တွေ့ရှိရပါက ကျွန်ုပ်၏မိတ်ဆွေ၏ လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုအတွက် တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြူဖြူသက် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၁၂၃)**
**တိုက်(၉/၁၁)၊ အခန်း(၂၀၁-C)(ဒု-ထပ်)၊ ၃၆-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၅၄၀၀၂၇၉**

**ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**မီးစက်၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များဝယ်ယူရန်**
**တင်ဒါခေါ်ယူခြင်း**

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်လျက်ရှိသည့် အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(က) 300 KVA Generator - ၁ လုံး
(ခ) 200 KVA Generator - ၁ လုံး
(ဂ) Mail Box မော်တော်ယာဉ် - ၂ စီး
(ဃ) Single Cub မော်တော်ယာဉ် - ၂ စီး
(င) Motorcycle - ၁၈ စီး

၂။ တင်ဒါပုံစံများကို ၂၉-၇-၂၀၁၅ ရက်မှ ၂၁-၈-၂၀၁၅ ရက်ထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၁-၈-၂၀၁၅ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြား ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေး သွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစား မည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ | တင်ဒါတင်သွင်းရန်လိပ်စာ |
| --- | --- |
| သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း | ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေး |
| ပြန်ကြားရေးဝန်ကြီးဌာန | နှင့် ထုခွဲရောင်းချရေးကော်မတီ |
| ရုံးအမှတ်(၇)၊ နေပြည်တော် | ပြန်ကြားရေးဝန်ကြီးဌာန |
| ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈ | ဖုန်း-၀၆၇-၄၁၂၃၉၀ |

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့၏ မြောက်ဘက် (၁၂) မိုင်ခန့်အကွာ၊ ရွှေလီ (၃) ရေအားလျှပ်စစ်စီမံကိန်း၏ 33 kv & 0.4 kv Line and Substation in EPC/ Turnkey Basis for Construction Power တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံအရောင်းပိတ်ရက် - ၁၄-၈-၂၀၁၅ ရက်၊ ၁၂း၀၀ နာရီ
တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက်- ၂၇-၈-၂၀၁၅ ရက်၊ ၁၃း၀၀ နာရီ

၃။ Technical အောင်မြင်သည့် လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၉ ၂၅၀၃၄၅၃၄၉၊ ၀၉ ၄၉၃၂၂၇၈၄၊ ၀၉ ၄၅၀၅၁၉၂၄၈၊ ၀၉ ၄၂၀၇၀၂၉၉၁**

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

ကြော်ငြာ


# IT COMPUTER TRAINING CENTER အိုင်တီ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ သင်တန်း

ENGLISH Language | AutoCAD - 3ds Max | VIDEO EDITING | Computer Basic | LCCI I-II

MOBILE PHONE Software + Hardware | DESKTOP PUBLISHING | Service Technician | GRAPHIC DESIGN

HOT LINE - 0949290778, 395353, 253293 10% OFF



စိန်နန်းတော် Diamonds & Fine Jewelry

မိုးရာသီအထူး Promotion (1st - 16th August 2015)

5% - 30% off

ဗလာမပါချက်ချင်းပေါက်ချက်ချင်းယူကံစမ်းမဲ

ပုလဲကြိုး၊ ပုလဲဟန်းချိန်း၊ ပုလဲနားကပ်၊ 24K အခေါက်ရွှေညှိစိမ်

The Golden Rose ရွှေနှင်းဆီပွင့်များ

နှင့် အခြားအဖိုးတန်ဆုမဲပေါင်းများစွာ

Junction Square Shopping Center | Ocean Supercentre



အောင်ဆုလင်း

ကျော်ကြားလင်း | နေထိုးသက်မှုန်ပြင်

ကုန်-သမူတ၊ သွင်၊ မင်္ဂလာ(၁)သိမ်ကြီးဈေး၊ မင်္ဂလာစံပြ(ဘုန်းကြီးလမ်း)၊ Top Royal(စိန်ဂေဟာ-ပါရမီ)၊ Junction Cineplex(Square& Maw Tin)၊ မန္တလေး-ဝင်းလိုက်၊ မြို့မ၊ ...-မင်္ဂလာတွန်းသီရိ၊ တောင်ကြီး-မြသုခ၊ လားရှိုး-သိတာအေး၊ အောင်သီရိ၊ ပြင်ဦးလွင်-Movie Planet၊ ပုသိမ်-ရွှေပြည်တော်၊ ဘားအံ-တက်နေဝင်း၊ မြိတ်-မင်္ဂလာ

P.E.S. English Speaking T. Kate

(၄-လ)အတွင်း ကျွမ်းကျင်စွာပြောနိုင်ရမည်။

Ph: 503984 / 516503 / 09 258814935 / 09 73140326

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

လှည်းကူးမြို့ပေါ်ရပ်ကွက်၊ ပဲခူး-ရန်ကုန်လမ်းမကြီးအနီး ဂုတ်ကွက်၊ (G)ဥယျာဉ်မြေကျပြီး၊ လမ်းဆုံကားဂိတ်အနီး၊ ကျောင်း၊ ဆေးရုံ၊ ဈေးနီး၍ကား(ဝင်/ထွက်)ကောင်း၊ ရေပါ/မီးရှိ

(40' × 60')၊ ၈၀ သိန်း၊ ၁၆၀ သိန်း၊ ၂၀၀ သိန်း

Ph-09 448012251, 09 252278945, 09 421161198

ENGLISH Conversation Practice

Sayar.Yang

Great Wall

TAMWE - 540714, 09 5183636, 09 49 285182

အမည်ပြောင်း မြစ်ကြီးနားမြို့ အထက(၃) သတ္တမတန်း(B)မှ (ဘ)ဦးသက်အောင်သူ၏ သမီး မပွန်းမြတ်သူအား မရွှင်းသီရိဟု ပြောင်းလဲခေါ်ပါရန်။



PUN HLAING SILOAM HOSPITALS

ပန်းလှိုင်စီလုံဆေးရုံကျန်းမာရေးစစ်ဆေးခြင်းစင်တာ၏အထူးစီအစဉ်များ

'ကျန်းမာပျော်ရွှင်တဲ့မိသားစုဘဝကိုပိုင်ဆိုင်ဖို့ ပုံမှန်ကျန်းမာရေးစစ်ဆေးကြပါစို့'

- အခြေခံကျန်းမာရေးစစ်ဆေးပေးခြင်း
- အသက်အရွယ်အပိုင်းအခြားအလိုက်အမျိုးသား/အမျိုးသမီးများကျန်းမာရေးစစ်ဆေးပေးခြင်း
- လက်ထပ်တော့မည့်ဇနီးမောင်နှံများအတွက်ကျန်းမာရေးစစ်ဆေးပေးခြင်း
- အမျိုးသမီးများရင်သားနှင့်ပတ်သက်၍စစ်ဆေးပေးခြင်း
- အမျိုးသမီးများသားအိမ်ခေါင်းနှင့်ပတ်သက်၍စစ်ဆေးပေးခြင်း
- အမျိုးသမီးများအတွက် ကင်ဆာရောဂါနှင့်ပတ်သက်၍ အထူးစစ်ဆေးပေးခြင်း
- နိုင်ငံခြားသွားမည့်သူများအတွက်ကျန်းမာရေးစစ်ဆေးပေးခြင်း
- ကုမ္ပဏီများအတွက် အလုပ်ခွင်ဝင်မီ နှင့် ဝန်ထမ်းများအားနှစ်စဉ်ကျန်းမာရေးစစ်ဆေးပေးခြင်း

Care with Compassion

facebook Pun Hlaing Siloam Hospitals

CALL US - 01 68 44 33 ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများအတွက် Appointment ယူရန်လိုအပ်ပါသည်။ Email : bdd.phsh@spa-mm.com

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့် အမျှ လိုအပ်သော
အသက်မွေးဝမ်းကျောင်းပညာ (Vocational) ကျွမ်းကျင်သူများလေ့ကျင့်သင်ကြားနိုင်ရန်



MCC Polytechnic
(MCC.p)
များဖွင့်လှစ်လိုက်ပါပြီ

အင်္ဂလန်နိုင်ငံတက္ကသိုလ်များမှ ချိတ်ဆက်မည့်

MCC Institute
- B.Sc (Computing)
- B.Sc (Engineering)
- B.B.A

edexcel Approved Centre
BTEC Approved Centre

MCC Polytechnic
Level (4) & Level (5)
Higher National Diploma (HND)
- အင်ဂျင်နီယာ ဒီပလိုမာ
(Civil, Mechanical, Electrical)
- ကွန်ပျူတာ ဒီပလိုမာ
- စီးပွားရေး ဒီပလိုမာ

- MCC Polytechnic (Yangon) - 01-245762, 01-249152, 01-395512
- MCC Polytechnic (Mandalay) - 09-402671562,09-91034062, 011-202113, 02-77930
- MCC Polytechnic (Naypyitaw) - 09-31354842, 09-254148940
- MCC Polytechnic (Yatanarpon) - 02-5178112, 02-5178132

အနယ်နယ်အရပ်ရပ်မှ ကျောင်းသား/ကျောင်းသူများအတွက် သီးသန့်ဖွင့်လှစ်ပေးထားပြီး ကျားမ ဘော်ဒါအဆောင်များရှိပါသည်။

Hot-Line: 01-246634, 01-2304156
www.facebook.com/mcc.institute

August Intake







ပါရမီပရမတ္ထကျောင်းတိုက်၊ သုခမိန်လမ်းမကြီး၊ ဂဏ-၁၄ ရပ်ကွက်၊ ရွှေပြည်သာမြို့၊ ရန်ကုန်။
ကျောင်းထိုင်ဆရာတော် ဖုန်း-၀၉၄၃၀၉၁၇၆၉၊ အကျိုးတော်ဆောင်အဖွဲ့ ဖုန်း-၀၉၂၅၀၅၂၀၉၆၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

AD Car Rental 01-394711 09-253991233
မြို့တွင်းမြို့ပြင် ကားငှားဝန်ဆောင်မှုလုပ်ငန်း
ကားအသုံးပြုလိုသောပုံစံအတိုင်းကျွမ်းကျင်သော ယာဉ်မောင်းများဖြင့်ဝန်ဆောင်မှုပေးနေပါသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။

သွေးသည် အသက်

အင်းလေးချစ်သူ (Travels & Tours)
အဆင့်မြင့်ဘုရားဖူးခရီးသွားလုပ်ငန်း
✡ အင်းလေးချစ်သူ၏ရာသီထစ်ခရီးစဉ်များ

| | | |
|---|---|---|
| ▲ ပုဂံ၊ စွယ်တော်လေးဆူ၊ ပခုက္ကူ | (Hotel - 1N) (Aug -7 / Sep-11) | 85,000/- |
| ▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်စမ်း | (Hotel - 1N) (Aug -14 / Sep-18) | 85,000/- |
| ▲ မန္တလေး၊ ပြင်ဦးလွင် | (Hotel - 1N) (Aug -21 ) | 85,000/- |

Ph : 09-979252020 , 09-979252121 , 09-979252424 , 09-421030814

## ဦးရာလူရောင်းမည်

(မိတ္ထီလာစက်မှုဇုန်-စီးပွားရေးတက္ကသိုလ်ရှေ့) (၂-လမ်း) အမှတ် 9F 100 ပတ်လည် 8ကွက်တွဲ အောထောင့် (၂)ဧက အဆောက်အအုံပါ၊ ရေ/မီးစုံ (နှစ် ၃၀ ဂရန်)(သိန်းတစ်ထောင့်ရှစ်ရာတိတိ) အမြန်ရောင်းမည်။
Ph: 09-5133119, 09-785133119, 09-5503598

ပြည်သူ့အတွက်
SKY NET

သက်တမ်းတိုးကြိုတင်ငွေဖြည့်ကတ်များကို
၂၀၁၅ ခုနှစ် ဩဂုတ်လ (၁)ရက်နေ့မှ
စတင်ရောင်းချပေးနေပါပြီ




နီးစပ်ရာ အရောင်းဆိုင်များတွင် မူရင်းဈေးနှုန်းအတိုင်း ဝယ်ယူ အားပေးနိုင်ပါသည်

HOTLINE-01-9010220-9010221-9010222-9010223-9010224

NOBLE MINGALAR HOTEL
H7 Group of Hotels & Resorts
မန္တလေးမြို့ တွင်မကြာမီ ဖွင့်လှစ်တော့မည့်
NOBLE MINGALAR HOTELအား
လူကြီးမင်းများအတွက် ပတ်ဝန်းကျင်အသစ် ၊ကျယ်ဝန်းလှပသောအခန်း၊ သပ်ရပ်သန့်ရှင်းသော ရေကူးကန်၊ အစည်းအဝေးခန်းမများ၊ မင်္ဂလာဆောင်ခန်းမ အားကစားခန်းမ၊ စနစ်ကျသောဝန်ဆောင်မှု၊ အံ့အားသင့်စေသော Complimentary Buffet Dinner & Breakfast ၊
သင့်တင့်သောနှုန်းထား၊ ခမ်းနားထည်ဝါမှုများစွာဖြင့် ဖွင့်လှစ်ရန် စီစဉ်ထားပြီ ဖြစ်ပါကြောင်း
H7 Group of Hotels & Resorts ၏ ပြည်တွင်းပြည်ပ ဧည့်သည်တော်ကြီးများနှင့် မန္တလေးမြို့ရှိ
ဂုဏ်သရေရှိ လူကြီးမင်းများ လာရောက်တည်းခိုနိုင်ပါရန် အသိပေးအပ်ပါသည်။
Reservation & contact phone -95 2-2000145,95 2-2000146,95 2-2000147, 95 9-785343355,95 9-970343355,95-11201656
Corner of 73 St & Ngu Shwe Wah St,Chan Mya Thar Zi Township. Mandalay Myanmar.
